ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်၊ တနင်္လာနေ့၊ (7-12-2015) (၈၄၀၇)

## မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တသုတ်-၄၄၃။)

# မြန်မာနိုင်ငံ၏ ဟိုတယ်နှင့် စီးပွားရေးအဆောက်အအုံပိုင်းဆိုင်ရာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် စင်ကာပူနှင့် ဗီယက်နမ်နိုင်ငံတို့က အများဆုံး လာရောက်ရင်းနှီးမြှုပ်နှံထား

**ရန်ကုန် ဒီဇင်ဘာ ၆**

မြန်မာနိုင်ငံ၏ ဟိုတယ်နှင့် စီးပွားရေး အဆောက်အအုံပိုင်းဆိုင်ရာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ဒေသတွင်း ခရီးသွားအပြိုင်အဆိုင် ဆွဲဆောင်ရာ နိုင်ငံများဖြစ်သည့် စင်ကာပူနှင့် ဗီယက်နမ်နိုင်ငံတို့က အများဆုံး လာရောက် ရင်းနှီးမြှုပ်နှံထားကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ တရားဝင်ထုတ်ပြန်ခဲ့သည့်စာရင်းများအရ သိရသည်။

လက်ရှိ အစိုးရသစ်မတိုင်မီက ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးမှုနည်းပါးခဲ့ပြီး ငါးနှစ်တာ ကာလအတွင်းတွင် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဟိုတယ်လုပ်ငန်းများ ပြန်လည်အကောင်အထည်ဖော်ရေးကို ပံ့ပိုးဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ် နိုဝင်ဘာလအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်စီမံကိန်း ၄၇ ခုနှင့် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၆၄၁ ဒသမ ၃၀၀ သန်းအထိရှိခဲ့ပြီး နိုင်ငံအလိုက် ရင်းနှီးမြှုပ်နှံမှုများတွင် ဒေသတွင်းအာဆီယံနိုင်ငံများဖြစ်သော စင်ကာပူနိုင်ငံမှ

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖**



**ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်ကို တွေ့ရစဉ်။** (ဓာတ်ပုံ-ဆုနှင်းလဲ့)



**စည်းကမ်းမဲ့ယာဉ်များအား အွန်လိုင်းမှ ဗိုက်ဘာဖြင့် ပြည်သူများ တိုင်ကြားမှုမြင့်တက်**

စာမျက်နှာ - ၅

# ခါကာဘိုရာဇီတောင်ထိပ်သို့ မြန်မာနိုင်ငံသား ဓာတ်ပုံဆရာတစ်ဦး တက်ရောက်မည်

မြန်မာနိုင်ငံနှင့် အရှေ့တောင်အာရှတွင် အမြင့်ဆုံးတောင်ဖြစ်သော ခါကာဘိုရာဇီရေခဲတောင်သည် ပင်လယ်ရေမျက်နှာပြင်အထက် ၅၈၈၁ မီတာ (အမြင့်ပေ ၁၉၂၉၆)ပေမြင့်ပြီး ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်မြို့နယ် ပန်းနန်ဒင်မြို့နယ်ခွဲတွင်တည်ရှိသည်။ အဆိုပါရေခဲတောင်သို့ လာမည့် ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် မြန်မာနိုင်ငံသား ဓာတ်ပုံဆရာတစ်ဦးက ဒေသခံများ၏ အကူအညီဖြင့် တက်ရောက်သွားမည်ဟု သိရသည်။ ထို့ကြောင့် ဓာတ်ပုံဆရာကိုကျော်သာနှင့်တွေ့ဆုံ၍ ခါကာဘိုရာဇီတောင်သို့တက်ရောက်ရန် ကြိုးစားဖြစ်ပုံနှင့် ကြိုတင်ပြင်ဆင်ထားမှု အခြေအနေများကို တွေ့ဆုံမေးမြန်းခဲ့သည်။

**မေး။ ခါကာဘိုရာဇီရေခဲတောင်ကို တက်ရောက်ချင်တဲ့ အစ်ကို့ရဲ့ ရည်ရွယ်ချက်ကို ပြောပြပေးပါ။**

ဖြေ။ ခါကာဘိုရာဇီရေခဲတောင်ကို တက်ဖို့ဆုံးဖြတ်ဖြစ်တာက ခါကာဘိုရာဇီတောင်ထိပ်ကို ရောက်ဖူးနေတဲ့ဒေသခံမုဆိုးတွေ ရှိနေတာရယ်။ ကျွန်တော့်အခြေအနေကလည်း သွားလို့ရတဲ့အခြေအနေ ဖြစ်နေတာရယ်ကြောင့်ပါ။ ပြီးတော့ ခါကာဘိုရာဇီက သတင်းဆိုးတွေနဲ့

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍**

**ရောင်နီသန်းလာပြီဖြစ်သော ရပ်ရွာလူထု အခြေပြု ခရီးသွားလုပ်ငန်း**

စာမျက်နှာ - ၆

**နည်းပညာတိုးတက်မှုနှင့်အတူ ပြောင်းလဲလာသည့် မီဒီယာကဏ္ဍ**

စာမျက်နှာ - ၁၁



ကြေးမုံစာတည်းရှုထောင့် ၇-၁၂-၂၀၁၅၊ တနင်္လာနေ့

# ငွေကြေးများတန်ဖိုးရှိပါစေ

ငွေကြေးဖောင်းပွမှုသည် လူနေမှုစရိတ်ကိုထိခိုက်စေသဖြင့် အရေးကြီးသည်။ ငွေတန်ဖိုးရှိလျှင် လူနေမှုဘဝအဆင်ပြေသည်။ ငွေတန်ဖိုးရှိသည်မှာ ရရှိထားသောဝင်ငွေနှင့် တန်ရာတန်ကြေးဝယ်ယူနိုင်ခြင်းဖြစ်သည်။ အကယ်၍ ဝယ်ယူလိုသောကုန်ပစ္စည်းသည် ရရှိထားသည့်ဝင်ငွေနှင့် မတန်တဆဈေးကြီးပေးဝယ်ယူနေရလျှင် ငွေကြေးဖောင်းပွနေသည်ဟု အကြမ်း ဖျဉ်းဆိုရမည်။

ငွေကြေးဖောင်းပွမှု အကြောင်းအမျိုးမျိုးရှိနိုင်သည်ဟု သိရသည်။ စီးပွားရေးတိုးတက်မှုနှုန်း မြင့်တက်ခြင်းသည် ငွေကြေးဖောင်းပွမှုဖြစ်လာစေသည့် အချက်တစ်ချက်ဖြစ်သည်ဟု အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှ နိုင်ငံတကာပညာရှင်များကပြောသည်။ စီးပွားရေးတိုးတက်မှုနှုန်း အလွန်မြင့်တက်လာလျှင်စီးပွားရေးတိုးတက်မှုအပူချိန်ပြင်းထန်မှုဖြစ်ပြီး ငွေကြေးဖောင်းပွမှု ပိုဖြစ်နိုင်သည်ဟုဆိုသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများတွင် စီးပွားရေးတိုးတက်မှုနှုန်း မြင့်တက်မှုနည်းပါးသွားသည်။ ထိုနိုင်ငံများတွင် ငွေကြေးဖောင်းပွမှုနည်းပါးသည်ကိုတွေ့ရသည်။ တစ်နည်းအားဖြင့် ငွေတန်ဖိုးရှိသည်ဟုလည်း ပြောနိုင်သည်။ ငွေကြေးနှင့်ဘဏ္ဍာရေးမူဝါဒများသုံးပြီး ငွေကြေးဖောင်းပွမှုအနည်းဆုံးရောက်အောင်ကြိုးစားထားသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းမြင့်မားခြင်းနှင့်အတူ ငွေကြေးဖောင်းပွမှုမြင့်တက်လာသည်။

ငွေကြေးဖောင်းပွမှုမြင့်တက်စေသော အခြားအချက်များမှာ ဘဏ်အကြွေးနှုန်းမြင့်တက်မှု၊ ဘတ်ဂျက်လိုငွေပြမှု၊ ဘတ်ဂျက်လိုငွေဖြည့်ဆည်းမှုစသည့် အချက်များရှိသည်ဟုသိရသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စီးပွားရေးလုပ်ငန်းများ အောင်မြင်စေရန်အတွက် လိုအပ်သောငွေအရင်းအနှီးကို ရနိုင်သည့်နည်းဖြင့် ဘဏ်များမှချေးယူရသည်။ ဘဏ်ချေးငွေကို အတိုးနှုန်းသက်သာစွာဖြင့် လွယ်လွယ်ရနိုင်လျှင် ပြဿနာမရှိသော်လည်း ဘဏ်ချေးငွေနှုန်း မြင့်မားနေလျှင် ငွေကြေးဖောင်းပွမှုနှုန်းမြင့်တက်စေသည့် အချက်တစ်ခုဖြစ်လာသည်ဟုဆိုထားသည်။

ဖွံ့ဖြိုးတိုးတက်မှုနှင့်တည်ငြိမ်မှုကို ငွေကြေးဖောင်းပွမှုက ထိခိုက်မှု ဖြစ်စေသည်။ ထို့ကြောင့် ချေးငွေအတိုးနှုန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဟန်ချက်ညီအောင်ထိန်းညှိဖို့လိုသည်။ ဘတ်ဂျက်လိုငွေသည် တိုးတက်ပြီး နိုင်ငံများတွင် ပိုများသလို ဖွံ့ဖြိုးဆဲနိုင်ငံများတွင်လည်း ရင်းနှီးမြှုပ်နှံမှုအတွက် ဘတ်ဂျက်လိုငွေရှိလာတတ်သည်။ သို့သော် အများပြည်သူအတွက် အကျိုးရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဖြစ်ဖို့လိုသည်။

ဘောဂဗေဒပြဿနာမှာ ဟန်ချက်ညီအောင်ညှိရခြင်းဖြစ်သည်။ ငွေအရင်းအနှီးလည်ပတ်စေလိုသဖြင့် ငွေကိုသုံးသည်။ စီးပွားရေးလုပ်ငန်းကို ကြီးပွားတိုးတက်စေလိုသဖြင့် ငွေကိုသုံးသည်။ အခြားတစ်ဖက်တွင် ငွေကိုအများအပြားလည်ပတ်ခြင်းကြောင့် ကုန်ထုတ်လုပ်မှုစရိတ်မြင့်တက်ကာ ကုန်ပစ္စည်းဈေးတင်ပြီး ငွေကြေးဖောင်းပွမှုနှုန်းမြင့်တက်မှု အတိုင်းအတာတစ်ရပ်အထိရှိလာသည်။

ငွေကြေး၏တစ်ခုတည်းသောရည်ရွယ်ချက်မှာ အလိုရှိသောပစ္စည်းကို ဝယ်ယူခွင့်ရရှိစေရန်ဖြစ်သည်။ သို့သော် ငွေကြေးဖောင်းပွစေသော ဖော်ပြပါအချက်များကို ထိန်းချုပ်နိုင်စွမ်းမရှိပါက ငွေတန်ဖိုးသည် လည်းကောင်း၊ ငွေ၏အသုံးဝင်မှုသည်လည်းကောင်း ကျဆင်းသွားသည်။ ဥပမာအားဖြင့် အိမ်ရာငှားရမ်းဝယ်ယူမှုတွင် ဆောက်လုပ်သူနှင့် ငှားရမ်းဝယ်ယူသူပါ အတိုးနှုန်းသက်သာစွာဖြင့် ဆောင်ရွက်နိုင်မှ ထိုလုပ်ငန်း၏ ရည်မှန်းချက် အောင်မြင်နိုင်သည်။ အကျိုးအမြတ်တစ်ခုတည်းသာကြည့်မည်ဆိုပါက ငွေကြေးဖောင်းပွပြီး ရည်မှန်းချက်သို့ရောက်မည်မဟုတ်ချေ။

လူအများစီးပွားရေးအခြေအနေကောင်းနေသောအခါ ဈေးမဆစ်ချင်ကြ။ တန်ရာတန်ကြေးမစဉ်းစားဘဲ ဝယ်ယူတတ်ကြသည်။ သို့သော် ငွေကြေးဖောင်းပွမှုက ဝယ်နိုင်အားတန်ဖိုးကို စားပစ်လိုက်သောအခါ အခြေအနေသည် တစ်မျိုးပြောင်းသွားသည်။ အမှန်တွင် မိမိလိုရာကို ဝယ်ယူနိုင်ခြင်းမဟုတ်ဘဲ မိမိငွေကိုဖြုန်းတီးပစ်ခြင်းနှင့်တူပြီး ငွေကြေးဖောင်းပွမှုကို အားပေးရာရောက်သည်။

ထို့ကြောင့် ငွေကြေးဖောင်းပွမှုဖြစ်နေလျှင် ဈေးသက်သာရာကိုဝယ်ပါ။ အကယ်၍ ဈေးဆစ်ချင်ပြီဆိုလျှင် အခြားဝယ်နိုင်သောနေရာမှ အမျိုးအစားတူနီးပါးကို ဈေးသက်သက်သာသာနှင့်ဝယ်လိုက်ပါဟု စီးပွားရေးပညာရှင်များက ငွေကြေးဖောင်းပွမှု သက်သာစေသောနည်းလမ်းကို အကြံပြုထားသည်။ ။

## ကျုံးအတွင်း ရေပန်းတပ်ဆင်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်

**မန္တလေး ဒီဇင်ဘာ ၆**

မြို့တော်နေပြည်သူလူထု စိတ်အပန်းဖြေမှုရရှိစေနိုင်ရန်နှင့် ကျုံးရေသန့်စင်မှုအား အထောက်အကူ ဖြစ်စေရန် ရည်ရွယ်၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ မန္တလေးမြို့ (၂၆)လမ်း၊ (၇၁)လမ်းနှင့် (၇၂) လမ်းကြားရှိကျုံးအတွင်းရေပြင်တွင် ရောင်စုံရေပန်းတပ်ဆင်ခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၃ ရက်တွင် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါရေပန်းတပ်ဆင်ခြင်းအတွက် ကနဦးလုပ်ငန်းများဖြစ်သည့် အင်ဂျင်နီယာတွက်ချက်တိုင်းတာခြင်းနှင့် ပိုင်ရိုက်ခြင်းလုပ်ငန်းများလုပ်ဆောင်နိုင်ရန်အတွက် အကြိုလုပ်ငန်းများကိုစတင်ဆောင်ရွက်နေပြီး ဒီဇင်ဘာလလယ်ပိုင်းလောက်တွင် လိုအပ်သည့်ပစ္စည်းများ တပ်ဆင်ကာလာမည့်နှစ်ပြည်ထောင်စုနေ့အမီ ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်းက ပြောသည်။

“ကျွန်တော်တို့မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက မြို့တော်နေပြည်သူများ ကျန်းမာပျော်ရွှင်စွာနေထိုင်နိုင်ဖို့အတွက် မန္တလေးမြို့ကြီးကို အစိမ်းရောင်မြို့တော်ကြီးအဖြစ်အဆင့်ဆင့်ပြုပြင်ပြောင်းလဲပေးလျက်ရှိပါတယ်။ အခုလည်းတစ်နေ့တာလုံးအလုပ်ပင်ပန်းနေသူတွေ ညပိုင်းမှာ ရောင်စုံရေပန်းအလှနဲ့ တီးလုံးသံစဉ်လေးတွေကို ခံစားရင်းစိတ်အပန်းပြေစေနိုင်ဖို့ စီစဉ်ပေးတာဖြစ်ပါတယ်”ဟု ၎င်းကပြောသည်။

ကျုံးအတွင်းတပ်ဆင်မည့်ရေပန်းသည် အလျား ၁၈၃ ပေ၊ ရေအမြင့်ပေ ၁၀၀ ရှိပြီး ရေပန်းအလှပြသခြင်းအား ကွန်ပျူတာစနစ်ဖြင့် ထိန်းချုပ်ထားသည့်ရေပန်းပုံစံ ခုနစ်မျိုးဖြင့် အလှည့်ကျပြောင်းလဲပြသသွားမည့်အပြင် ညပိုင်းတွင် ရောင်စုံပါဝင်သည့်ရေပန်းများအဖြစ် သီချင်းသံစဉ်တီးလုံးများနှင့်အတူ ပြောင်းလဲကပြသွားမည်ဖြစ်ပြီး ရေပန်းတပ်ဆင်ခြင်းအတွက် ငွေကျပ်သန်းပေါင်း ၃၃၅ သန်း ကုန်ကျမည်ဖြစ်ကြောင်းသိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**






## စံကွက်ရိတ်သိမ်းပွဲ ချောင်းဦးမြို့၌ ကျင်းပ

**ချောင်းဦး ဒီဇင်ဘာ ၆**

၂၀၁၅ ခုနှစ် မိုးစပါးစိုက်ရာသီတွင် စိုက်ပျိုးခဲ့သော စပါးများ ယခုအခါတွင် ရင့်မှည့်လာပြီဖြစ်ရာ စံပြကွက်များကို စတင်ရိတ်သိမ်းပြီးအထွက်နှုန်းများစမ်းသပ်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် သုံးပန်လှကျေးရွာ ကွင်းအမှတ်(၁၉၆၃) (က) ဦးပိုင်အမှတ် (၂၉၅) အတွင်းရှိ တောင်သူဦးကြည်ဆန်း၏ GW-1 ပုလဲသွယ်စပ်မျိုးစပါးစိုက်ခင်း စံကွက်ရိတ်သိမ်းပွဲကို ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့ကြောင်း သိရသည်။

“သိပ္ပံနည်းကျ စိုက်နည်းစနစ်နဲ့ အထွက်တိုးစပါးစိုက်တာ အထွက်နှုန်းကလည်း တင်းတစ်ရာအထက်မှာ ထွက်တဲ့အတွက် ကောင်းတယ်။ တခြားတောင်သူတွေလည်း အထွက်နှုန်းကောင်းတဲ့ စပါးမျိုးတွေကို သိပ္ပံနည်းကျ စိုက်နည်းစနစ်တွေနဲ့ စိုက်ပျိုးစေချင်တယ်။ လိုအပ်တဲ့ နည်းပညာတွေကို စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းတွေက အကူအညီတွေပေးကြတဲ့အတွက် အခက်အခဲမရှိပါဘူး။ အခုစပါးကိုလည်း မြစ်ရေတင်က ရရှိတဲ့ စိုက်ပျိုးရေနဲ့ ယာမြေကနေ လယ်မြေ ပြောင်းစိုက်တာပါ။ စုစုပေါင်း ၁၅ ဧက စိုက်တာပါ”ဟု တောင်သူဦးကြည်ဆန်းက ပြောသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ ချောင်းဦးမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှသိန်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ဒေသခံတောင်သူများ လာရောက်ကြည့်ရှု အားပေးခဲ့ကြောင်းနှင့် ချောင်းဦးမြို့နယ်အတွင်း ၂၀၁၅ ခုနှစ် မိုးစပါးစိုက်ရာသီတွင် တစ်မြို့နယ်လုံး၌ ဧက ၁၇၂၃၀ စိုက်ပျိုးကြပြီး GW-1 ပုလဲသွယ်စပ်မျိုးစပါး ၁၅၄ ဧက စိုက်ပျိုးခဲ့ရာ တစ်ဧကကို ပျမ်းမျှ ၁၄၂ ဒသမ ၅တင်း ထွက်ရှိကြောင်း စံပြကွက်ရိတ်သိမ်းမှု စစ်တမ်းအရ သိရသည်။

**ဖိုးချမ်း(မုံရွာ)**



## ယနေ့မိုးလေဝသအခြေအနေ

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ရှမ်း ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များလျော့နည်းနေမည်။

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ့၊ သီရိ

# မန္တလေးတွင် စည်းကမ်းမဲ့ကျူးကျော်နေမှုများ ရှင်းလင်းဆောင်ရွက်

**မန္တလေး ဒီဇင်ဘာ ၆**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အနေဖြင့် ကျူးကျော်အိမ်များကို ဖယ်ရှားရှင်းလင်းရာတွင် မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေ၊ အခန်း(၂၂)ပါ ပြဋ္ဌာန်းချက်များအတိုင်းကော်မတီပိုင်မြေနှင့် ကော်မတီက စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် မြေ၊ မြေကွက်လပ်များနှင့် အရန်မြေများပေါ်တွင် ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ အဆောက်အအုံများ၊ နေအိမ်များ၊ တဲများနှင့်ပစ္စည်းများကို ကျူးကျော်၊ ဆောက်လုပ်၊ စုပုံထားရှိသည်ကို စစ်ဆေးတွေ့ရှိလျှင် သက်ဆိုင်ရာဌာနသည် ထိုသို့ကျူးကျော်၊ ဆောက်လုပ်၊ နေထိုင်၊ စုပုံထားရှိသူတို့ထံသို့ အကြောင်းကြားစာရရှိသည့် ရက်မှ ၁၅ ရက်အတွင်း ဖယ်ရှားရှင်းလင်းပေးရန် အကြောင်းကြားစာပေးပို့ခြင်း၊ လိုက်နာရန်ပျက်ကွက်လျှင် သို့တည်းမဟုတ် ငြင်းဆန်လျှင် ကော်မတီသည် ဖယ်ရှားရှင်းလင်းရေးအဖွဲ့ ဖွဲ့စည်းပြီး ရက်ပေါင်း ၃၀ အတွင်း ဖယ်ရှားရှင်းလင်းရန် နို့တစ်စာထုတ်ဆင့်ခြင်း၊ ထုတ်ဆင့်သည့် နို့တစ်စာကို လိုက်နာရန်ပျက်ကွက်လျှင် သို့တည်းမဟုတ် ငြင်းဆန်လျှင် ဖယ်ရှားရှင်းလင်းရေးအဖွဲ့က ကျူးကျော်သူနှင့်တကွ အဆောက်အအုံများ၊ နေအိမ်များ၊ တဲများနှင့် ပစ္စည်းများကိုဖယ်ရှား၍ ကျူးကျော်သည့်မြေနေရာကို ပြန်လည်လက်ရောက်ရယူခြင်းတို့အား အစိုးရအဖွဲ့ထံမှ လုံခြုံရေးနှင့် အခြားလိုအပ်သည့်အကူအညီများ တောင်းခံ၍ ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဒီဇင်ဘာ ၃ ရက်က ကျင်းပသည့် ပထမအကြိမ် တိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့တွင် လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှ၏မေးခွန်းအပေါ် တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ဦးအောင်မောင်းက ဖြေကြားရာတွင် “မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများမှ ၂၀၁၅ ခုနှစ် ပါတီစုံ အထွေထွေရွေးကောက်ပွဲမတိုင်မီ ကွင်းဆင်းစာရင်းကောက်ယူ၍ တင်ပြလာသည့် စာရင်းအရ အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ ချမ်းမြသာစည်နှင့် ပြည်ကြီးတံခွန်မြို့နယ်များအတွင်း ကျူးကျော်နေအိမ် ၈၄၉ လုံးရှိကြောင်း၊ အဆိုပါကျူးကျော်နေအိမ်များကို ဖျက်သိမ်းဖယ်ရှားရန်အတွက် ဌာနမှူးများပါဝင်သည့်ပူးပေါင်းအဖွဲ့ဖြင့် ဖယ်ရှားရှင်းလင်းခြင်းများဆောင်ရွက်ခဲ့ရာ ကျူးကျော်နေအိမ် ၁၇၂ လုံးကို ဖယ်ရှားရှင်းလင်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအနေဖြင့်လည်း ထိန်းသိမ်းကြပ်မတ်နိုင်ရန်အတွက် ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေ၊ အပိုဒ် ၂၂(က)တွင် နိုင်ငံပိုင်မြေ၊ အစိုးရဌာနပိုင်မြေ၊ မြို့မြေ၊ ကျေးရွာမြေ၊ လယ်ယာမြေ၊ လမ်းမြေ၊ မြေနုကျွန်း၊ သစ်တောမြေ၊ ကျေးရွာပိုင်သစ်တောနှင့် စိုက်ခင်းမြေ၊ စားကျက်မြေ၊ ကျေးရွာဘုံမြေ၊ သုသာန်မြေများအတွင်း သက်ဆိုင်ရာ၏ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်း၊ သစ်ပင်များခုတ်လှဲခြင်းတို့ကို မပြုရန်



တားမြစ်ချက်များကို ထုတ်ပြန်ထားရှိပြီးဖြစ်ကြောင်း” ဖြေကြားခဲ့သည်။

ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်နှင့် အောင်သာယာရပ်ကွက်တို့တွင် တိုင်းဒေသကြီးအစိုးရ၏ လမ်းညွှန်မှုဖြင့် တန်ဖိုးနည်းအိမ်ရာများအဖြစ် အာရ်စီရှစ်ခန်းတွဲ လေးထပ် ၂၇ လုံး၊ အာရ်စီလေးခန်းတွဲ လေးထပ်အလုံး ၃၀၊ စုစုပေါင်းအခန်း ၁၃၄၄ ခန်းတို့ကို ဆောက်လုပ်၍ ရောင်းမှားဝယ်မှားကျူးများ၊ တိုက်ပွဲကျစစ်သည်များနှင့် အငြိမ်းစားဝန်ထမ်း၊ ပင်စင်စားများကို နေရာချထား ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ မန္တလေးမြို့ရှိ မြို့နယ်အလိုက် တာရိုးမြို့ပတ်လမ်းနှင့် ဧရာဝတီမြစ်ကြားရှိ ယာယီတဲများဖြင့်နေထိုင်၍ ကာယလုပ်အားဖြင့် အသက်မွေးဝမ်းကျောင်းမှုပြုသော မိသားစုများအတွက်လည်း တစ်ခန်းလျှင် စတုရန်းပေ ၂၀၀ ရှိသည့် ၁၂ ခန်းတွဲ၊ ခြောက်ထပ်တိုက် ၂၂ လုံးဖြင့် အခန်းပေါင်း ၁၅၈၄ ခန်း ငှားရမ်းပေးနိုင်ရေး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏လမ်းညွှန်မှုဖြင့် စီစဉ်လျက်ရှိပါကြောင်းနှင့် စည်းကမ်းမဲ့ကျူးကျော်ဆောက်လုပ်နေထိုင်မှုများကို စီမံ၊ ရှင်းလင်း၊ အရေးယူဆောင်ရွက်လျက်ရှိကြောင်း ထည့်သွင်းဖြေကြားသည်။

**ဒီစီအီး(မန်းကိုယ်ပွား)**

---

# ကျောက်ပန်းတောင်းမြို့နယ် မိုးစပါး မျိုးကွဲနုတ်ပယ်ခြင်းလုပ်ငန်းကွင်းပြပွဲနှင့် တောင်သူပညာပေးဆွေးနွေးပွဲ ကျင်းပ

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၆**

မန္တလေး တိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ၂၀၁၅-၂၀၁၆ မိုးရာသီ မိုးစပါး မျိုးသန့်ပွား စံပြကွက် ၂၅ ဒသမ ၀၀ ဧကကို ကိုင်းကျေးရွာအုပ်စုတွင် စိုက်ပျိုးထားရှိရာ တတိယအကြိမ် မျိုးကွဲနုတ်ပယ်ခြင်းကို ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး မျိုးစေ့တာဝန်ခံ၊ ခရိုင်မျိုးစေ့တာဝန်ခံနှင့် မြို့နယ်ဝန်ထမ်းများက လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

စပါးမျိုးကွဲနုတ်ပယ်ခြင်းကို စပါးပင်သက်တန်းတစ်လျှောက် သုံးကြိမ်ဆောင်ရွက်ရခြင်းဖြစ်ပြီး ယခုအကြိမ်မှာ တတိယအကြိမ်(နောက်ဆုံးအကြိမ်) ဖြစ်ကြောင်းနှင့် ယခင်ပင်ပွားစုံချိန်နှင့် ပန်းပွင့်ချိန်တို့တွင် နှစ်ကြိမ်ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်းသိရသည်။

အဆိုပါ မျိုးသန့်မျိုးစေ့ထုတ်လုပ်ရန် မျိုးကွဲနုတ်ပယ်ခြင်း လုပ်ငန်းနှင့်ပတ်သက်၍ တိုင်းဒေသကြီး၊ ခရိုင်မျိုးစေ့တာဝန်ခံများနှင့် မြို့နယ်ဦးစီးမှူးတို့က လုပ်ငန်းဆောင်ရွက်ရခြင်းအခြေအနေများနှင့် မျိုးသန့်စိုက်ပျိုး ထုတ်လုပ်ခြင်းအားဖြင့် တောင်သူများ အကျိုးအမြတ်ပိုမိုရရှိစေရန်နှင့် မြို့နယ်အတွင်း မျိုးသန့်စင်မှုအားနည်းသော အခြားအုပ်စုများသို့ မျိုးဖြန့်ဖြူးပေးနိုင်ရန် ရည်ရွယ်၍လည်းကောင်း၊ မိုးစပါးအပြီး ကုလားပဲစံပြကွက် အချိန်မီစိုက်ပျိုးနိုင်ရန် လုပ်ငန်းလိုအပ်ချက်များကို လည်းကောင်း၊ အသေးစိတ်ရှင်းလင်းဆွေးနွေးကြပြီး တောင်သူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါ မျိုးကွဲနုတ်ပယ်ခြင်း ကွင်းသရုပ်ပြပွဲနှင့် ပညာပေးဆွေးနွေးပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများနှင့် ကျေးရွာအုပ်စု ငါးအုပ်စုမှ စပါးစိုက်တောင်သူများ တက်ရောက်လေ့လာကြကြောင်းနှင့် ယခုမျိုးကွဲနုတ်ပယ်သည့် ၂၅ ဒသမ ၀၀ ဧကမှထွက်ရှိလာသော မျိုးစပါးများအားအရည်အသွေးပြည့်မီမှု ရှိ၊ မရှိကို မန္တလေးတိုင်းဒေသကြီး မျိုးစေ့ခာတ်ခွဲခန်းသို့ မျိုးစေ့နမူနာများ ပေးပို့စမ်းသပ်ခြင်းနှင့် စံပြည့်မီသော မနော်သုခမျိုးသန့်စပါးများကို မြို့နယ်အတွင်းလိုအပ်ချက်ရှိသော ကျေးရွာအုပ်စုများသို့ ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

■

---

# မိုင်ပေါင်း ၁၃၀၀၀ ကျော်ပျံသန်းမည့် ဗြိတိန်နိုင်ငံမှ Solo Flight လေယာဉ်နှစ်စင်း ဒီဇင်ဘာ ၈ ရက်တွင် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာမည်

**ရန်ကုန် ဒီဇင်ဘာ ၆**

မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် မိုင်ပေါင်း ၁၃၀၀၀ ကျော်ပျံသန်းမည့် ဗြိတိန်နိုင်ငံမှ Solo Flight လေယာဉ်နှစ်စင်းသည် ဒီဇင်ဘာ ၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း မြန်မာအမျိုးသားလေကြောင်းလိုင်းမှ သိရသည်။

အဆိုပါ လေယာဉ်နှစ်စင်းတွင် လူလေးဦးလိုက်ပါ၍ မိုင်ပေါင်း ၁၃၀၀၀ ကျော်ပျံသန်းနိုင်ရန် ဗြိတိန်နိုင်ငံမှ အောက်တိုဘာ ၁ ရက်တွင် ထွက်ခွာလာပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံမှတစ်ဆင့် ပုဂံညောင်ဦးလေဆိပ်သို့ ဒီဇင်ဘာ ၂ ရက်က တိုက်ရိုက်ရောက်ရှိခဲ့သည်။ ထို့နောက် ယင်းဒေသရှိ ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်း နှစ်ညတာနေထိုင်လည်ပတ်ခဲ့ပြီး ဒီဇင်ဘာ ၅ ရက် ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဆိုက်ရောက်လာခဲ့ခြင်းဖြစ်သည်။

“တစ်စင်းက ရန်ကုန်ပြန်ဖို့ လောင်စာဆီမလောက်လို့ မန္တလေး ဝင်ပြီးဖြည့်ခဲ့ရတော့ တစ်စင်းနဲ့တစ်စင်း အချိန်အနည်းငယ်ကွာပြီး ဆိုက်ရောက်ခဲ့တယ်။ လေယာဉ်နှစ်စင်းလုံး ၁၉၄၂ ခုနှစ်ထုတ် နှစ်ယောက်စီးအမျိုးအစားတွေပါ။ လေယာဉ်နဲ့ပတ်သက်ပြီး လိုအပ်တဲ့ ဝန်ဆောင်မှုတွေကို ကျွန်တော်တို့ လေကြောင်းလိုင်းအနေနဲ့ တာဝန်ယူဆောင်ရွက်ပေးနေပါတယ်။ သူတို့ရဲ့ခရီးစဉ်အရ ဒီဇင်ဘာ ၈ ရက် မနက်ပိုင်းမှာ ထိုင်းနိုင်ငံကို ပြန်လည်ထွက်ခွာမှာပါ”ဟု မြန်မာအမျိုးသား လေကြောင်းလိုင်းမှ လက်ထောက်ကြီးကြပ်ရေးမှူး ကိုဖွဲ့ရဲအောင်က ပြောသည်။

ထိုလေယာဉ်နှစ်စင်းနှင့် လိုက်ပါလာသူများသည် ထိုင်းနိုင်ငံမှတစ်ဆင့် မလေးရှား၊ စင်ကာပူ စသည့် နိုင်ငံများအပြင် နိုင်ငံပေါင်း ၂၀ ကျော်ကို ဝင်ရောက်၍ သြစတြေးလျနိုင်ငံအထိ ပျံသန်းသွားမည်ဖြစ်ကြောင်း မြန်မာအမျိုးသားလေကြောင်းလိုင်းမှ သိရသည်။

**ဇော်ကြီး(ပဏ္ဏိတ)**

---

# လွိုင်ကော်-ပျဉ်းမနား ခရီးစဉ်အမှတ်(၁၄၈)အစုန် ရထားပေါ်မှ ဆေးခြောက် ၁၀ ကီလို သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၆**

ဒီဇင်ဘာ ၅ ရက်က ရထားရဲတပ်ဖွဲ့ခွဲ(၇) တပ်ဖွဲ့စု(၁) အောင်ပန်းမှ တပ်ဖွဲ့ဝင်များသည် အမှတ်(၁၄၈)အစုန် လွိုင်ကော်-ပျဉ်းမနားခရီးစဉ် ရိုးရိုးတန်းတွဲအမှတ်(၁)၊ တွဲအမှတ် -BDTS-60312၊ ခုံအမှတ်(၁၊၂၊ ၃၊၄)တို့တွင် မြင်းဒိုက်-ပျဉ်းမနား ခရီးစဉ်တွင် လိုက်ပါလာသူ စိန်ဝင်း၊ မိုးဝင်း၊ ဖြူဖြူဝင်းနှင့် နှင်းနှင်းမိုးတို့အား ရှာဖွေရာ ၎င်းတို့ သယ်ဆောင်လာသည့် လက်ဆွဲခြင်းအတွင်းမှ ပလတ်စတစ်အိတ်ဖြင့်ထုပ်လျက် အလေးချိန် ၂ ကီလိုစီပါ ဆေးခြောက် ဘလောက်တုံး နှစ်တုံး၊ ၁ ဒသမ ၅ ကီလိုစီပါ ဆေးခြောက်ထုပ် လေးထုပ် စုစုပေါင်း ဆေးခြောက် ၁၀ ကီလို သိမ်းဆည်းရမိသဖြင့် ၎င်းတို့လေးဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

○○○



စိန်ဝင်း၊ မိုးဝင်း၊ ဖြူဖြူဝင်းနှင့် နှင်းနှင်းမိုးတို့ လေးဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# တာချီလိတ်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၆**

ဒီဇင်ဘာ ၅ ရက်က မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ မယ်ယန်းပူးပေါင်းစစ်ဆေးရေးစခန်းတွင် ကျိုင်းတုံမှ တာချီလိတ်သို့ စိုင်းကွမ်းစိန်မောင်းနှင်ပြီး စိုင်းလာ လိုက်ပါလာသည့်မော်တော်ယာဉ်ကို ရှာဖွေရာ စိုင်းလာ ဝတ်ဆင်ထားသည့် ဘောင်းဘီယာဘက်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ နှင့် မော်တော်ယာဉ်အတွင်းမှ ကျောက်အရိုင်းတုံး ငါးတုံး စုစုပေါင်းအလေးချိန် ၁၂ ဒသမ ၁ ကီလို သိမ်းဆည်းရမိသဖြင့် ၎င်းတို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# ရာသီဥတုပြောင်းလဲမှုဆိုင်ရာညီလာခံတွင် သဘောတူညီချက်မူကြမ်း အတည်ပြု

**ပါရီ ဒီဇင်ဘာ ၆**

ပြင်သစ်နိုင်ငံ ပါရီမြို့တော်၌ ကျင်းပလျက်ရှိသည့် ကုလသမဂ္ဂ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာညီလာခံသို့ တက်ရောက်လာသည့် ကိုယ်စားလှယ်များက ကမ္ဘာကြီးပူနွေးလာမှုကို ရင်ဆိုင်ရန်အတွက် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်မူကြမ်းအသစ်တစ်ခုကို အတည်ပြုနိုင်ခဲ့ပြီဖြစ်သည်။

အဆိုပါ ညီလာခံ၌ ဆွေးနွေးမှုများသည် လာမည့် စနေနေ့တွင် ပြီးဆုံးမည်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် အလွန်တွင် Kyoto Protocol (ကျိုတို သဘောတူညီချက်မူကြမ်း)ကို ပြန်လည်အကောင်အထည်ဖော်ရန် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ တာဝန်ယူမှုအပိုင်းတွင် ခြားနားနေဆဲဖြစ်သည်။

သဘောတူညီချက်မူကြမ်းသည် သဘောထားအမြင်အမျိုးမျိုးကို အလေးအနက်ထား ဆင်ခြင်သုံးသပ်ပြီး ကမ္ဘာကြီးပူနွေးလာမှုအတွက် ဘက်ပေါင်းစုံမှ ကိုင်တွယ်ဖြေရှင်းသွားမည်ဖြစ်သည်။ အဓိကလုပ်ဆောင်ရမည့်အချက်မှာ နိုင်ငံအားလုံးက သက်ဆိုင်ရာနိုင်ငံအလိုက် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးရည်မှန်းကို အတိအကျလိုက်နာဆောင်ရွက်ရန် တာဝန်ယူရမည်ဖြစ်သည်။

သဘောတူညီချက်မူကြမ်းတွင် ဖွံ့ဖြိုးဆဲနိုင်ငံများကို ဘဏ္ဍာငွေထောက်ပံ့ရန်လည်း သဘောတူညီခဲ့ပြီး ၂၀၂၀ ပြည့်နှစ်အလွန်တွင် နှစ်စဉ် ဒေါ်လာဘီလီယံ ၁၀၀ ထောက်ပံ့သွားမည်ဖြစ်သည်။ အဆိုပါသဘောတူညီချက်မူကြမ်းကို ဒီဇင်ဘာ ၇ ရက်တွင် ဝန်ကြီးအဆင့်ဆွေးနွေးမည်ဖြစ်ပြီး အပြီးသတ်သဘောတူညီချက် ရရှိဆွေးနွေးဆောင်ရွက်ကြမည်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ။**






# အလုံးစုံပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာသဘောတူညီချက် တရုတ်နှင့် အာဖရိကနိုင်ငံများအကြားရရှိ

**ဂျိုဟန်နက်စဘတ် ဒီဇင်ဘာ ၆**

တရုတ်နှင့် အာဖရိကနိုင်ငံများအကြား အလုံးစုံပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာ သဘောတူညီချက်တစ်ရပ်ကို ရရှိကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က ဒီဇင်ဘာ ၅ ရက်တွင် ထုတ်ပြန်ကြေညာသည်။

တရုတ်-အာဖရိက ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဖိုရမ်ဆွေးနွေးပွဲ တက်ရောက်ရန် တရုတ်သမ္မတ ရှီကျင့်ဖျင်သည် တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စဘတ်မြို့သို့ ရောက်ရှိနေသည်။

သမ္မတရှီသည် ဒီဇင်ဘာ ၅ ရက်တွင် အာဖရိကနိုင်ငံပေါင်း ၁၃ နိုင်ငံမှ ခေါင်းဆောင်များနှင့် တွေ့ဆုံကာ ဖွံ့ဖြိုးရေး မဟာဗျူဟာရေးဆွဲရန် ဆွေးနွေးခဲ့သည်။

အာဖရိကနိုင်ငံပေါင်း ၅၀ ခန့်မှ အစိုးရအဖွဲ့အကြီးအကဲများနှင့် ကိုယ်စားလှယ်များသည် တရုတ်သမ္မတနှင့်အတူ မျက်နှာစုံညီအစည်းအဝေး ကျင်းပခဲ့သည်။

တရုတ်-အာဖရိက ဆက်ဆံရေးကို မြှင့်တင်နိုင်စေမည့် ဘက်စုံအစီအစဉ်တစ်ရပ်နှင့် နယ်ပယ်ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်တို့နှင့် ပတ်သက်၍ သဘောတူညီချက်နှစ်ရပ်ရရှိရန် ဆွေးနွေးခဲ့ကြကြောင်း သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ။**

# အီရတ်မြောက်ပိုင်း၌ တူရကီတပ်ဖွဲ့များ စစ်ရေးအရ လှုပ်ရှားနေသည်ဆိုမှု မဟုတ်မှန်ဟုဆို

**အန်ကာရာ ဒီဇင်ဘာ ၆**

အီရတ်နိုင်ငံမြောက်ပိုင်း၌ တူရကီနိုင်ငံက စစ်ရေးလှုပ်ရှားမှုများ ပြုလုပ်နေသည်ဆိုသော ပြောဆိုချက်မှာ မှန်ကန်ခြင်းမရှိကြောင်း ယင်းနိုင်ငံ၏ ဝန်ကြီးချုပ် အာမက်ဒါဗူတိုဂလူက ဒီဇင်ဘာ ၆ ရက်တွင် ပြောကြားလိုက်သည်။

အစ္စလာမ္မစ်နိုင်ငံတော်(အိုင်အက်စ်) စစ်သွေးကြွအဖွဲ့က ထိန်းချုပ်သော နယ်မြေတစ်ခုအနီး၌ တူရကီတပ်ဖွဲ့ဝင်များကို ဖြန့်ကြက်ခဲ့သည်ဟု တူရကီသတင်းဌာနများက သတင်းထုတ်ပြန်ခဲ့သည်။

တူရကီတပ်ဖွဲ့ဝင်များ နယ်ကျော်ဝင်ရောက်မှုသည် တရားဥပဒေကို ချိုးဖောက်ရာရောက်သည်ဟု အီရတ်နိုင်ငံက ပြင်းပြင်းထန်ထန် ပြောကြားခဲ့သည်။

အီရတ်နိုင်ငံ မိုဆူးလ်မြို့ အရှေ့မြောက်ဘက် ၁၉ မိုင်အကွာ ဘာရှီကာမြို့၌ စခန်းတစ်ခု ဖွင့်လှစ်ထားပြီး အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာ ဒေသခံ စေတနာ့ဝန်ထမ်းတပ်ဖွဲ့များကို အကူအညီပေးနေခြင်းသာ ဖြစ်ကြောင်း၊ အိုင်အက်စ်စစ်သွေးကြွများကို မြေပြင်ထိုးစစ်ဆင်နွှဲရန် ပြင်ဆင်သည့်အနေဖြင့် တပ်ဖွဲ့များကို ဖြန့်ကြက်ထားခြင်း မဟုတ်ကြောင်း တူရကီ ဝန်ကြီးချုပ်က ရုပ်မြင်သံကြားမှတစ်ဆင့် မိန့်ခွန်းပြောကြားရာတွင် ဖော်ပြသည်။

တူရကီတပ်ဖွဲ့ဝင် ၆၀၀ သည် သံချပ်ကာကား ၂၅ စီးနှင့် အတူ ဘာရှီကာမြို့၌ တပ်စွဲထားသည်ဟု တူရကီသတင်းဌာနများက သတင်းထုတ်လွှင့်ခဲ့သည်။

**ရိုက်တာ။**



# အကြမ်းဖက်မှုတိုက်ဖျက်ရေး ထောက်လှမ်းရေးယူနစ် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနအောက်တွင် ဖွဲ့စည်းမည်

**တိုကျို ဒီဇင်ဘာ ၆**

ဂျပန်နိုင်ငံသည် ၂၀၂၀ ပြည့်နှစ် တိုကျို အိုလံပစ်အားကစားပွဲတော်အတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများအနက် လုပ်ငန်းတစ်ရပ်အဖြစ် အကြမ်းဖက်မှုတိုက်ဖျက်ရေး ထောက်လှမ်းရေးယူနစ်တစ်ခုကို ထူထောင်တော့မည်ဖြစ်ကြောင်း အစိုးရအဖွဲ့ အထက်တန်းတာဝန်ရှိသူတစ်ဦးက ဒီဇင်ဘာ ၆ ရက်တွင် ပြောကြားသည်။

အကြမ်းဖက်မှု တိုက်ဖျက်ရေး ထောက်လှမ်းရေးယူနစ်ကို နိုင်ငံခြားရေးဝန်ကြီးဌာနအောက်တွင် ဖွဲ့စည်းမည်ဖြစ်ကြောင်း ဝန်ကြီးအဖွဲ့ အတွင်းဝန်ချုပ် ယိုရှီဟိဒ ဆုဂက ထုတ်ပြန်ကြေညာသည်။

အဆိုပါယူနစ်ကို ကနဦးအနေဖြင့် လာမည့် ဧပြီလ၌ ထူထောင်ရန် ရည်မှန်းခဲ့သည်။ သို့ရာတွင် ပြင်သစ်နိုင်ငံ ပါရီမြို့၌ အကြမ်းဖက်တိုက်ခိုက်မှုများ ပေါ်ပေါက်ခဲ့ခြင်းကြောင့် ယူနစ်သစ်ဖွင့်လှစ်မှုကို လေးလစော၍ ပြုလုပ်မည်ဖြစ်ကြောင်း ဆုဂက ပြောကြားသည်။

ဂျပန်နိုင်ငံသည် လုံခြုံရေးအခြေအနေအရ အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာ ထောက်လှမ်းရေးယူနစ်သစ်ဖွင့်လှစ်ရန် လိုအပ်ကြောင်း၊ အကြမ်းဖက်မှုမှ တားဆီးကာကွယ်နိုင်ရေးအတွက် နိုင်ငံတစ်ဝန်း၌ အစွမ်းကုန်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဆုဂက ပြောကြားသည်။

ဘာသာစကားနှင့် အခြားကျွမ်းကျင်မှု အတတ်ပညာများဖြင့် လေ့ကျင့်ထားသော ထောက်လှမ်းရေးသတင်းအချက်အလက် စုဆောင်းရေးဝန်ထမ်းများကို အရှေ့တောင်အာရှ၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကအနောက်မြောက်ပိုင်း ဒေသတို့ရှိ အကြမ်းဖက်သမားများ လှုပ်ရှားရာဒေသများသို့ စေလွှတ်သွားမည်ဆို၏။

**ရိုက်တာ။**

# နိုဝင်ဘာ ၅ ရက်ကို ကမ္ဘာ့ဆူနာမီနေ့အဖြစ် ကုလသမဂ္ဂသတ်မှတ်မည်

**နယူးယောက် ဒီဇင်ဘာ ၆**

ကုလသမဂ္ဂအဖွဲ့၏ ကော်မတီတစ်ခုက နိုဝင်ဘာ ၅ရက်ကို ကမ္ဘာ့ဆူနာမီနေ့အဖြစ် သတ်မှတ်ရန် ဂျပန်နိုင်ငံက တင်သွင်းထားသည့် အဆိုပြုချက်ကို တညီတညွတ်တည်း ထောက်ခံအတည်ပြုခဲ့ကြကြောင်း သတင်းများအရသိရသည်။

ကမ္ဘာအဝန်း လျင်ကြောင့် ဖြစ်ပေါ်လာသည့် ပင်လယ်ရေလှိုင်းများ၏ဘေးအန္တရာယ်ကို သတိမူမိစေရန် ရည်ရွယ်သည့်အတွက် ကုလသမဂ္ဂညီလာခံ၏ ဒုတိယမြောက်ကော်မတီက ဒီဇင်ဘာ ၄ ရက်တွင် အထက်ပါအဆိုနှင့် ပတ်သက်ပြီး ထောက်ခံခဲ့ခြင်းဖြစ်သည်။

ယင်းအဆိုသည် သဘာဝဘေးအန္တရာယ်များ မကျရောက်မီ ကြိုတင်သတိပေးချက်များ ထုတ်ပြန်ပေးခြင်း၏ အရေးပါမှုကို ထောက်ပြသည့် အပြင် ကုလသမဂ္ဂဖွံ့ဖြိုးရေးရည်မှန်းချက်များတွင် ပါဝင်သည့် သဘာဝဘေးအန္တရာယ်များကြောင့် ဖြစ်ပွားသော ပျက်စီးဆုံးရှုံးမှုများ လျှော့ချရေးဆိုင်ရာ အချက်အလက်များကိုလည်း မီးမောင်းထိုးပြရာရောက်သည်။

၂၀၁၁ ခုနှစ် မတ်လက ဂျပန်နိုင်ငံသည် အင်အားပြင်းငလျင်နှင့် ဆူနာမီရေလှိုင်းများမြင့်တက်လာမှု ဘေးအန္တရာယ်ကို ရင်ဆိုင်ခဲ့ရသည့်နောက်ပိုင်း နိုဝင်ဘာ ၅ ရက်ကို ဆူနာမီနှင့် ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနေ့အဖြစ် နိုင်ငံအတွင်း သတ်မှတ်ခဲ့သည်။

နိုင်ငံပေါင်း ၁၄၀ ကျော်က အဆိုပါ ဆုံးဖြတ်ချက်မူကြမ်းအား ပူးတွဲကမကထပြု လက်မှတ်ရေးထိုးခဲ့သည်။ ယင်းနိုင်ငံများတွင် ဆူနာမီဘေးနှင့်ရင်ဆိုင်ခဲ့ရသည့် အရှေ့တောင်အာရှနိုင်ငံများအပါအဝင် တောင်အမေရိကနိုင်ငံများ ပါဝင်သည်။

ယင်းအဆိုကို ဒီဇင်ဘာလနှောင်းပိုင်းတွင် ကုလသမဂ္ဂအထွေထွေ ညီလာခံက အတည်ပြုမည်ဖြစ်ကြောင်း မျှော်လင့်ရသည်။

**အင်န်အိတ်ချ်ကေ။**

## ပြည်တွင်းရေးရာ

❒ဆီမီးတစ်သိန်းမှ

ရွှေမုဋ္ဌောဘုရားမှာ မသိုးသက်န်းကပ်လှူပူဇော်ပါတယ်။ ရှင်ဥပဂုတ္တမထေရ် ဖောင်တော်နှင့် ဝဝန်မြစ်အတွင်းမှာ ဆီမီးမျှောပူဇော်ပါတယ်။ ကမ်းနားလမ်း တစ်လျှောက် စတုဒိသာကျွေးမွေးလှူဒါန်းပြီး မီးပုံးပျံလွှတ်တင်ပွဲကျင်းပခြင်း၊ မီးကျည် မီးပန်းလွှတ်ဖောက်ပူဇော်ခြင်းဟာ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ရဲ့ ရိုးရာအစဉ်အလာတစ်ခုအဖြစ် နှစ်စဉ်ကျင်းပစေချင်ပါတယ်။ ပြည်သူတွေ ဘာသာတရားလေးစားမှု၊ မြန်မာ့ရိုးရာကို ထိန်းသိမ်းတတ်မှု၊ မေတ္တာတရားပွား များတတ်မှုစတဲ့စေတနာတွေနဲ့ ကျင်းပပေးခဲ့တာပါ။ စတုတ္ထအကြိမ်အထိ နှစ်စဉ် တန်ဆောင်မုန်းလပြည့်နေ့မှာ ကျင်းပပါတယ်။ ယခုပဉ္စမအကြိမ်ကိုတော့ ရွေးကောက်ပွဲလွန်ကာလမှာ အကြောင်းအမျိုးမျိုးကြောင့် တန်ဆောင်မုန်း လပြည့်ကျော် ၁၀ ရက်မှပဲ ကျင်းပရခြင်းဖြစ်ပါတယ်။ ထူးခြားတာကတော့ အမျိုးသားအောင်ပွဲနေ့နဲ့ တိုက်ဆိုင်နေတာပါ။ ဝန်ကြီးချုပ် ဦးသိန်းအောင်က လည်း ပြည်သူတွေမျိုးချစ်စိတ်ဓာတ်တွေ မွေးတတ်ဖို့၊ ချစ်မြတ်နိုးဖို့ ရည်ရွယ် ခြင်းဖြစ်ပါတယ်။ နောင်တက်မယ့်အစိုးရကိုလည်း အစဉ်အလာကောင်းတွေနဲ့ နှစ်စဉ်ကျင်းပနိုင်အောင် သမိုင်းတင်ခဲ့ခြင်းဖြစ်ပါတယ်”ဟု ပြောသည်။

စတုဒိသာပွဲ (နိဗ္ဗာန်ဈေးပွဲ)ဟာ ဗုဒ္ဓဘာသာမြန်မာလူမျိုးတွေရဲ့ ထိန်းသိမ်း ထားခဲ့တဲ့ ဘာသာရေးနဲ့ယှဉ်တဲ့ ယဉ်ကျေးမှုလည်းဖြစ်ပါတယ်။ အရပ်လေးမျက် နှာက လူမျိုးမရွေး၊ ပုဂ္ဂိုလ်မရွေးစားချင်တာစား၊ ယူချင်တာယူ သဒ္ဒါမပျက် တစ်ဦးနဲ့ တစ်ဦး ကရုဏာပြည့်စွာနဲ့ပေးတယ်။ ကျွေးတယ်ဆိုတာ သိပ်ပျော်စရာ ပါပဲ။ ကမ္ဘာမှာ မြန်မာလူမျိုးတွေရဲ့ စိတ်ထားဖြစ်ပါတယ်။ အစ်မတို့က နှစ်စဉ် တန်ဆောင်တိုင်ပွဲတွေမှာ အရပ်ထဲ၌ စုဆောင်းချက်ပြုတ်ကျွေးမွေးတာပါ။ ဘယ်သူ့မှမဖိတ်ပါဘူး။ ဘယ်အရပ်ကပဲဖြစ်ဖြစ် လူကြီး၊ လူငယ်မရွေး သိပ်ပျော် ပါတယ်” ဟု အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင် ဒေါ်လွင်လွင်အောင်က ပြောသည်။

ကျွန်တော်တို့မိသားစုသည် ဒီနေ့ ကမ်းနားလမ်း မြို့တော်ခန်းမရှေ့ရှင်း သာရင်ပြင်မှာ ဝန်ကြီးချုပ် ဦးသိန်းအောင်က ဆီမီးတစ်သိန်း ရေမျှောပူဇော်မယ် ဆိုတော့ ပျော်လိုက်တာ ပုသိမ်တန်ဆောင်တိုင်ပွဲမှာ စတုဒိသာကျွေးမှာ ကျိန်းသေသိတာပေါ့။ မနှစ်က စတုဒိသာကျွေးတဲ့မဏ္ဍပ် ၁၂၀ လောက်ပဲ ရှိတာ။ ဒီနှစ်မှာ မဏ္ဍပ် ၁၇၀ ကျော်ရှိတယ်။ ဘာသာခြားတွေတောင် ကောက်ညှင်းပေါင်း၊ ငါးကြော်တွေကျွေးကြတယ်။ ကြွပ်ကြွပ်အိတ်နဲ့ပေးတယ်။ မုန့်ဟင်းခါး၊ ပေါင်မုန့် အုန်းနို့ဆမ်း၊ ဆန်ပြုတ်၊ မြန်မာမုန့်မျိုးစုံ တစ်ရာကျော် စားချင်တာစား ပျော်လိုက်တာ ဝန်ကြီးချုပ်နဲ့ အလှူရှင်တွေ ကျန်းမာပါစေ။ နှစ်စဉ်ကျင်းပနိုင်ပါစေလို့ ရာမညရပ်ကွက်က ကိုအုန်းသိန်းကလည်း ၎င်း၏ ခံစားချက်ကို ပြောပြသည်။

မြန်မာလူမျိုးတို့၏ ဆယ့်နှစ်လရာသီပွဲတော်များအနက် တန်ဆောင်မုန်း လသည် အဌမမြောက်လဖြစ်ပြီး တန်ဆောင်ဆိုသည်မှာ မီးရှူး၊ မီးတိုင်၊ ဆီမီးဟု အဓိပ္ပာယ်ရကာ မုန်းသည်တောက်ပစေခြင်း၊ ထွန်းညှိစေခြင်းဟူသည့် အဓိပ္ပာယ် ရသဖြင့် တန်ဆောင်မုန်းသည် ဆီမီးတန်ဆောင်ထွန်းမြောက်သောလဟု အဓိပ္ပာယ်ဖွင့်ဆိုရပေမည်။

# စည်းကမ်းမဲ့ယာဉ်များအား အွန်လိုင်းမှ ဗိုက်ဘာဖြင့် ပြည်သူများ တိုင်ကြားမှုမြင့်တက်



**ရန်ကုန် ဒီဇင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်စည်းကမ်းချိုး ဖောက်မှုများကို ပြည်သူများအနေဖြင့် တိုင်ကြားရန်အတွက် "Online Complain Center (OCC)"ကို အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး၌ ဖွင့်လှစ်ထားရှိရာ တယ်လီဖုန်း အွန်လိုင်းသို့ Viber နံပါတ် (09979120328) မှတစ်ဆင့် ပြည်သူများ၏ တိုင်ကြားပေးပို့မှု လစဉ်မြင့်တက်လျက် ရှိကြောင်း အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံးမှ သိရ သည်။

ယာဉ်စီးကမ်းချိုးဖောက်မှုများအား Viber ဖြင့် အွန်လိုင်းမှ တိုင်ကြားပေးပို့နိုင်ရန် "Online Complain Center (OCC)" ကို ၂၀၁၅ ခုနှစ် ဩဂုတ်လ ၁၂ ရက် တွင် စတင်ဖွင့်လှစ်ခဲ့သည်။ စတင်ဖွင့်လှစ်သည့် ဩဂုတ်လ တွင် ယာဉ်စည်းကမ်းချိုးဖောက်မှုများအတွက် ပြည်သူများ ၏ တိုင်ကြားပေးပို့မှု ၄၃၈ မှုသာရှိခဲ့သော်လည်း ၂၀၁၅ ခုနှစ် နိုဝင်ဘာတွင် တယ်လီဖုန်း Viber ဖြင့် အွန်လိုင်းမှ တစ်ဆင့် တိုင်ကြားပေးပို့မှု ၁၇၆၇ ခုအထိ မြင့်တက်လာ ခဲ့ကြောင်း သိရသည်။

၂၀၁၅ ခုနှစ် ဩဂုတ် ၁၂ ရက်မှ နိုဝင်ဘာလကုန်အထိ လေးလအတွင်း ယာဉ်စည်းကမ်းချိုးဖောက်မှုများအား Viber မှတစ်ဆင့် တိုင်ကြားမှုအရေအတွက်သည် ၅၀၅၅ အထိရှိခဲ့ပြီး အရေးယူခဲ့သည့် ယာဉ်အစီးရေ စုစုပေါင်း ၃၆၅၃ စီးရှိခဲ့ကြောင်း အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူး ရုံးရှိ ဒုတိယရဲမှူးကြီးအောင်ကိုဦးက ပြောကြားသည်။

ဒုတိယရဲမှူးကြီးအောင်ကိုဦးက “လမ်းအသုံးပြုနေတဲ့ မည်သူမဆို ယာဉ်စည်းကမ်းချိုးဖောက်တာကို မြင်တွေ့ရင် စည်းကမ်းချိုးဖောက်တဲ့ ယာဉ်ရဲ့ဓာတ်ပုံ၊ အချိန်နဲ့ နေရာကို Viber ကနေတစ်ဆင့်ပေးပို့ပြီး တိုင်ကြားနိုင်တယ်။ (၅၁) လမ်း အဖွဲ့ခွဲရုံးမှာ Viber နဲ့ တိုင်ကြားလို့ရတဲ့ ဖုန်းနံပါတ် တွေ ကြေညာထားတယ်။ တိုင်ကြားတဲ့အထဲမှာ လမ်း ပြောင်းပြန်မောင်းနှင်တဲ့ အမှုတွေကပိုများတယ်။ ဖြူ၊ နီ၊ ကျားမှာ ကားရပ်တာ၊ ယာဉ်နှစ်ထပ်ရပ်တာ၊ မီးနီဖြတ် တာကို တိုင်ကြားတာလည်းများတယ်”ဟု ပြောသည်။

Online Complain Center (OCC)သည် တယ်လီဖုန်း အွန်လိုင်း Viber မှ တစ်ဆင့် ပြည်သူများ၏ တိုင်ကြားချက်ကို လက်ခံရရှိပါက ကားအမျိုးအစား၊ အရောင်၊ ကားနံပါတ်များ သေချာမှန်ကန်မှု ရှိ၊ မရှိ ကွန်ပျူတာများဖြင့် စစ်ဆေး၍ မှတ်တမ်းရေးသွင်းခြင်း၊ ပြစ်မှုကျူးလွန်သည့် ကားပိုင်ရှင်၏ နေရပ်လိပ်စာသို့ ကျူးလွန်သည့် ပြစ်မှုအမျိုးအစား၊ နေရာနှင့်အချိန်တို့ကို စာတိုက်မှတစ်ဆင့် ပေးပို့အကြောင်းကြားခြင်းများ ပြုလုပ် ကြောင်း သိရသည်။

Viber မှ တစ်ဆင့် အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ ခွဲမှူးရုံးသို့ တိုင်ကြားလာမှုများတွင် မော်တော်ယာဉ် လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီနှင့် ရန်ကုန်မြို့တော် စည်ပင်သာရေးကော်မတီတို့ကလည်း ပူးပေါင်းကာ အရေး ယူမှုများ ပြုလုပ်လျက်ရှိသည်။

“စည်းကမ်းချိုးဖောက်တဲ့ကားတွေကို ကျွန်တော်တို့ ယာဉ်ထိန်းရဲတပ်ဖွဲ့အနေနဲ့ ဒဏ်ငွေရိုက်တာ မဟုတ်ပါဘူး။ သက်ဆိုင်ရာ မော်တော်ယာဉ် တရားရုံးက တရားသူကြီးရဲ့ ဆုံးဖြတ်ချက်နဲ့ ဒဏ်ငွေကို ပေးဆောင်ရတာပါ။ စည်ပင် သာယာဥပဒေကို ချိုးဖောက်ရင်လည်း စည်ပင်သာယာ ဥပဒေနဲ့ အရေးယူလို့ရပါတယ်”ဟု ဒုရဲမှူး မျိုးအောင်မြင့် အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး (ရန်ကုန်)က ပြောသည်။

Online Complain Center စင်တာသို့ Viber မှနေ၍ စည်းကမ်းမဲ့မော်တော်ယာဉ်များအတွက် တိုင်ကြား မှုများအပြင် ယာဉ်တိုက်မှုများအတွက်သတင်းပေးခြင်း၊ မော်တော်ယာဉ်၊ ယာဉ်စည်းကမ်းဆိုင်ရာ ဥပဒေများနှင့် ပတ်သက်၍ သိလိုသည်များကိုမေးမြန်းခြင်း၊ ယာဉ်သွား ယာဉ်လာအကြံပြုချက်များနှင့် အခြားဝန်ဆောင်မှု အကူညီ များလည်း တောင်းခံမှုများရှိကြောင်း သိရသည်။

စည်းကမ်းမဲ့ယာဉ်များအပေါ် အရေးယူဆောင်ရွက် မှုများနှင့်ပတ်သက်၍ “ကျွန်တော်တို့ယာဉ်ထိန်းတွေဘက် က ပြည်သူကိုမဖမ်းချင်ပါဘူး။ အရေးလည်းမယူချင်ပါဘူး။ စည်းကမ်းကောင်းတဲ့ ပြည်သူတွေပဲ ဖြစ်စေချင်တယ်။ စည်းကမ်းဆိုတာက ထုတ်ပြန်ထားပြီးရင် အရေးယူမှုရှိရ မယ်။ အရေးယူမှု ပြစ်မှု၊ ပြစ်ဒဏ်မှာ ငွေဒဏ်၊ ထောင်ဒဏ် တွေရှိတယ်။ ကုန်းလမ်းပို့ဆောင်ရေးကထုတ်ပြန်တဲ့ ဥပဒေ တွေအတွက် ပညာပေးလုပ်ငန်းတွေလည်း ကျွန်တော်တို့က လိုက်လုပ်ပေးရတာမျိုးတွေလည်းရှိတယ်”ဟု ဒုတိယ ရဲမှူးကြီး အောင်ကိုဦးက ဆိုသည်။

**(သတင်း- ရဲခေါင်ညွန့်၊ မြတ်သန္တာမောင် ဓာတ်ပုံ- ဖိုးထောင်)**

# ဘားအံမြို့နယ်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေး

**ဘားအံ ဒီဇင်ဘာ ၆**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် လူဝင်မှုကြီးကြပ်ရေး နှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန က ဘားအံမြို့နယ်အတွင်း အခြေခံ ပညာကျောင်းများတွင် နိုင်ငံသား စိစစ်ရေးကတ်ပြားများ ကွင်းဆင်း ဆောင်ရွက် ထုတ်ပေးလျက်ရှိရာ နိုဝင်ဘာ ၃၀ ရက်က ဘားအံမြို့နယ် ကော့လမု မူလတန်းကျောင်းတွင် ကျောင်းသား ကျောင်းသူ ၅၅ ဦး၊ လှာကဒေါင် မူလတန်းလွန်ကျောင်း တွင် ၁၃၁ ဦး၊ လှာကမြင် အလက(ခွဲ) ကျောင်းတွင် ၂၂၁ ဦး၊ ဝဲကရင် အထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူ ၉၇ ဦးအတွက် ဆရာမ ဒေါ်လှမြင့်အား လည်းကောင်း၊ ရွှေတော အလက(ခွဲ)ကျောင်းတွင် ကျောင်းသား ကျောင်းသူ ၁၃၂ ဦး အတွက် ကျောင်းအုပ်ကြီး ဦးစောရွှေသိန်းအား လည်းကောင်း စုစုပေါင်း ကျောင်းသား ကျောင်းသူ ၆၃၆ ဦးအား မြို့နယ်ဦးစီးဌာနမှူး ဦးမိုးကျော်သူညွန့်နှင့် ဝန်ထမ်းများက နိုင်ငံသား စိစစ်ရေးကတ်ပြားများကို ထုတ်ပေးခဲ့ကြသည်။

အလားတူ မင်းဇီ အထက(ခွဲ) ကျောင်းတွင် ၁၆၅ ဦး၊ ကော့ရင်း အောက် အထက(ခွဲ)ကျောင်းတွင် ၂၈၅ ဦး၊ မိဇံ အထက(ခွဲ)ကျောင်း တွင် ၁၃၂ ဦး၊ နောင်ပလိန် အထက(ခွဲ)ကျောင်းတွင် ၂၇ ဦး စုစုပေါင်း အသက် ၁၀ နှစ်ပြည့် ကျောင်းသား ကျောင်းသူ ၈၃၁ ဦး တို့အား ပုံစံများကောက်ယူခဲ့ပြီး အသက် ၁၀ နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင် ရေးအတွက် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**





# ခုတင်(၁၀၀၀)ဆေးရုံ၌ စုပေါင်းသန့်ရှင်းရေး လုပ်အားပေး

**နေပြည်တော် ဒီဇင်ဘာ ၆**

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၁) လုံခြုံရေး ရဲကွပ်ကဲမှု အဖွဲ့ခွဲမှူး ရဲမှူးကြီးခင်ဇော်နှင့် အမှတ်(၁၉) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ထိန်ဝင်းတို့၏ ကြီးကြပ်မှုဖြင့်တပ်ဖွဲ့ဝင် ၁၀၁ ဖွဲ့တို့ သည် ယမန်နေ့ နံနက်ပိုင်းက နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံ ကြီးတွင် စုပေါင်းသန့်ရှင်းရေးနှင့် သွေးလှူဒါန်းပွဲပြုလုပ်ရာ လုပ်အား ပေးပွဲသို့ ဒုတိယရဲချုပ် ရဲမှူးချုပ် သိန်းဦးနှင့် အမှတ်(၁) လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့မှူး ယာယီရဲမှူးချုပ် မျိုးဆွေဝင်းတို့က လိုက်လံကြည့်ရှု အားပေးကြသည်။

**(ဖိုးထွန်း)**

ဝဝဝ

## ပြင်ဆင်ဖတ်ရှုပါရန်

ဒီဇင်ဘာ ၅ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၅ တွင် ဖော်ပြ ခဲ့သော မြန်မာကိုယ်စားလှယ်အဖွဲ့ အိန္ဒိယသမုဒ္ဒရာအတွင်း ပုံမှန်မဟုတ်သော ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ ဒုတိယအကြိမ် အထူးအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးသတင်း စတုတ္ထပိုဒ်တွင် “မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း များနှင့် စီးပွားရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးထင်လင်းက လှေစီးသွားလာသူများကို မြန်မာနိုင်ငံက လူသားချင်းစာနာထောက်ထားမှု ရှုထောင့်အရ ကယ်ဆယ်စောင့်ရှောက်၍ ညှိနှိုင်းလျက် ပင်ရင်းနိုင်ငံသို့ ပြန်လည်ပို့ဆောင်သည့် ဆောင်ရွက်ချက်များ”ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

# ရောင်နီသန်းလာပြီဖြစ်သောရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း

**ဇော်လင်းထွန်း(ဟိုတယ်/ခရီး)**

ဒေသခံ လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေး၊ ရပ်ရွာဖွံ့ဖြိုးရေးနှင့်စီမံခန့်ခွဲရေးတို့တွင် ဒေသခံများ ပါဝင်လုပ်ဆောင်ခြင်းကိုအားပေးရေး၊ ခရီးသွားလုပ်ငန်းမှရရှိသောအကျိုးအမြတ်များကို သက်ဆိုင်ရာဒေသအတွင်းရရှိခံစားနိုင်ရေးတို့ကိုရှေးရှုသည့် ခရီးသွားလုပ်ငန်းကိုရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း (Community-Based Tourism)ဟုဆိုသည်။ ဤခရီးသွားလုပ်ငန်းမျိုးတွင် ဒေသခံများ၏ စုပေါင်းတာဝန်ယူဆောင်ရွက်မှုနှင့် တစ်ဦးချင်းတစ်ယောက်ချင်းစီ၏ ဦးစီးရှေ့ဆောင်မှုတို့ကလည်း အရေးပါလှသည်။ ဒေသဝင်ငွေတိုးတက်ခြင်း၊ ဒေသစီးပွားရေးဖွံ့ဖြိုးခြင်းတို့ကို လုပ်ဆောင်ခြင်းနှင့်အတူ မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်နှင့်မိမိတို့၏နေထိုင်မှုဘဝပုံစံများကို ခရီးသွားဧည့်သည်များအား မျှဝေခံစားခွင့်ပေးသည့် သဘောတရားလည်းဖြစ်သည်။

ဒေသရိုးရာဓလေ့ပွဲလမ်းသဘင်အခမ်းအနားများ၊ ဒေသအစားအစာများ၊ ရိုးရာယဉ်ကျေးမှု၊ အနုပညာ၊ ဂီတများ၊ ရိုးရာထုတ်ကုန်များကိုခရီးသွားဧည့်သည်များအား ဝေမျှခံစားခွင့်ပေးခြင်းနှင့်အတူ ဒေသခံများ ကိုယ်တိုင် ခေတ်နှင့်အညီ ကမ္ဘာ့စီးပွားရေးကဏ္ဍတွင် ပါဝင်ဆောင်ရွက်ခွင့်ရသကဲ့သို့ ဒေသရိုးရာ ဓလေ့များကိုလည်း ထိန်းသိမ်းနိုင်သောအကျိုးတရားကို ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းက ဖန်တီးပေးနိုင်သည်။ ဒေသခံများကိုယ်တိုင်ပါဝင်ဆောင်ရွက်သောခရီးသွားလုပ်ငန်းဖြစ်ရာ သက်ဆိုင်ရာဒေသ၏စီးပွားရေးကိုလည်း တိုက်ရိုက်အကျိုးဖြစ်ထွန်းစေသည်။

စိမ့်စမ်း၊ တောတောင်၊ လျှိုမြောင်များ၊ ရေတံခွန်များ၊ ဒေသရိုးရာယဉ်ကျေးမှုများစသည့်ခရီးသွားလုပ်ငန်းအရင်းအမြစ်များ၏ပိုင်ရှင်သည် ဒေသခံများသာဖြစ်သည်ဟု ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းကရှုမြင်သည်။ ထို့ကြောင့်ဒေသခံများအနေဖြင့်ဝင်ငွေတိုးတက်ရရှိခြင်းအပြင်ခရီးသွားလုပ်ငန်းဆိုင်ရာအရင်းအမြစ်များကို စီမံခန့်ခွဲခြင်းနှင့် ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိမည်ဖြစ်သည်။

ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းဆောင်ရွက်ခြင်းအားဖြင့် ဒေသခံများကမိမိတို့ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်လက္ခဏာများ၊ အရင်းအမြစ်များနှင့်မိမိတို့ဒေသအပေါ် ဂုဏ်ယူချစ်ခင်စိတ်ဖြစ်ပေါ်လာပြီး ရှိရင်းစွဲအရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်လိုစိတ် မြင့်မားလာစေမည်ဖြစ်သည်။ အဓိကအကျိုးတရားအဖြစ်ဒေသဖွံ့ဖြိုးတိုးတက်လာခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်မှုတိုးတက်လာခြင်းနှင့် ဒေသခံများ၏လူမှုစီးပွားဘဝအဆင့် အတန်းမြင့်မားလာခြင်းတို့ကို ရရှိနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် ဒေသခံများအကြား နိုင်ငံခြားဘာသာစကား၊ စီးပွားရေးစီမံခန့်ခွဲမှုနှင့်သတင်းအချက်အလက်နည်းပညာများကို လေ့လာသင်ကြားလိုစိတ်များမြင့်မားလာပြီး ပိုမိုတက်ကြွသည့် ပညာရည်ပြည့်ဝသည့်ခေတ်နှင့်ရင်ပေါင်တန်းနိုင်သော လူ့အဖွဲ့အစည်းတစ်ခုအဖြစ်သို့လည်း ရောက်ရှိနိုင်သည်။

အခြားနိုင်ငံများတွင်ဖော်ဆောင်ခဲ့ကြသောရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းများကိုလေ့လာမှုအရ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း အောင်မြင်စွာဖော်ဆောင်နိုင်ရန်မှာ အဓိကအားဖြင့် အောက်ဖော်ပြပါအချက်(၄)ချက်နှင့် ပြည့်စုံရန်လိုအပ်ကြောင်းသိရှိရသည်။

## (၁) ဒေသခံအဖွဲ့အစည်းများ

ဒေသခံများအနေဖြင့်စုစည်းညီညွတ်စွာ အတူတကွပူးပေါင်းလုပ်ဆောင်ရန်၊ သင်ယူလေ့လာရန်လိုအပ်သည်။ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းဆိုင်ရာဒေသခံအဖွဲ့အစည်းတစ်ရပ် ထူထောင်ထားခြင်းဖြင့် ဒေသခံများအကြား ဤအရပ်ဒေသ၊ ဤအရင်းအမြစ်များသည် မိမိ၏ပိုင်ဆိုင်ပစ္စည်းများဖြစ်သည်ဟူသော ခံယူချက်ဖြစ်ထွန်းလာပြီး ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ရန် တွန်းအားတစ်ရပ်ဖြစ်စေမည်ဖြစ်သည်။ ဒေသခံများထဲမှ ခရီးသွားလုပ်ငန်းဆိုင်ရာတတ်သိနားလည်သူများကလည်း မိမိတို့၏အသိပညာ၊ အတတ်ပညာများကို အဖွဲ့အစည်းအတွင်း ပြန်လည်မျှဝေဖြန့်ဖြူးပေးရန်လည်းလိုအပ်ပါသည်။

## (၂) သဘာဝနှင့်ယဉ်ကျေးမှုဆိုင်ရာအရင်းအမြစ်များ

သစ်တောများ၊ တောင်စွယ်တောင်တန်းများ၊ ရေတံခွန်များ၊ သန္တာကျောက်တန်းများ၊ ပင်လယ်ကမ်းခြေများ၊ သဘာဝတောရိုင်းတိရစ္ဆာန်များစသည့်သဘာဝအရင်းအမြစ်များနှင့် မျိုးဆက်တစ်ဆက်ပြီးတစ်ဆက်လက်ဆင့်ကမ်းအမွေပေးခဲ့ကြသည့် ထူးခြားသော ယဉ်ကျေးမှုဆိုင်ရာအရင်းအမြစ်များသည် ခရီးသွားဧည့်သည်များအားဆွဲဆောင်နိုင်သည့်အသိသာအထင်ရှားဆုံးသော ခရီးသွားလုပ်ငန်း အရင်းအမြစ်များဖြစ်သည်။

## (၃) စီမံခန့်ခွဲမှု

ဒေသရှိအရင်းအမြစ်များကိုလျော်ကန်သင့်မြတ်စွာ စီမံခန့်ခွဲနိုင်ရေးအတွက် ရပ်ရွာလူထု အခြေပြုခရီးသွားလုပ်ငန်း၏သဘောသဘာဝကို နားလည်သော၊ အတွေးအခေါ် အမြော်အမြင်နှင့်ပြည့်စုံသော၊ အများလက်ခံသည့်ဦးစီးဦးရွက်ပြုမည့်သူတစ်ဦးလိုအပ်သည်။ ဒေသခံများနှင့် ခရီးသွားဧည့်သည်များအကြား သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ရေး စီမံခန့်ခွဲမှုယန္တရားတစ်ရပ်လိုအပ်မည်ဖြစ်သည်။ ရပ်ရွာဖွံ့ဖြိုးရေးကိုဦးတည်၍ ခရီးသွားလုပ်ငန်းဆောင်ရွက်ခြင်းနှင့်အတူ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့်လည်း ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှုကလည်း အရေးပါလှသည်။ အရေးအကြီးဆုံးအချက်မှာ ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းဆောင်ရွက်ခြင်းသည် လူနည်းစုအကျိုးအမြတ်ရရှိရေးအတွက်မဟုတ်ဘဲ ဒေသခံအားလုံးအကျိုးတရားရရှိရေးပင်ဖြစ်သည်။

## (၄) သင်တန်းပို့ချခြင်းနှင့်သင်ယူလေ့လာခြင်း

အတတ်ပညာအသစ်များကို လေ့လာသင်ယူခြင်း၊ အတွေးအခေါ်အသစ်များကို ဖော်ထုတ်ခြင်း၊ အချေအတင်ဆွေးနွေးခြင်း၊ အခက်အခဲများကိုဖြေရှင်းခြင်း၊ စီမံချက်ရေးဆွဲခြင်း၊ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်းများအတွက် အခွင့်အလမ်းများဖော်ဆောင်ပေးရန်လည်း လိုအပ်ပါသည်။ ဒေသခံများနှင့် ဧည့်သည်များလိုက်နာကျင့်သုံးရန် စည်းကမ်းချက်များချမှတ်ထားရန်လိုအပ်ပြီး ဧည့်သည်များနှင့် ဒေသခံများအကြား အသိပညာဗဟုသုတဖလှယ်နိုင်သည့် စနစ်တစ်ရပ်ကိုလည်းလုပ်ဆောင်သင့်သည်။ အဓိကအားဖြင့် လွတ်လပ်ပွင့်လင်းသော ဆွေးနွေးပွဲများဖြင့် အများသဘောတူလက်ခံသည့် ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းပုံစံတစ်ရပ်ကိုဖော်ဆောင်ရန်ဖြစ်သည်။ ထို့အတူဧည့်သည်များအားအဆင့်အတန်းမီ ဝန်ဆောင်မှုပေးနိုင်ရေးအတွက် ဝန်ဆောင်မှုဆိုင်ရာသင်တန်းများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာသင်တန်းများကိုလည်း ဒေသခံများအဆင်ပြေစွာတက်ရောက်သင်ယူနိုင်သည့် နေရာ၊ အချိန်တို့နှင့် ကိုက်ညီပြီး ဖွင့်လှစ်ပေးရန်လည်းလိုပါသည်။

**မဝေးတော့သောကာလတွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍအတွက် မှတ်တိုင်သစ်တစ်ခုဖြစ်သော ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းပိုမိုဖြစ်ထွန်း တိုးတက်လာရန်လမ်းစပွင့်လန်းလာပြီဖြစ်ပြီး ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်များ၊ ဝင်ငွေတိုးတက်မှုများ၊ လူမှုစီးပွားဘဝအရည်အသွေးမြင့်မား တိုးတက်မှုများ၊ ပညာရေး၊ လူမှုရေးနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုများလည်း မလွဲမသွေဖြစ်ထွန်းလာတော့မည်. . .**

ဒေသတစ်ခု၏ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းအနေအထားကိုဖော်ပြပါအချက်(၄) ချက်ဖြင့် သုံးသပ်လေ့ရှိကြသည်။ မည်သို့ပင်ဖြစ်စေကာမူ ကနဦးအစပျိုးလုပ်ငန်းတစ်ခုအနေဖြင့် စည်းစနစ်ကျသော၊ ရေရှည်ဖွံ့ဖြိုးတိုးတက်သော၊ အားလုံးပါဝင်ဆောင်ရွက်၍အားလုံးအကျိုးခံစားရသော ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းတစ်ရပ်ရှင်သန်ဖွံ့ဖြိုးလာစေရန် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်သည်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍအတွက်ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းလမ်းညွှန်ဖြစ်သော ခရီးသွားလုပ်ငန်းပင်မစီမံကိန်း (၂၀၁၃-၂၀၂၀) ပါ အဓိကရည်မှန်းချက်များတွင် "ခရီးသွားလုပ်ငန်းတွင် ဒေသခံများ ပိုမိုပါဝင်လာစေရန်"ဟူသည့်အချက်ကိုအတိအလင်းဖော်ပြထားသည်။ ထို့အပြင်ဒေသခံများအနေဖြင့် ခရီးစဉ်ဒေသစီမံကိန်းရေးဆွဲရေးနှင့် ကြီးကြပ်ကွပ်ကဲမှု လုပ်ငန်းစဉ်များတွင် ပိုမိုပါဝင်လာစေရန်၊ ခရီးသွားလုပ်ငန်းတွင်အမျိုးသမီးများ၊ လူမျိုးနွယ်စုဝင်များနှင့် ဆင်းရဲနွမ်းပါးသူများပါဝင်လာနိုင်စေရန်နှင့် စိတ်ဝင်စားလာကြစေရန်အတွက် ရွေးချယ်ထားသောနေရာအချို့တွင် နမူနာပြလုပ်ငန်းများ ဆောင်ရွက်ပြသရန်၊ ယင်းနမူနာပြလုပ်ငန်းများကို ဒေသခံလူ့အဖွဲ့အစည်းများ၊အစိုးရဌာနများနှင့် ပုဂ္ဂလိကများက

**သစ်တောများ၊ တောင်စွယ်တောင်တန်းများ၊ ရေတံခွန်များ၊ သန္တာကျောက်တန်းများ၊ ပင်လယ်ကမ်းခြေများ၊ သဘာဝတောရိုင်းတိရစ္ဆာန်များစသည့် သဘာဝအရင်းအမြစ်များနှင့် မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် လက်ဆင့်ကမ်းအမွေပေးခဲ့ကြသည့် ထူးခြားသော ယဉ်ကျေးမှုဆိုင်ရာ အရင်းအမြစ်များသည် ခရီးသွားဧည့်သည်များအား ဆွဲဆောင်နိုင်သည့် အသိသာအထင်ရှားဆုံးသော ခရီးသွားလုပ်ငန်းအရင်းအမြစ်များဖြစ်. . .**

မိမိတို့၏ ပင်ကိုဗဟုသုတ၊ လုပ်ရည်ကိုင်ရည်တို့ အပေါ်တွင်အခြေတည်၍ဆောင်ရွက်ကြရန်ဖြစ်ကြောင်းကိုလည်း ထည့်သွင်းပြဋ္ဌာန်းထားပါသည်။

ယင်းရည်မှန်းချက်ကို အကောင်အထည်ဖော်မှု၏အစိတ်အပိုင်းတစ်ခုအဖြစ် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ယင်းတိုင်းတောင်တမံ၌ ၂၀၁၅ခုနှစ် နိုဝင်ဘာ ၃၀ ရက်က ကျင်းပသော ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းစတင်ခြင်း (Community-Based Tourism Initiative)အခမ်းအနား ကျင်းပခဲ့ရာဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။ ယင်းအခမ်းအနားသည် မြန်မာနိုင်ငံတွင်ပထမဆုံးအနေဖြင့် တရားဝင်ဆောင်ရွက်သော ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း(Community-Based Tourism)ကို စတင်အကောင်အထည်ဖော်ခြင်းလည်းဖြစ်သည်။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ဩစတြေးလျနိုင်ငံအခြေစိုက်ခရီးသွားလုပ်ငန်းတစ်ခုဖြစ်သော Journey Adventure Travel ကုမ္ပဏီနှင့် မြန်မာနိုင်ငံမှ Action Aid အဖွဲ့တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် စတင်နိုင်ခဲ့သော ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း၏အစပျိုးမှတ်တိုင်တစ်ခုအဖြစ် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းကို မြိုင်မြို့နယ် အင်းရောင်းကျေးရွာအုပ်စုရှိ အင်းရောင်းကျေးရွာ၊ စူလီပန်းကျေးရွာ၊ ကန်ကြီးတော့အရှေ့ကျေးရွာနှင့် ကန်ကြီးတော့အနောက်ကျေးရွာတို့တွင် ဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ လာရောက်ကြသော နိုင်ငံခြားခရီးသွားဧည့်သည်များ တည်းခိုနိုင်ရန် တစ်အိမ်လျှင်လူဦးရေ ၁၀ ဦးခန့်တည်းခိုနိုင်မည့် အိမ်လေးလုံး (ယင်းတိုင်းတောင်တမံတည်းခိုခန်း)ကို ဆောက်လုပ်ထားကြောင်းလည်းသိရှိရသဖြင့် ဒေသခံများအတွက် ဝမ်းသာပီတိဖြစ်ရပါသည်။ ယင်းတိုင်းတောင်တည်းခိုခန်းတွင် တည်းခိုခအနေဖြင့် တစ်ဦးလျှင် စားစရိတ်အပါအဝင် တစ်ရက်အတွက် ဒေါ်လာ ၅၀ ဖြစ်ပြီး ယင်းထဲမှ ၁၀ ဒေါ်လာကိုခရီးသွားလုပ်ငန်းဖော်ဆောင်နေသည့် ရွာလေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း၊ ခရီးသွားများအနေဖြင့် အညာဒေသယဉ်ကျေးမှုနှင့် သဘာဝအလှများကို လေ့လာနိုင်ရန် စက်ဘီးစီးခြင်းနှင့် တမံအတွင်းလှေစီးခြင်းကိုလည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံခြားခရီးသွားဧည့်သည်များတည်းခိုနေထိုင်နိုင်ရန်နှင့် လည်ပတ်ကြည့်ရှုနိုင်ရန်အတွက် ဒေသခံများအားရွေးချယ်ပြီး သင်တန်းများပို့ချခန့်အပ်သွားမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် Journey Adventure Myanmar ခရီးသွားလုပ်ငန်း၏စီစဉ်မှုဖြင့် အဆိုပါဒေသသို့ လာရောက်လည်ပတ်ရန် စာရင်းပေးထားပြီးဖြစ်ကြောင်း၊ ယင်းဧည့်သည်များသည် ၂၀၁၆ ခုနှစ် ဇန်နဝါရီလဆန်းပိုင်းမှစတင်၍ အသုတ်လိုက်လာရောက်လည်ပတ်ကြမည်ဖြစ်ကြောင်း သတင်းကောင်းများကိုလည်းသိရှိရပါသည်။

ထို့အပြင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ကြီးကြပ်မှု၊ Myanmar Centre for Responsible Business နှင့် Hanns Seidel Foundation တို့၏စီစဉ်ထောက်ပံ့မှုတို့ဖြင့် "နယ်ပယ်အသီးသီးမှ အကျိုးလိုလားသည့်သက်ဆိုင်သူများပါဝင်သော ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း အလုပ်ရုံဆွေးနွေးပွဲ" တစ်ရပ်ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁ ရက်နေ့က နေပြည်တော်ရှိ Lake Garden Hotel တွင် ကျင်းပပြုလုပ်ခဲ့သည်။ ယင်းအလုပ်ရုံဆွေးနွေးပွဲသို့ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတက်ရောက်အမှာစကားပြောကြားခဲ့ပြီး ကရင်၊ ရှမ်း၊ ကယား၊ ကချင်နှင့် မွန်ပြည်နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းဆိုင်ရာစီမံကိန်း ကိစ္စရပ်များကို ဝန်ကြီးဌာနမှဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့်လက်အောက်ခံအသင်းအဖွဲ့များ၊ လူထုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အကြံပေးများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ဆောင်နေကြသော ကိုယ်စားပြုအဖွဲ့အစည်းများမှကိုယ်စားလှယ်များ စုစုပေါင်း ၁၀၀ ခန့်တက်ရောက်၍ နှစ်ရက်ကြာဆွေးနွေးခဲ့ကြသည်။

သို့ဖြစ်ရာ မဝေးတော့သောကာလတွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍအတွက် မှတ်တိုင်သစ်တစ်ခုဖြစ်သော ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းပိုမိုဖြစ်ထွန်းတိုးတက်လာရန်လမ်းစပွင့်လန်းလာပြီဖြစ်ပြီး ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်များ၊ ဝင်ငွေတိုးတက်မှုများ၊ လူမှုစီးပွားဘဝအရည်အသွေးမြင့်မားတိုးတက်မှုများ၊ ပညာရေး၊ လူမှုရေးနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုများလည်း မလွဲမသွေဖြစ်ထွန်းလာတော့မည်ဖြစ်ပါသည်။ဆင်းရဲမှုလျော့ကျရေး လုပ်ငန်းစဉ်ဖော်ဆောင်မှုတွင် တစ်စိတ်တစ်ပိုင်းအဖြစ် ခရီးသွားလုပ်ငန်းမှထိရောက်စွာပါဝင်ရေးတွင် အားဖြည့်ပေးသည့် ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းသည် တိုးတက်ဖွံ့ဖြိုးရန် အစပြုအရှိန်ယူရင်း ရောင်နီသန်းလာပြီဖြစ်ပါကြောင်း တင်ပြလိုက်ပါသည်။ ။

# (၉၅)နှစ်မြောက် အမျိုးသားနေ့အခမ်းအနား ကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၆**

မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်းက ကြီးမှူးပြုလုပ်သည့် (၉၅)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် စံကားဝါလမ်းရှိ မြို့မကျောင်းသား ကျောင်းသူဟောင်းများအသင်းရုံး မွန်မြတ်ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့မကျောင်းသား ကျောင်းသူဟောင်းများအသင်း ဥက္ကဋ္ဌ ဦးညွန့်မြိုင်က အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ မြို့မကျောင်းသားဟောင်းဦးတင်မြင့်၊ ဦးတင်လှိုင်နှင့် အထက(၂)ဒဂုံကျောင်းအုပ်ကြီးတို့က အမျိုးသားနေ့အကြောင်း သိကောင်းစရာများ၊ မြို့မကျောင်း၏ အစဉ်အလာနှင့် ကျောင်းသား ကျောင်းသူများအတွက် အသိပညာတိုးပွားရေးဆိုင်ရာများကို ဟောပြောကြသည်။

ယင်းနောက် အထက(၂)ဒဂုံနှင့် အထက(၃)ဒဂုံတို့မှ ကျောင်းသား ကျောင်းသူများက အကပဒေသာများဖြင့် ကပြဖျော်ဖြေကြသည်။

ဆက်လက်၍ သားမြို့မ၊ သမီးမြို့မဆုနှင့် အထက(၂)ဒဂုံနှင့် အထက(၃)ဒဂုံတို့မှ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် (၉၅)နှစ်မြောက် အမျိုးသားနေ့ စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ကြကြောင်း သိရသည်။

**(ခင်မောင်ဝင်း)**

# အေးသာယာကျေးရွာရှိ ရေဘေးသင့်ပြည်သူများအတွက် လူနေအိမ်များဆောက်လုပ်ပြီးစီး

**ကလေး ဒီဇင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသ ရေဘေးပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အေးသာယာကျေးရွာမှ ရေဘေးသင့်ပြည်သူများအတွက် လူနေအိမ် ၃၆ လုံး ဆောက်လုပ်ပေးလျက်ရှိရာ ယခုအချိန်တွင် ရာနှုန်းပြည့် ဆောက်လုပ်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



ကလေးဒေသတွင် ပြီးခဲ့သည့် ဇူလိုင်လကုန်ပိုင်းနှင့် ဩဂုတ်လဆန်းများက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ချောင်းရေ၊ မြောင်းရေများလျှံတက်ကာ ကလေးမြို့နယ်အတွင်း၌ လယ်ယာမြေနှင့် အိုးအိမ်များ ကြီးမားသော ပျက်စီးဆုံးရှုံးမှုများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။

ယခုအချိန်တွင် နိုင်ငံတော်၏ စေတနာ၊ ပြည်သူများထဲမှ စေတနာအလှူရှင်များနှင့် လူမှုကူညီရေးအသင်းအဖွဲ့များ၏ ထောက်ပံ့မှုများဖြင့် လူနေအိမ်သစ် စုစုပေါင်း ၃၅၈ လုံး ဆောက်လုပ်ပေးလျက်ရှိရာ ယခုလအတွင်း ဆောက်လုပ်မှုမှာ ရာနှုန်းပြည့် ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

**(ဂျိုးနက်)**

■

# ကလေးဝမြို့နယ်အတွင်း ရေဘေးသင့်ပြည်သူများအတွက် နေအိမ်သစ်များ အရှိန်အဟုန်မြှင့်ဆောက်လုပ်

**ကလေးဝ ဒီဇင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်တွင် ပြီးခဲ့သည့် ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် မိုးများသည်းထန်စွာ ရွာသွန်းမှုကြောင့် ချောင်းရေ မြောင်းရေများလျှံတက်ကာ လယ်ယာမြေ၊ အိုးအိမ်နှင့် အခြားကြီးမားသော ပျက်စီးဆုံးရှုံးမှုများနှင့် ရင်ဆိုင်ကြုံတွေ့ရပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို နိုင်ငံတော်၏ စေတနာ၊ ပြည်သူများထဲမှ စေတနာရှင် အလှူရှင်များနှင့် လူမှုကူညီရေးအသင်းအဖွဲ့များ၏ ထောက်ပံ့ကူညီမှုများဖြင့် မြေနေရာသစ်များ ဖော်ထုတ်၍ နေအိမ်သစ်များကို လူအင်အား၊ စက်အင်အားများဖြင့် စနစ်တကျ အချိန်နှင့်တစ်ပြေးညီ အရှိန်အဟုန်မြှင့် ပြန်လည်တည်ဆောက်ပေးလျက်ရှိသည်။

ယခုအခါ ရပ်ကွက်/ကျေးရွာအုပ်စုလေးခုမှ ရေမျောပျက်စီးသွားသော နေအိမ် ၉၁ လုံးရှိသည့်အနက် ၄၉ လုံးအား သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းတစ်ထပ်အမျိုးအစားဖြင့် ပြန်လည်တည်ဆောက်ပြီးစီးကာ ကျန်ရှိသည့် ၄၂ လုံးမှာ ၅၃ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည့်အပြင် တစ်စိတ်တစ်ပိုင်း ပျက်စီးသွားသောလူနေအိမ် ၁၀၁ လုံး အနက် ၇၅ လုံးတို့မှာလည်း ၅၃ ရာခိုင်နှုန်း ပြုပြင်ပြီးစီးပြီး ကျန် ၂၆ လုံးမှာ ၇၄ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

အဆိုပါ ရေဘေးသင့်ကျေးရွာများအတွက် ရွာသစ်တည်ထောင်ခြင်း၊ လူနေအိမ်အသစ်များ ပြန်လည်ဆောက်လုပ်ခြင်းကို တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ခရိုင်/မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနှင့် ဇုန်အလိုက်တာဝန်ပေးထားသော ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများက အနီးကပ်ကြီးကြပ်ကာ လုပ်ငန်းများ အမြန်ပြီးစီးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ချင်းတွင်းသား)**



# လှိုင်ကော်ပညာရေးကောလိပ် ဖွင့်လှစ်

**လှိုင်ကော် ဒီဇင်ဘာ ၆**

ကယားပြည်နယ် လွိုင်ကော်မြို့ ချိုကယ်ကျေးရွာအုပ်စု ထေးသမကျေးရွာရှိ လွိုင်ကော်ပညာရေးကောလိပ် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီခွဲတွင် ကျင်းပသည်။

ရှေးဦးစွာ ကယားပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်၊ မြို့မိမြို့ဖ ဦးခီးရယ်တို့က လွိုင်ကော်ပညာရေးကောလိပ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လွိုင်ကော်ပညာရေးကောလိပ် ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ တာဝန်ရှိသူများနှင့်အတူ သင်တန်းသားသင်တန်းသူများက ထမင်းစားဆောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

လွိုင်ကော်ပညာရေးကောလိပ်တွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်း အမှတ်စဉ်(၂၀/၂၀၁၅) ပထမနှစ်ကို သင်တန်းသား ၅၂ ဦးနှင့် သင်တန်းသူ ၉၈ ဦးတို့ဖြင့် ဒီဇင်ဘာ ၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် မင်းကုန်းစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းကြည့်ရှု

**ရန်ကုန် ဒီဇင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းဆွေသည် ဒီဇင်ဘာ ၃ ရက်က အကျဉ်းဦးစီးဌာန မင်းကုန်းစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

တရားသူကြီးချုပ်သည် စခန်းရှိအကျဉ်းသားများနှင့်တွေ့ဆုံ၍ ဥပဒေပါ အခွင့်အရေးများ ခံစားရရှိခွင့် ရှိ၊ မရှိနှင့် ၎င်းတို့၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးအခြေအနေနှင့် အသက်မွေးမှုအတတ်ပညာသင်ကြားပေးမှု အခြေအနေများကို ဆွေးနွေးမေးမြန်းခဲ့ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် စခန်းရှိတာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# အဝေးပြေးယာဉ်အတွက် အထူးထုတ်လုပ်ထားသောတာယာ ထွက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၆**

မြန်မာနိုင်ငံ၌ မော်တော်ယာဉ်ဖြင့် ခရီးသွားလာမှုများ တိုးတက်များပြားလာသည်။ အထူးသဖြင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးမှတစ်ဆင့် သွားလာမှုပိုများလာသည်။ ထိုသို့ ယာဉ်ဖြင့်သွားလာရာတွင် အရေးအကြီးဆုံးအချက်မှာ ကားတာယာဖြစ်သည်။ ကားတာယာမကောင်းပါက ဘီးကွဲပြီး အသက်အန္တရာယ်ဖြစ်ကြသည်ကို တွေ့ရသည်။

ထို့ကြောင့် ယုံကြည်စိတ်ချရသော ကားတာယာများကို မြန်မာနိုင်ငံတွင် တင်သွင်းရောင်းချလျက်ရှိရာ Michelin တာယာမှာ လူသိများသည်။ သက်တမ်းရှည်ပြီး စိတ်ချလုံခြုံမှုရှိ၍ လူကြိုက်များသည်။ အသုံးပြုနေသော တာယာများအနက် အများပြည်သူစီးနင်းသော အဝေးပြေးအမြန်ကားကြီးများအတွက် အထူးထုတ်လုပ်ထားသည့် Michelin 295/80 R22.5 X-Coach Energy Z ကို နိုဝင်ဘာ ၂၉ ရက်တွင် တရားဝင်ကိုယ်စားလှယ် ထူးမော်ကုမ္ပဏီလီမိတက်အား စတင်ဖြန့်ချိခွင့်ပြုလိုက်ကြောင်း သိရသည်။

အဆိုပါ စတင်ဖြန့်ချိသောနေ့က Michelin Siam မှ Director Mr. Lionel Cadeau က အမှာစကားပြောကြားပြီး ထိုကုမ္ပဏီမှ အင်ဂျင်နီယာက အထူးထုတ်လုပ်ထားသော အဝေးပြေးကားတာယာ၏ ထူးခြားချက်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါ Michelin တာယာပင်ရင်းအရောင်းပြခန်းမှာ ထူးမော်(ရန်ကုန်တာယာ) အမှတ်(၄၇) ဘုရင့်နောင်လမ်းမကြီးနှင့် ရန်ကုန်တာယာအရောင်းကိုယ်စားလှယ်များထံတွင် သင့်တင့်သောဈေးနှုန်းနှင့် ရောင်းချပေးနေကြောင်း သိရသည်။ **(ကြေးမုံ)**

# ညောင်တုန်းမြို့၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်

**ညောင်တုန်း ဒီဇင်ဘာ ၆**

ညောင်တုန်းမြို့နယ်တွင် တရားမဝင် ဓာတ်အားသုံးစွဲမှုများအား ဖော်ထုတ်အရေးယူဆောင်ရွက်ခြင်း၊ ထရန်စဖော်မာများ Load Balance များ ချိန်ညှိခြင်းနှင့် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ နှစ်ကြာမီတာများအား စစ်ဆေးလဲလှယ်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ လိုင်းတာဝန်ခံဦးစိုးပိုင်က ဒီဇင်ဘာ ၄ ရက်က ရှင်းလင်းပြောပြသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဆင်းရဲမှုလျှော့ချရေး ရန်ပုံငွေအရ မြို့အဝင် ကြိုဆိုဦးဂိတ်အဝင်ရှိ ဆောက်လုပ်ရေးအထူး(၂၁)ထိပ်မှ ညောင်တုန်းမြို့အမှတ်(၆)ရပ်ကွက် တိုက်သစ်လမ်းထိပ်အထိအိမ်မီး၊ လမ်းမီး လျှပ်စစ်မီးတိုင်များ တိုးချဲ့တည်ဆောက်ခြင်းနှင့် အမှတ်(၁)ရပ်ကွက်စံအောင်တာနှင့် ဇက်ဆိပ်ဘက်ခြမ်းရှိ ဆွေးမြည့်သစ်သားတိုင်များအား ကွန်ကရစ်တိုင်၊ သံလက်တန်းများဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းများအား ဒီဇင်ဘာ ၄ ရက်ကစ၍ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဦးဖြိုးကျော်နှင့် လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ထွန်းကျော်(ညောင်တုန်း)**

# ပြည်တွင်းရေးရာ

❍ **ခါကာဘိုရာဇီမှ**

ကျော်ကြားနေတော့ ခါကာဘိုရဲ့အမည်းစက်ကိုဖျက်ချင်တဲ့ ဆန္ဒတစ်ခုလည်း ပါပါတယ်။ ဒ့ါအပြင် ဒီတောင်က ကျွန်တော်တို့နိုင်ငံထဲမှာ အမြင့်ဆုံးတောင်ဖြစ်တဲ့အတွက် ကိုယ့်နိုင်ငံကတောင်ကို နိုင်ငံသားတစ်ဦးအနေနဲ့ တက်ရောက်ပြီး အဲဒီတောင်ထိပ်မှာ နိုင်ငံတော်အလံနဲ့ မြန်မာနိုင်ငံဓာတ်ပုံအသင်းရဲ့အလံကို စိုက်ထူချင်တဲ့ ဆန္ဒတွေကြောင့်ပါ။

**မေး။ ဟုတ်ကဲ့။ ဒါဆို ခါကာဘိုရာဇီရေခဲတောင်ကို ဘယ်နေ့လောက်တက်မယ်လို့ စီစဉ်ထားလဲဆိုတာနဲ့ အသွားအပြန် ဘယ်နှရက်လောက်ကြာမယ်လို့ မှန်းထားပါလဲ။**

ဖြေ။ လာမယ့် ၂၀၁၆ ခုနှစ် ၈ လပိုင်းလောက်မှာ တက်ဖြစ်မှာပါ။ ခါကာဘိုကို တက်ဖို့ အသွားအပြန် ရက် ၄၀ လောက်ကြာပါတယ်။ ပူတာအိုကနေ တဟွန်ဒမ်းရွာအထိကို ဆိုင်ကယ်နဲ့တစ်ရက်သွားပြီးရင် ၁၄ ရက်လောက် လမ်းလျှောက်ရပါတယ်။ ပြီးရင် တဟွန်ဒမ်းရွာကနေ တောင်ခြေမှာ စခန်းချဖို့ လေးရက် ထပ်ပြီးတော့ လမ်းလျှောက်ရပါတယ်။ တောင်ခြေမှာစခန်းချပြီး တောင်ထိပ်ကိုတက်ရောက်တဲ့အခါ အသွားအပြန် ၁၀ ရက်ကြာမယ်လို့ မှန်းထားပါတယ်။

**မေး။ အစ်ကိုတို့ တောင်တက်အဖွဲ့ဝင် ဘယ်နှဦးလောက် ပါဝင်တက်ရောက်ကြမလဲ။**

ဖြေ။ အဖွဲ့ဝင် ၁၀ ဦးပါဝင်မှာပါ။ ကျွန်တော်နဲ့ ဒေသခံတွေချည်းပဲ ဖြစ်ဖို့များပါတယ်။ ငါးယောက်လောက်ကတော့ တောင်ခြေမှာနေခဲ့ပြီး ရိက္ခာထောက်ပံ့တာတွေ စီစဉ်သွားမယ်။ ဒေသခံငါးယောက်က တောင်ထိပ်ထိ လမ်းကြောင်းရှင်းတာတွေ၊ ကြိုးဆင်တာတွေ လုပ်သွားမှာပါ။ ရာသီဥတုကောင်းပြီဆိုတာနဲ့ ကျွန်တော်ရယ်၊ လမ်းပြတစ်ဦးရယ်၊ တောင်တက်ကျွမ်းကျင်တဲ့ ဒေသခံတစ်ဦးနဲ့ အတူတက်ရောက်သွားမှာပါ။

**မေး။ ဟုတ်ကဲ့။ အစ်ကို့အတွက် လိုအပ်တဲ့ တောင်တက်အတွေ့အကြုံ၊ လေ့ကျင့်မှုပိုင်းတွေနဲ့ ပတ်သက်ပြီးတော့ကော ဘာတွေလုပ်ဆောင်သွားမယ်ဆိုတာ သိချင်ပါတယ်။**

ဖြေ။ ခါကာဘိုရာဇီက အမြင့်ပေ ၁၉၀၀၀ ကျော်ပါတယ်။ ကျွန်တော်တက်ခဲ့တဲ့တောင်တွေက ပေ ၁၅၀၀၀ အထက်ကြီးပါပဲ။ ဖန်ဂရန်ရာဇီက အမြင့်ပေ ၁၅၀၀၀ ကျော်ပါတယ်။ သုံးခေါက်တက်ဖူးပါတယ်။ အခုတက်ခဲ့တဲ့ မဒွယ်ခရီးစဉ်မှာလည်း ပုံမှန်တက်ကြတာကတော့ ၁၈ ရက်ကနေ ရက် ၂၀ ထိ အချိန်ယူပြီး တက်ရတဲ့ခရီးစဉ်ပါ။ ဒါပေမယ့် ကျွန်တော်မဒွယ်ခရီးစဉ်ကို ၁၂ ရက်နဲ့ မြန်မြန်ဆန်ဆန်သွားနိုင်ခဲ့တယ်။ ထင်ထားတာထက် အဆင်ပြေနေခဲ့တယ်။ ဒါတွေက ကျွန်တော့်တောင်တက်ခြင်း အတွေ့အကြုံတွေပါ။ ဒါပေမယ့် ကျွန်တော်တက်ခဲ့တာ အမြင့်ပေ ၁၅၀၀၀ ကျော်တွေဆိုတော့



ခါကာဘိုရာဇီနဲ့ယှဉ်ရင် အမြင့်ပေ ၄၀၀၀ ကျော်ကွာနေပါသေးတယ်။ ဒီတော့ ရှစ်လ အချိန်ရတဲ့ကြားထဲ ကျန်းမာရေး၊ ခန္ဓာကိုယ်ကြံ့ခိုင်မှုတွေကို လုပ်ဆောင်သွားပြီး တောင်တက်လေ့ကျင့်ခန်းတွေကို အချိန်ပေးပြီးလုပ်ဆောင်သွားမှာပါ။

**မေး။ ဟုတ်ကဲ့။ တောင်တက်သွားရောက်ဖို့ လိုအပ်တဲ့ရိက္ခာ၊ တောင်တက်ပစ္စည်း ပြည့်စုံမှု၊ ဆက်သွယ်ရေး ပိုင်းဆိုင်ရာတွေ၊ အစိုးရကို ကြိုတင်အသိပေးအကြောင်းကြားတာတွေနဲ့ ပတ်သက်ပြီး ပြင်ဆင်ထားမှုတွေကို သိချင်ပါတယ်။**

ဖြေ။ ရေခဲတောင် တစ်တောင်တက်တော့မယ်ဆိုရင် ကြိုတင်ပြင်ဆင်မှုအပိုင်းတွေက သူ့အပိုင်းနဲ့သူ အများကြီးလုပ်ရပါတယ်။ လိုအပ်တဲ့ရိက္ခာတွေ ဆန်တွေကို အခုတစ်လပိုင်းကနေစပြီးတော့ ပို့တော့မှာပါ။ တောင်တက်ပစ္စည်းတွေကိုလည်း ကျွန်တော်ပြည်ပထွက်ဝယ်ဖို့ စီစဉ်ထားပါတယ်။ ဆက်သွယ်ရေးပိုင်းဆိုင်ရာတွေကတော့ တောင်ထိပ်ကနေ တောင်ခြေကို ဆက်သွယ်နိုင်မယ့် ဝေါ်ကီတော်ကီဖုန်းတွေ အလုံအလောက်ယူသွားမှာ ဖြစ်ပါတယ်။ ဂြိုဟ်တုဖုန်းတော့ မယူသွားပါဘူး။

**မေး။ ဘာဖြစ်လို့ ဂြိုဟ်တုဖုန်း မယူသွားရတာလဲ။ ဂြိုဟ်တုဖုန်းနဲ့ ပတ်သက်ပြီး ရှေ့မှာလည်း သာဓကတစ်ခုအနေနဲ့ဖြစ်သွားခဲ့သလို အန္တရာယ်တစ်ခုခုနဲ့ ကြုံလာခဲ့ဖြစ်ရင် ဒါကအထောက်အကူ မဖြစ်စေနိုင်ဘူးလား။**

ဖြေ။ ကျွန်တော်ကတော့ ဂြိုဟ်တုဖုန်းကို အလေးခံပြီး သယ်သွားမှာ မဟုတ်ပါဘူး။

**မေး။ ဟုတ်ကဲ့။ ဒါဆို တောင်ထိပ်ရောက်တယ် မရောက်ဘူးဆိုတာကိုကော ဘယ်လိုသက်သေပြနိုင်မလဲ။**

ဖြေ။ ဒါကို ကျွန်တော့်သူငယ်ချင်းတစ်ယောက် အကြံညဏ်ပေးလို့ စဉ်းစားထားပါတယ်။ ဒီအတွက်လည်း ကျွန်တော်စီစဉ်သွားမှာပါ။



ဓာတ်ပုံဆရာ ကိုကျော်သာ။

**မေး။ ဟုတ်ကဲ့။ ဒေသခံတွေနဲ့ အများဆုံးတက်ရောက်ဖို့ စီစဉ်ထားတာဆိုတော့ သူတို့အပေါ် ယုံကြည်ရမှုအခြေအနေနဲ့ အန္တရာယ်ကင်းကင်းတက်ရောက်နိုင်ဖို့ စိုးရိမ်စိတ်ဖြစ်မိလား။**

ဖြေ။ ရေခဲတောင်ကို တက်မယ်လို့ ကျွန်တော်ပြောကတည်းက သတင်းတွေ အများကြီးကြားရပါတယ်။ ရေခဲတောင်သွားမယ်လို့ဆိုတာနဲ့ သေတွင်းသွားမယ်လို့ ကျွန်တော်တို့နိုင်ငံထဲကလူတွေက ထင်နေကြတာ။ ပထမဆုံးအကြိမ် ကျွန်တော် ရေခဲတောင်သွားတဲ့အခါမှာ ကြားခဲ့ရတဲ့သတင်းတွေနဲ့မတူဘူးဆိုတာခံစားရတယ်။ အဲဒါကြောင့် နောက်ထပ်ရေခဲတောင်တက်ဖို့ ဆုံးဖြတ်ခဲ့တယ်။ ကျွန်တော်တက်ခဲ့တဲ့ ရေခဲတောင်တွေမှာ ဒေသခံတွေရဲ့အကူအညီနဲ့ တက်ခဲ့တာချည်းပါပဲ။ ခါကာဘိုရာဇီတောင်ကိုလည်း ဒေသခံတွေနဲ့တက်မှာဆိုတော့ စိုးရိမ်စိတ်မရှိပါဘူး။

**မေး။ ခါကာဘိုရာဇီက ရာသီဥတုအမြဲပြောင်းလဲနေတော့ ကြုံတွေ့လာမယ့် ရာသီဥတုအခြေအနေကို ဘယ်လိုကျော်ဖြတ်သွားမလဲ။**

ဖြေ။ ကျွန်တော်တို့ နိုင်ငံထဲက ရေခဲတောင်က တခြားနိုင်ငံက ရေခဲတောင်တွေနဲ့ မတူဘူး။ ရာသီဥတုအပြောင်းအလဲက တအားမြန်တယ်။ အဲဒါအတွက်က ရိက္ခာကိုလုံလုံလောက်လောက် တောင်ခြေစခန်းကို ပို့ထားမှာဖြစ်ပါတယ်။ ပြီးတော့လိုင်းကြောင်းတွေမှာ မုဆိုးတွေက ကြိုးတွေကိုဆင်ပြီး ရာသီဥတုပေါ်မူတည်ပြီး တက်သွားမှာဖြစ်ပါတယ်။ တက်သွားတဲ့နေရာမှာလည်း ပြင်းထန်တဲ့ ရာသီဥတုကို ထိပ်တိုက်တွေ့တာမျိုးမလုပ်ဘဲ ရှောင်ပြီးတက်သွားမှာပါ။

**မေး။ ဒါဆို အစ်ကိုတောင်ထိပ်ကို တက်ရောက်နိုင်ဖို့ ဘယ်လိုနည်းပညာတွေ သုံးပြီးတော့ တက်ရောက်သွားမယ်ဆိုတာ သိချင်ပါတယ်။**

ဖြေ။ ကျွန်တော်က ဓာတ်ပုံဆရာဆိုတော့ တောင်တက်နည်းပညာတွေနဲ့ ပတ်သက်ပြီးတော့ မကျွမ်းကျင်ပါဘူး။ တောင်တက်ပစ္စည်းအပြည့်အစုံ ကျွန်တော့်မှာလည်းမရှိဘူး။ အဲလိုတက်ဖို့ကြိုးစားမယ်ဆိုရင် ကျွန်တော် နှစ်တွေအများကြီးကြိုးစားပြီး လေ့ကျင့်ဖို့လိုပါတယ်။ ဒီတော့ ကျွန်တော်မကျွမ်းကျင်တဲ့ တောင်တက်နည်းပညာနဲ့တက်ဖို့ ကြိုးစားမယ်ဆိုရင် အန္တရာယ်လည်းပိုပြီးတော့ များတယ်။ ဒေသခံတွေလည်း လိုက်မတက်နိုင်ဘူး။အခု ကျွန်တော့်ကို လိုက်ပို့မယ့်လမ်းပြက တဟွန်ဒမ်းရွာကနေ ပူတာအိုကိုဆင်းလာတဲ့ မုဆိုးမျိုးရိုးပါ။ ခါကာဘိုရာဇီတောင်ထိပ်ကိုလည်း သူတို့ ကတိုးတွေရှာရင်း ရောက်ကြပါတယ်။ ရောက်တယ်ဆိုတာက ဒီအတိုင်း အလွတ်တက်လို့ မရဘူး။ ကြိုးနဲ့ဆင်ပြီးတော့ တစ်ဆင့်ပြီးတစ်ဆင့်တက်ရင်း ရောက်ခဲ့တာပါ။ ခဏခဏရောက်တယ်လို့လည်း ပြောပါတယ်။ ဒေသခံတွေရောက်နေမှတော့ ကျွန်တော်လည်း ကြိုးစားကြည့်ချင်တာပါ။ ဒီလို ကြိုးစားတဲ့အခါမှာလည်း ကျွန်တော်တို့ မြန်မာ့နည်း၊ မြန်မာ့ဟန်နဲ့ တက်ရောက်သွားမှာပါ။

**မေး။ မြန်မာ့နည်းမြန်မာ့ဟန်နဲ့ တောင်ထိပ်ကိုရောက်အောင်တက်သွားမယ်ဆိုတာက ဘယ်လိုမျိုးဆိုတာ ရှင်းပြပေးပါဦး။**

ဖြေ။ မြန်မာ့နည်း မြန်မာ့ဟန်ဆိုတာက ဒေသခံမုဆိုးတွေတက်တဲ့အတိုင်းပဲ။ ခါကာဘိုတောင်ခြေကနေ တောင်ထိပ်တက်ရောက်တဲ့နေရာမှာ တောင်တက်ကြိုးတွေ ဆင်သွားမယ်။ အဲဒါတွေကို မုဆိုးတွေက အရင်ဆင်သွားမှာပါ။ ဥပမာ တောင်တက်နည်းပညာတွေအရ ရေခဲထဲမှာ ရေခဲမာနေတဲ့အချိန် ဖြတ်ကျော်ဖို့ ဖိနပ်မှာ ဆူးသွားပါတဲ့ ဖိနပ်တွေလိုအပ်တယ်။ ရေခဲပုဆိန်တွေ လိုအပ်တယ်။ ပြီးရင် ကြိုးဆင်ဖို့အတွက်ကို ကျောက်နံရံတို့၊ ရေခဲနံရံတို့ကို ဖောက်ပြီးတော့ သံစခရူတွေနဲ့ ဆွဲပြီးဆင်သွားနိုင်ဖို့လည်း လိုအပ်ပါတယ်။ ကျွန်တော်သိသလောက်ပြောတာပါ။ အဲဒါတွေကို ကျွန်တော်တို့ မကျွမ်းကျင်ဘူး။ ခါကာဘိုက တစ်နှစ်လုံးရေခဲရှိတဲ့အခါကျတော့ နှစ်ပေါင်းများစွာကြာတဲ့အချိန်မှာ တောင်ထိပ်က ရေခဲတွေဟာ အစိမ်းရောင်သန်းပြီးတော့ ကျောက်သားလိုပဲ မာတယ်လို့ သိရတယ်။ အဲဒါကို တောင်တက်အကူပစ္စည်းတွေမပါဘဲ ဒေသခံတွေ ဘယ်လိုကျော်ဖြတ်လဲလို့ မေးကြည့်တဲ့အခါမှာ သူတို့က ရိုးရိုးပုဆိန်နဲ့ခုတ်ထစ်ပြီးတော့ တက်ကြတာလို့ ပြောတယ်။ဒါလည်း ဖြစ်နိုင်ခြေရှိတယ်လို့ ယူဆတယ်။ ဒီလိုတက်တဲ့နေရာမှာ အသက်လုံခြုံဖို့အတွက် ကြိုးတွေဆင်ပြီးတော့ တက်သွားမှာဖြစ်တဲ့အတွက် သူတို့တက်တဲ့အတိုင်း လိုက်တက်ဖို့ဆိုတာ စိုးရိမ်စရာမရှိဘူးလို့ ထင်ပါတယ်။ ပြီးတော့ ဒေသခံတွေပြောတာ ကျွန်တော်ကြားတာက အိုဇာကီတက်သွားခဲ့တဲ့လမ်းကြောင်းကလည်း တောင်ထိပ်မဟုတ်ဘူးလို့ ပြောနေတယ်။ ဒီထက်မြင့်တဲ့နေရာ ရှိသေးတယ်လို့လည်းပြောတယ်။ဒါပေမယ့်လည်း အိုဇာကီရောက်ခဲ့တဲ့နေရာထိကို အခုထိ ဘယ်သူမှ ထပ်မရောက်နိုင်သေးပါဘူး။

**မေး။ မနှစ်က ခါကာဘိုရာဇီ တောင်ထိပ်ကိုရောက်ပြီး ပျောက်ဆုံးနေတဲ့ တောင်တက် သမားနှစ်ဦးရဲ့ အချက်အလက်တွေ တွေ့မယ်လို့ ယူဆလား။**

ဖြေ။ ခါကာဘိုရာဇီကို တက်နိုင်မယ့်လမ်းကြောင်းကများတော့ ရေစက်ပါလာရင်တော့ တွေ့နိုင်ကောင်းတွေ့နိုင်ပါလိမ့်မယ်။ လုံးဝမတွေ့ဘူးလို့တော့လည်း ပြောလို့မရပါဘူး။

**မေး။ အခုခရီးစဉ်ကြီးမှာ Sponsor ပေးထားတဲ့ ကုမ္ပဏီတွေကောရှိလား။**

ဖြေ။ ခါကာဘိုရာဇီတောင်ကို ကျွန်တော့်ပိုက်ဆံနဲ့ ကျွန်တော်တက်မှာပါ။ စပွန်ဆာတွေကို လက်မခံပါဘူး။ လက်မခံဘူးဆိုတာက ခါကာဘိုနဲ့ပတ်သက်ပြီး သတင်းတွေရှိနေတာလေ။ တောင်ထိပ်ကို အောင်မြင်ဖို့ ပြည်တွင်းပြည်ပကနေ တောင်တက်အဖွဲ့ပညာရှင်တွေ လာရောက်ခဲ့ပေမယ့် ရလဒ်ဆိုးနှင့် ဆက်တိုက်ကြုံတွေ့နေခဲ့တယ်။ ကျွန်တော့်အနေနဲ့ ကိုယ့်ကိုယ်ယုံကြည်မှုအပြည့်ရှိတာမှန်ပေမယ့် သဘာဝကြီးနဲ့ယှဉ်ပြိုင်ရာမှာ တစ်ခါတစ်ရံ ၁၀၀ ရာခိုင်နှုန်း အနိုင်ပိုင်းထားလို့မရနိုင်တဲ့အတွက် မတော်တဆတစ်ခုခုဖြစ်ခဲ့ရင်ဆိုတဲ့စိတ်နဲ့ ဒီခရီးစဉ်အတွက် ဘယ်စပွန်ဆာကိုမှုလက်မခံဘဲ ကျွန်တော်ရဲ့ချွေးနဲ့စာနဲ့ ကြိုးစားတက်ရောက်သွားမှာပါ။

**မေး။ ဟုတ်ကဲ့။ ဒါဆို ခရီးစဉ်အစအဆုံး ကုန်ကျစရိတ် ဘယ်လောက်ရှိနိုင်မလဲ။**

ဖြေ။ ဒီခရီးစဉ်အတွက်ကုန်ကျစရိတ်သိန်း ၃၀၀ ခန့်မှန်းပါတယ်။ ဒါဟာ ခါကာဘိုရာဇီတောင်ထိပ်တက်ရောက်နိုင်ဖို့ကြိုးစားမှုမှာ အနည်းဆုံးကုန်ကျစရိတ်လည်းဖြစ်မယ်လို့ယုံကြည်ပါတယ်။

**မေး။ တောင်ထိပ်က ပြန်လာရင် ပြပွဲလုပ်သွားဖို့ရှိလား။**

ဖြေ။ ဟုတ်ကဲ့။ ကျွန်တော်ပြန်လာရင် ခါကာဘိုရာဇီရေခဲတောင် ပတ်ဝန်းကျင်ရဲ့ဓာတ်ပုံတွေကို ပြပွဲလုပ်သွားမှာပါ။

**မေး။ အစ်ကို ခါကာဘိုရာဇီပြီးရင် နောက်ထပ် ဘယ်ရေခဲတောင်တွေကို တက်ဖို့ရှိပါသေးလဲ။**

ဖြေ။ ကျွန်တော့်အိပ်မက်က ကျွန်တော်မြန်မာနိုင်ငံသားတစ်ဦးအနေနဲ့ ကိုယ့်နိုင်ငံရဲ့ အမြင့်ဆုံးတောင်ကို တက်ချင်တာပါ။ ခါကာဘိုရာဇီပြီးရင်တော့ ဘယ်တောင်ထပ်တက်ဖြစ်မလဲဆိုတာ ကျွန်တော်မစဉ်းစားရသေးပါဘူး။

အဆိုပါရေခဲတောင်ကို ၁၉၉၆ ခုနှစ် စက်တင်ဘာ ၅ ရက်က ဂျပန်-မြန်မာ ချစ်ကြည်ရေးအနေဖြင့် ဂျပန်လူမျိုး အိုဇာကီနှင့် ဒေသခံ နမားဂျွန်ဆိန်တို့ နှစ်ဦးအောင်မြင်စွာတက်ရောက်နိုင်ခဲ့သည်။

ယင်းနောက်ပိုင်း တက္ကသိုလ်ခြေလျင်တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်းမှ မြန်မာနိုင်ငံသားအဖွဲ့ဝင် ခုနစ်ဦးပါဝင်သော တောင်တက်အဖွဲ့မှ တောင်ထိပ်တက်ရောက်သူနှစ်ဦးဖြစ်သည့် ကိုအောင်မြင့်မြတ်နှင့် ကိုဝေယံမင်းသူတို့သည် ၂၀၁၄ ခုနှစ် ဩဂုတ်လ ၃၁ ရက်တွင် တောင်ထိပ်သို့ အောင်မြင်စွာတက်ရောက်နိုင်ခဲ့ကြသည်။ သို့သော်လည်း ယင်းနေ့ညနေပိုင်းတွင်ပင် ၎င်းတို့နှစ်ဦးနှင့် အဆက်အသွယ်ပြတ်တောက်ခဲ့ပြီး သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများနှင့် ထူးဖောင်ဒေးရှင်းမှ ရှာဖွေမှုများဆက်တိုက်လုပ်ဆောင်ခဲ့သော်လည်း မြန်မာရဟတ်ယဉ်မှူးတစ်ဦး အသက်ဆုံးရှုံးခဲ့ရပြီး ပြန်ရောက်မလာခဲ့သည်မှာ တစ်နှစ်ကျော်ခန့်ကြာမြင့်ခဲ့ပြီ ဖြစ်သည်။ ထို့နောက်ပိုင်း ဂျပန်နိုင်ငံနှင့် အမေရိကန်မှ တောင်တက်သမားများ ခါကာဘိုရာဇီရေခဲတောင်ထိပ်သို့ တက်ရောက်နိုင်ရန် ကြိုးစားခဲ့သော်လည်း တောင်ထိပ်မရောက်ရှိခဲ့ဘဲ လှည့်ပြန်ခဲ့ရသည်။ ယခုအချိန်တွင် မြန်မာနိုင်ငံဓာတ်ပုံဆရာအသင်းမှ အပျော်တမ်းဓာတ်ပုံဆရာတစ်ဦးဖြစ်သူ ကိုကျော်သာသည် ၂၀၁၅ ခုနှစ်အတွင်း ကချင်ပြည်နယ်အတွင်းရှိ ဖန်ဂရန်ရာဇီ၊ ဖုန်ရင်ရာဇီ၊ ဖုန်ကန်ရာဇီ၊ မဒွယ်ရာဇီ အစရှိသည့် ရေခဲတောင်များသို့ တက်ရောက်ခဲ့ပြီးနောက် ခါကာဘိုရာဇီရေခဲတောင်သို့တက်ရောက်ရန် ဆုံးဖြတ်ခဲ့သူဖြစ်သည်။

သတင်း ›› ခင်ဇာလီ

ဓာတ်ပုံ ›› ဇေယျာ(သဘာဝခေါ်သံ)၊ သိမ့်ရွှေရည်

## ဥတုရာသီ တောက်ကိုမှီ၍

ပြည်တွင်းရေးရာ

# သူရဲကောင်းစစ်သည်များအား အလေးပြုပါ၏...

ဒီဇင်ဘာ ၆ ရက် ဆောင်းနံနက်ခင်းတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရား မြောက်ဘက်မုခ်အနီးဝန်းကျင်ရှိ လမ်းမထက်၌ သက်ကြီးပိုင်းလူကြီးတစ်ဦး ချိုင်းထောက်ကို အားပြု၍ လျှောက်လှမ်းနေသည်။ သူ၏ မျက်နှာပြင်ထက်တွင် ဆွေးမြည့်ကြေကွဲဝမ်းနည်းမှုက ဖုံးကွယ်၍မရအောင် ပေါ်လွင်လွန်းနေပြန်သည်။ သူ၏ ဦးတည်ရာကား အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်အနီးရှိ သူရဲကောင်းစစ်သည်ဗိမာန်တွင်ကျင်းပမည့် ကျဆုံးခဲ့ရသည့် အညတရစစ်သည် များအား ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်ရန်ဖြစ်သည်။

"သူရဲကောင်းစစ်သည်ဗိမာန်ဝင်းထဲ ဝင်လိုက်တာနဲ့ အတိတ်ကိုသွားသတိရမိတယ်။ တိုက်ပွဲမှာ ကျဆုံးတဲ့သူကကျ၊ ကိုယ်အင်္ဂါထိခိုက်သူတွေကထိခိုက်။ အဲဒါတွေးပြီး စိတ်မကောင်း ဖြစ်နေတာပါ"ဟု မိုင်းထိ၍ စွန့်လွှတ်လိုက်ရသည့် သူ၏ခြေတစ်ဖက်ကိုစိုက်ကြည့်ရင်း စစ်မှုထမ်းဟောင်းကြီး ဦးစံရွှေက ခပ်တိုးတိုး ပြောသည်။

၎င်း၏ခြေတစ်ဖက်မှာ ၁၉၈၈ ခုနှစ်က ရှမ်းပြည်တောင်ပိုင်း၌ မိုင်းထိ၍ ဆုံးရှုံးခဲ့ရခြင်းဖြစ်ပြီး ဒဏ်ရာရရှိသူ ရဲဘော်သုံးယောက်တွင်လည်း တစ်ယောက်မှာ ဆေးရုံမရောက်မီ သေဆုံးသွားခဲ့ကြောင်း အတိတ်ကို ပြန်ပြောင်းသတိရရင်း ၎င်းက ဆိုသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီအချိန်ကတည်းက လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရင်း ကျဆုံးခဲ့ရသည့်အညတရစစ်သည်သူရဲကောင်းများနှင့် လွတ်လပ်ရေးရပြီးနောက်ပိုင်း ယနေ့အချိန်အထိ ပြည်တွင်း၊ ပြည်ပ ရန်စွယ်များကို တွန်းလှန်တိုက်ခိုက်ရင်း စစ်မြေပြင်တွင် ကျဆုံးသွားသည့် အညတရစစ်သည် သူရဲကောင်းများအတွက် ဂုဏ်ပြုသောအားဖြင့် ယနေ့ အညတရစစ်သည်များ ဂုဏ်ပြုပွဲအခမ်းအနားကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

သူရဲကောင်းစစ်သည်ဗိမာန်အတွင်းသို့ စစ်မှုထမ်းဟောင်းကြီး ဦးစံရွှေ အရောက်တွင်မူ ယင်းကဲ့သို့ ဂုဏ်ပြုရန် လာရောက်ကြသူ အများအပြားကို တွေ့မြင်လိုက်ရသည်။

"အဖေက အငြိမ်းစား တပ်မတော်သားဟောင်းပါ။ မောင် နှစ်ယောက်ကတော့ ရှေ့တန်းတိုက်ပွဲမှာ အသက်စွန့်လွှတ်ခဲ့ရတယ်။ တပ်မတော်ရဲ့ သားသမီးတွေဖြစ်နေတဲ့အတွက် တပ်မတော်ကိုလေးစားတယ်။ တိုင်းပြည်တည်တံ့ခိုင်မြဲဖို့အတွက် အသက်ကိုစွန့်သွားတဲ့ အညတရစစ်သည်တွေကို အမြဲတမ်း သတိရသင့်သလို အခမ်းအနားတွေလည်း ပြုလုပ်ပေးသင့်တယ်။ မြန်မာနိုင်ငံရဲ့ မြေပုံကို သူတို့ရဲ့ အသွေး၊ အသားတွေနဲ့ ကာကွယ်ထားတာကြောင့် သူတို့ကိုဂုဏ်ပြုတဲ့အနေနဲ့ လာရောက်အလေးပြုတာပါ။မနှစ်ကလည်း လာခဲ့တယ်"ဟု တေးသံရှင် လီလီနိုင်ကျော်က ဆိုသည်။

စစ်မှုထမ်းဟောင်းကြီး ဦးစံရွှေနှင့်ဘဝတူ အငြိမ်းစား စစ်မှုထမ်းဟောင်းကြီး ဦးဖြူအေးကလည်း "ရှေ့တန်းမှာ လူမသိဘဲ အသက်ပေးလှူခဲ့ရတဲ့ သူငယ်ချင်းတွေ အများကြီးရှိခဲ့တယ်။ သူတို့ကို သတိရလို့ ဒီအခမ်းအနားမှာ လာရောက်ဂါရဝပြုတာပါ"ဟု ဆိုသကဲ့သို့ အငြိမ်းစားအရာခံဗိုလ် ဦးတင့်ဆွေကလည်း "တိုက်ကြီးကနေလာပြီး အလေးပြုတာပါ။ အခုလို အသိအမှတ်ပြုပြီး အထိမ်းအမှတ်ပွဲ လုပ်ပေးတဲ့အတွက် ဝမ်းသာတယ်။ တပ်မတော်မှာ ၄၂ နှစ် တာဝန်ထမ်းဆောင်ခဲ့တယ်။ လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းတွေနဲ့အတူ တိုက်ပွဲဝင်ရင်း ဆုံးရှုံးသွားတာမျိုး တွေ့ကြုံခဲ့ရတယ်။သူတို့ကိုလည်း ပြန်လည်သတိရမိပါတယ်" ဟု ပြောသည်။

"ခေတ်အဆက်ဆက်မှာ တိုင်းပြည်အတွက် အသက်ပေးသွားတဲ့ သူရဲကောင်းတွေအတွက် သတ်သတ်မှတ်မှတ် ဂုဏ်ပြုတဲ့အခမ်းအနားနည်းတယ်။ ဒါကြောင့် နှစ်စဉ်ရက်လေးသတ်မှတ်ပြီး ဂုဏ်ပြုတဲ့အနေအထားပါ။ ဂုဏ်ပြုချင်လို့ ဒီအခမ်းအနားကို စီစဉ်တာပါ။ ကျဆုံးသွားတဲ့ အညတရ စစ်သည်တွေက ဂုဏ်တွေ၊ ဒြပ်တွေ လိုချင်လို့ တိုင်းပြည်အတွက် အသက်ပေးသွားတာ မဟုတ်ဘူး။ ပေးဆပ်မှု၊ စွန့်လွှတ်မှုတွေနဲ့ တိုင်းပြည်အတွက် အသက်ပေးသွားတာ။ ဒါကြောင့် သူတို့ကို ဘယ်တော့မှ မေ့မှာမဟုတ်ဘူး"ဟု ဦးရဲမိုး(ဗိုလ်ကြီး-ငြိမ်း) က ပြောသည်။

"အစိုးရက ဦးစီးပြီး လုပ်တာလည်း မဟုတ်ဘူး။ တပ်က ဦးစီးလုပ်တာလည်း မဟုတ်ဘူး။ ပြည်သူလူထုတွေထဲက တပ်မတော်ကို ချစ်တဲ့သူတွေ တိုင်းပြည်အပေါ် စွန့်လွှတ်၊ စွန့်စားခဲ့တဲ့ ပုဂ္ဂိုလ်တွေကို ကျေးဇူးဆပ်ချင်လို့ ပြည်သူလူထုရဲ့ စိတ်ဆန္ဒနဲ့ပေါ်လာတဲ့ အခမ်းအနားမို့လို့ တပ်မတော်ကို ဂုဏ်ပြုတဲ့အနေနဲ့ရော၊ ပြည်သူလူထုဆန္ဒကို လေးစားတဲ့အနေနဲ့ရော တက်ရောက်ခဲ့တာ"ဟု ကိုအေးနေဝင်းက ပြောသည်။

မြန်မာ့သမိုင်းတစ်ကွေ့၏ ပြယုဂ်ကို ဖော်ကျူးထားသည့် သူရဲကောင်းစစ်သည်ဗိမာန်ကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတိဂုံဘုရားမြောက်ဘက်မုခ်အနီး မြေနေရာတွင် ၁၉၄၃ ခုနှစ် စက်တင်ဘာ ၂၇ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းမှ အထိမ်းအမှတ် စိုက်ထူခဲ့သည်။

ထို့နောက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက် ၁၉၈၉ ခုနှစ် ဇွန်လတွင် မြင့်မြတ်ဖြူစင်သော စိတ်ဓာတ်ဖြင့် အသက်ပေးလှူသွားသည့် သူရဲကောင်း စစ်သည်များကို ရည်ညွှန်းပြီး ၁၁ ပေ အမြင့်ရှိသည့် စကျင်ကျောက်သား အထိမ်းအမှတ်ကျောက်တိုင်ကို တည်ဆောက်ခဲ့သည်။

အထိမ်းအမှတ်ကျောက်တိုင်၏ အောက်ခြေတွင် **ကိုလိုနီနယ်ချဲ့များကို တွန်းလှန်ပြီး လွတ်လပ်ရေးကို ကာကွယ်ထိန်းသိမ်းခဲ့သည့် တိုက်ပွဲတွင် အသက်စွန့်ခဲ့ကြသည့် သူရဲကောင်းများအား အလေးပြုပါ၏ဟု ရေးထိုးထားပြီး ဝင်ပေါက်၏ ညာဘက်ခြမ်းတွင် အမွန်မြတ်ဆုံးသော စွန့်လွှတ်ခြင်း၏ တုနှိုင်းဖွယ်ရာမရှိသော ဂုဏ်ဒြပ်၊ ဘယ်ဘက်ခြမ်းတွင် ရဲသော်မသေ၊ သေသော် ငရဲမလား** ဆိုသည့် ကျောက်စာတိုင်များ ထားရှိထားသည်။

အညတရစစ်သည်များ ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်လာသည့် ဦးထွန်းကြည် (ဒုတိယဗိုလ်ချုပ်ကြီး-ငြိမ်း)က " ကိုယ်တိုင်လည်း ခံစားရတယ်။ အခု ကျဆုံးသွားတဲ့ ရဲဘော်တွေရဲ့ ဇနီးတွေ၊ ကိုယ်လက်အင်္ဂါစွန့်လွှတ်ခဲ့ရတဲ့ ရဲဘော်တွေနဲ့ မိသားစုဝင်တွေ အဘိုးအဘွားတွေအတွက် နေပြည်တော်မှာ ဧက ၄၀ လောက်ရှိတဲ့ မြေမှာ အဆောက်အအုံ ၄၀ ကျော် ဆောက်နေပြီ။ သူတို့ကို စောင့်ရှောက်သွားမယ်"ဟု ပြောပြသည်။

ကျဆုံးသွားသည့် အညတရစစ်သည်များ ဂုဏ်ပြုပွဲကို နှစ်စဉ် ဒီဇင်ဘာလ ပထမပတ် တနင်္ဂနွေနေ့တွင် ကျင်းပရန် စီစဉ်ခဲ့ကြရာ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် ပထမအကြိမ် ပြုလုပ်ခဲ့ပြီး ယနေ့ကျင်းပပြုလုပ်သည့် ဂုဏ်ပြုပွဲသည် ဒုတိယအကြိမ်မြောက် ကျင်းပခြင်းဖြစ်သည်။

သူရဲကောင်းစစ်သည် ဗိမာန်ကို မြန်မာနိုင်ငံ နယ်ချဲ့လက်အောက်သို့ ကျရောက်စဉ် နယ်ချဲ့ကို တွန်းလှန်တိုက်ခိုက်ရင်း ကျဆုံးသွားရသည့် အမျိုးသား သူရဲကောင်းများကို ဂုဏ်ပြုရန်၊ လွတ်လပ်ရေးပြန်လည်ရရှိရေးအတွက် ကြိုးပမ်းမှုတွင် ကျဆုံးခဲ့ရသည့် သူရဲကောင်းများကို ဂုဏ်ပြုရန်နှင့် လွတ်လပ်ရေးရရှိပြီးနောက် အချုပ်အခြာအာဏာကို ထိန်းသိမ်းနိုင်ရေးအတွက် ကျဆုံးခဲ့ရသည့် သူရဲကောင်းများကို ဂုဏ်ပြုရန် ရည်ရွယ်ချက်ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စစ်မှုထမ်းဟောင်းကြီး ဦးစံရွှေ သူရဲကောင်းစစ်သည်ဗိမာန်သို့ ရောက်ရှိပြီး မကြာမီမှာပင် **"ကျဆုံးလေပြီးသော သူရဲကောင်းစစ်သည်များအား အလေးပြု"** ဟူသည့် အသံက ထွက်ပေါ်လာသည်။အဆိုပါ အမိန့်သံနှင့်အတူ စစ်သားဟောင်းကြီး ဦးစံရွှေသည်လည်း **"ကျဆုံးလေပြီးသော သူ၏ရဲဘော်ရဲဘက်များကို လှိုက်လှိုက်လှဲလှဲ ဦးညွှတ်အလေးပြု"** ကာ သူရဲကောင်းစစ်သည်ဗိမာန်မှ တရွေ့ရွေ့ပြန်လည်ထွက်ခွာသွားပါတော့သည်။ ။

**မင်းသစ်၊ ဇော်ကြီး**



**ကျဆုံးခဲ့ရသည့် အညတရစစ်သည်များအား ဂုဏ်ပြုပွဲအခမ်းအနားကို အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်အနီးရှိ သူရဲကောင်းစစ်သည်ဗိမာန်တွင် ကျင်းပစဉ်။**
[ဓာတ်ပုံ-(drone) မင်းပိုင်ဖြိုး]

## ●သြစတြေးလျမှ

အသက်(၂၄)နှစ်အရွယ်ရှိ ပရော်ဖက်ရှင်နယ် ဂေါက်သီးရိုက်သမား နက်သန်ဟိုးလ်မန်းသည် သြစတြေးလျပီဂျီအေချန်ပီယံရှစ်ပြိုင်ပွဲတွင် တောင်အာဖရိက ဂေါက်သီးရိုက်သမား ဒိုင်လန်ဖရစ်တယ်လီနှင့် အမေရိကန်ဂေါက်သီးရိုက်သမားဟာဟိုးဗာမာ-၃ တို့ကို ကျော်ဖြတ်ကာ ယခုပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

ယခုကျင်းပပြီးစီးခဲ့သည့် သြစတြေးလျ ပီဂျီအေချန်ပီယံရှစ်ပြိုင်ပွဲကို သြစတြေးလျဂေါက်သီးရိုက်သမား ဂျိုးကာ့ခ်ဝုဒ်အား အစွဲပြုကာ ဂျိုးကာ့ခ်ဝုဒ် ဖလားဟုလည်း ခေါ်တွင်ပြီး နက်သန်ဟိုးလ်မန်းမှာ သြစတြေးလျပီဂျီအေ ချန်ပီယံရှစ်ပြိုင်ပွဲတွင် အနိုင်ရရှိခဲ့ခြင်းကြောင့် ၂၀၁၆ ဥရောပတိုးဂေါက်သီးရိုက်ပြိုင်ပွဲတွင်လည်း ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိသွားခဲ့ပြီဖြစ်သည်။

ထို့ပြင် သြစတြေးလျပီဂျီအေချန်ပီယံရှစ်ပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သည့် ပရော်ဖက်ရှင်နယ်ဂေါက်သီးရိုက်သမား နက်သန်ဟိုးလ်မန်းသည် ၂၀၁၆ ခုနှစ်အတွင်း အမေရိကန်နှင့် တရုတ်တို့တွင် ကျင်းပမည့် ကမ္ဘာ့ချန်ပီယံရှစ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင်လည်း ပါဝင်ယှဉ်ပြိုင်ကစားရမည့် အခွင့်အရေးတစ်ရပ်လည်း ရရှိမည်ဖြစ်သည်။

**(ငွေကြယ်)**



## ○ကျောဖုံးမှ

ဆင်နွှဲသူအားလုံး မြန်မာနိုင်ငံရဲ့ ပထမဆုံးလမ်းလျှောက်ပွဲမှာ ပါဝင်သူတွေရဲ့ကျန်းမာရေး စစ်ဆေးမှု၊ အားကစားအသုံးအဆောင်၊ ယာဉ်ပညာပေးမှု၊ ကျန်းမာကြံ့ခိုင်မှု စတာတွေနဲ့ပတ်သက်တဲ့ ပြခန်းတွေ၊ စိတ်ဝင်စားဖွယ်ကစားပွဲတွေ၊ ကံစမ်းမဲတွေ စတဲ့ အတွေ့အကြုံတွေကိုခံစားရင်း ပျော်ရွှင်ဖွယ်ရာ နေ့တစ်နေ့ကို ဖြတ်သန်းခဲ့ကြတယ်လို့ယုံကြည်ပါတယ် "ဟု F&N Food Pte. Ltd Myanmar Branch Office , Head of Marketing Mr. Prapas Rattanapas က အတွေ့အကြုံကို ပြောကြားခဲ့သည်။

ယခုနှစ်ကျင်းပခဲ့သော Active Family Day out Event တွင် ဝင်ရောက်ဆင်နွှဲသူ ၂၅၀၀ ခန့်တွင် ကလေးများသာမက လူကြီးများလည်း ပါဝင်ခဲ့ပြီး စိတ်ဝင်စားဖွယ်လှုပ်ရှားမှုများ ပါဝင်ခဲ့သည်။ "ဒီနှစ်မှာ ဝင်ရောက်လှုပ်ရှားသူ ၂၅၀၀ လောက်ခန့်မှန်းထားပြီး ခန့်မှန်းထားတဲ့အတိုင်း နေရာတွေ အကုန်ပြည့်သွားလို့ ဝမ်းမြောက်မိပါတယ်။ နောင်နှစ်မှာ ဒီထက်စိတ်လှုပ်ရှားဖွယ်ကောင်းတဲ့ လှုပ်ရှားမှုတွေ လုပ်နိုင်ဖို့ ခွန်အားတွေဖြစ်စေပါတယ်"ဟု Rattanapas က ထပ်မံပြောကြားသည်။

အဆိုပါပွဲမှ မရရှိသည့် စာရင်းသွင်းကြေးငွေအားလုံးကို ကလေးဆေးရုံသို့လှူဒါန်းခဲ့ကြောင်းသိရသည်။"ယမန်နှစ်ကလည်း ပရဟိတအတွက် လှူဒါန်းခဲ့သလို ယခုနှစ်လည်း လှူဒါန်းခဲ့တာဖြစ်ပါတယ်။ စာရင်းသွင်းခဖောင်တစ်စောင်ကို ကျပ် ၂၅၀၀ ကျပြီး အုပ်စုအလိုက်ဖြစ်တဲ့အတွက် ဖောင်တစ်စောင်ကို နှစ်ယောက်၊ သုံးယောက် ပါဝင်ခဲ့ပါတယ်။ အဲဒီက ရငွေကျပ် ၂၁၈၀၀၀၀ ကျော်ရရှိခဲ့ပါတယ်"ဟု ဒေါ်မေဇင်စိုးထက်က ရှင်းပြသည်။ လမ်းလျှောက်ပွဲသည် နံနက် ၁၁ နာရီတွင် ပြီးဆုံးခဲ့သော်လည်း ကစားပွဲများ၊ ပြခန်းများကိုမူ ဆက်လက်ပြုလုပ်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

❖❖❖

# နည်းပညာတိုးတက်မှုနှင့်အတူ ပြောင်းလဲလာသည့် မီဒီယာကဏ္ဍ

သတင်းမီဒီယာအပြောင်းအလဲကာလတွင် ပုံနှိပ်မီဒီယာနှင့် အွန်လိုင်းမီဒီယာအကြား ကမ္ဘာတစ်ဝန်းစိန်ခေါ်မှုများကို မီဒီယာသမားများ ရင်ဆိုင်နေရသည်။ မြန်မာနိုင်ငံ၏ မီဒီယာလောကတွင်လည်း ပုံနှိပ်မီဒီယာနှင့်အွန်လိုင်းမီဒီယာတို့ တစ်ပြိုင်နက်တည်း ထွန်းကားလာရာ နည်းပညာများ တိုးတက်ပြောင်းလဲလာမှုကြောင့် ပုံနှိပ်မီဒီယာတစ်မျိုးတည်းဖြင့် ဖော်ပြခြင်း မပြုတော့ဘဲ အွန်လိုင်းမီဒီယာကဏ္ဍကို စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြရာ ပုံနှိပ်မီဒီယာနှင့် အွန်လိုင်းမီဒီယာ တစ်ပြိုင်နက်တည်း တိုးတက်ထွန်းကားလျက်ရှိသည်။

မီဒီယာအချင်းချင်း အပြန်အလှန် နားလည်မှုရရှိစေရန် ဖလှယ်သော အစီအစဉ်တစ်ခုအဖြစ် မြန်မာနိုင်ငံသတင်းစာ ဆရာများအသင်းနှင့် တရုတ်နိုင်ငံ သတင်းစာဆရာများအသင်းတို့ ပူးပေါင်းပြီး အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို နိုဝင်ဘာ ၁၆ ရက်မှ ၂၅ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ ပြည်နယ်အုပ်ချုပ်ရေးသင်တန်းကျောင်း၌ ကျင်းပခဲ့သည်။ အဆိုပါဆွေးနွေးပွဲတွင် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးမြတ်ခိုင် ဦးဆောင်သော သတင်းစာ၊ ဂျာနယ်တိုက်အသီးသီးမှ အဖွဲ့ဝင်များနှင့် ယူနန်ပြည်နယ် သတင်းစာဆရာများအသင်းအဖွဲ့ဝင်တို့သည် အနာဂတ်သတင်းမီဒီယာလောကနှင့် လက်ရှိမီဒီယာအခြေအနေတို့ကို သုံးသပ်ဆွေးနွေးခဲ့ကြသည်။

ယူနန်ပြည်နယ်နှင့် မြန်မာနိုင်ငံသည် နယ်နိမိတ်ချင်းထိစပ်နေပြီး နယ်စပ်ဒေသ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် နှစ်နိုင်ငံ မီဒီယာသမားများအနေနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ပြီး အမြင်ချင်းဖလှယ်လေ့လာသွားကြရန် သင်တန်းဖွင့်ပွဲတွင် ယူနန်သတင်းစာအဖွဲ့ဥက္ကဋ္ဌက ပြောကြားခဲ့သည်။

မီဒီယာအပြောင်းအလဲသည် ကမ္ဘာတစ်ဝန်းတွင်ဖြစ်ပေါ်နေသကဲ့သို့ တရုတ်နိုင်ငံတွင်လည်း Old မီဒီယာနှင့် New မီဒီယာအကြား ပဋိပက္ခစိန်ခေါ်မှုအသစ်များကို ရင်ဆိုင်နေရကြောင်း ဆွေးနွေးပွဲတွင် ပြောကြားချက်များအရ သိရသည်။ တရုတ်နိုင်ငံတွင် ပြည်နယ်ပေါင်း ၃၁ ပြည်နယ်ရှိပြီး ယင်းတို့တွင် ယူနန်ပြည်နယ်သည် ဖွံ့ဖြိုးမှုနှေးကွေးသည့် ပြည်နယ်တစ်ခုအဖြစ်ပါဝင် နေသည်။ သို့သော်လည်း ယူနန်ပြည်နယ်သည် ၂၀၁၃ ခုနှစ်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ရှီကျင့်ဖျင် အဆိုတင်သွင်းခဲ့သော One belt, One road မဟာဗျူဟာနှင့် ၂၁ ရာစု ရေကြောင်းပိုးလမ်းမကြီး တည်ဆောက်ရန် အဓိက အချက်အချာကျသောနေရာဖြစ်သည်။ အဆိုပါ မဟာဗျူဟာသည် ဒေသတွင်းနိုင်ငံများ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်စေရေး၊ စီးပွားရေးဖွံ့ဖြိုးလာစေရေး၊ မတူညီသော ယဉ်ကျေးမှုအချင်းချင်း ဖလှယ်ရေး၊ ကုန်စည်စီးဆင်းမှု လျင်မြန်လွယ်ကူစေရေးနှင့် ငြိမ်းချမ်းရေးကို တွန်းအားပြုပြီး အကောင်အထည်ဖော်ရန် ရည်ရွယ်ချက်များဖြင့် အဆိုတင်သွင်းထားကြောင်း သိရသည်။

ယူနန်ပြည်နယ်အနေနှင့် အဓိကတာဝန်များဖြစ်သော စီးပွားရေးတိုးတက်တည်ငြိမ်ရေး၊ လယ်ယာစိုက်ပျိုးရေးကို စနစ်သစ်ပြောင်းလဲဆောင်ရွက်ရေး၊ သဘာဝပတ်ဝန်းကျင်ကာကွယ်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အုပ်ချုပ်မှုစနစ်ပုံစံများ ပြောင်းလဲပြီး ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ကြရန် ယူနန်ပြည်နယ် ခရီးစဉ်တွင် မစ္စတာ ရှီကျင့်ဖျင်က ပြောကြားခဲ့သည်ဟု သိရသည်။

စီးပွားရေးကဏ္ဍ တိုးတက်ပြောင်းလဲလာစေရန် တွန်းအားပေးလုပ်ဆောင်သည့်အနေဖြင့် ရိုးရာထုတ်ကုန်များကို ပြုပြင်ပြောင်းလဲထုတ်လုပ်ခြင်းက ဝန်ဆောင်မှုကောင်းမွန်သော စနစ်ဖြစ်စေခြင်း၊ ထုတ်ကုန်အရည်အသွေးများ ပိုမိုကောင်းမွန်ပြီး ဈေးကွက်တွင် ပွင့်လင်းမြင်သာမှုရှိစေရေး၊ တီထွင်မှုအသစ်အဆန်းများ ထုတ်လုပ်နိုင်ရေးတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယူနန်ဖွံ့ဖြိုးတိုးတက်မှုအနာဂတ်အလားအလာခေါင်းစဉ်နှင့် ဆွေးနွေးခဲ့သော ယူနန်အုပ်ချုပ်ရေးကောလိပ်အကြီးအကဲက ပြောကြားသည်။

စီးပွားရေးကဏ္ဍပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေသကဲ့သို့ ယူနန်ပြည်နယ် မီဒီယာကဏ္ဍတွင်လည်း အပြောင်းအလဲများ ရင်ဆိုင်နေရပြီး စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားလျက်ရှိနေသည်။ ကမ္ဘာတစ်ဝန်းတွင် ၂၀၀၅ ခုနှစ်မှ စတင်ပြီး သတင်းစာဖတ်နှုန်းများ လျော့ကျလာခြင်း၊ သတင်းစာလုပ်ငန်းသည် ပပျောက်နိုင်သော လုပ်ငန်းထဲတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း သတင်းစာများ၏ ကျဆုံးခန်းကို ပညာရှင်အချို့က ခန့်မှန်းသုံးသပ်ကြသည်။ ကမ္ဘာတစ်ဝန်း အွန်လိုင်းမီဒီယာ အသုံးပြုသူများမှာ ၂၀၁၄ ခုနှစ်တွင် ကမ္ဘာ့လူဦးရေ၏ ၄၆ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ အင်တာနက်အသုံးပြုသူ အရေအတွက်မှာ ၃၀ ဘီလီယံခန့်ရှိကြောင်း သိရသည်။ ၂၀၁၃ ခုနှစ် နောက်ပိုင်းကာလများတွင် သတင်းစာ၊ မဂ္ဂဇင်းလုပ်ငန်းနှစ်ခုတို့မှာ အရှုံးပေါ်လျက်ရှိပြီး ရုပ်ရှင်နှင့် ကြော်ငြာကဏ္ဍတို့မှာ အမြတ်ငွေများ ရရှိကြောင်း လေ့လာသိရှိရသည်။

ယနေ့ခေတ်ကာလတွင် ပုံနှိပ်မီဒီယာသည် သတင်းတစ်ခုတည်းနှင့် မလုံလောက်ဘဲ ဈေးကွက်အပေါ် မူတည်၍ ကြော်ငြာပေါ်တွင် မှီခိုနေရကြောင်း၊ မီဒီယာလုပ်ငန်းများတွင် ခရီးသွားလုပ်ငန်းကဏ္ဍနှင့် အခြားကဏ္ဍများ တွဲဖက်လုပ်ဆောင်နေကြရကြောင်း သိရသည်။ ယူနန်သတင်းစာပညာတက္ကသိုလ်မှ ပါမောက္ခ Shan Xiaohong ကမူ မြန်မာသတင်းစာဆရာများမှ ပုံနှိပ်မီဒီယာ ပျောက်ကွယ်နိုင်မည့် အလားအလာကို မေးမြန်းရာ ပုံနှိပ်မီဒီယာကဏ္ဍ ပျောက်ကွယ်သွားမှာမဟုတ်ဘဲ အွန်လိုင်းမီဒီယာနှင့် ပုံနှိပ်မီဒီယာတွဲဖက်လုပ်ဆောင်ပြီး ကဏ္ဍသစ်တစ်ခုအဖြစ် ပြောင်းလဲသွားခြင်းသာဖြစ်ကြောင်း ၎င်း၏အမြင်ကို သုံးသပ်ပြောကြားသည်။

ဆက်လက်ပြီး ယနေ့ခေတ်သည် မီဒီယာခေတ်၏ အကောင်း၊ အဆိုး ဒွန်တွဲနေသော ခေတ်ဖြစ်ကြောင်း (၎င်းအနေနှင့် အဆိုးဟုယူဆ)၊ အွန်လိုင်းမီဒီယာမှာ သက်တမ်းနုသေးကြောင်း သတင်းစာဝက်ဘ်ဆိုဒ်ကို လွန်ခဲ့သော ၁၀ နှစ်ကြာကတည်းက လုပ်ကိုင်ခဲ့သူ ယူနန်ဒေးလီဂရုမှ ဒုတိယအယ်ဒီတာချုပ် မစ္စတာချိုင်က အွန်လိုင်းမီဒီယာနှင့် သုတေသနကဏ္ဍအကြောင်းကို ဆွေးနွေးသည်။

သုတေသနလေ့လာချက်များအရ ၎င်းတို့အခေါ် Old media မှာ ပျက်စီးပြီး တစ်ဦးချင်း မီဒီယာကဏ္ဍ တက်လာကာ အများပြည်သူ မီဒီယာပေါ် ထွက်လာသဖြင့် မီဒီယာသမားများအနေဖြင့် ရှေ့ဆက်လက်ပြီး စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရနိုင်ကြောင်း ပြောသည်။ သို့သော် New media သည် Old media ထက် ငွေကုန်ကြေးကျပိုမိုများပြားသကဲ့သို့ အမြတ်ငွေများလည်း ပိုမိုရရှိသည်မှာ ၎င်း၏ အားသာချက်ဖြစ်သည်။ သတင်းစားသုံးသူများအနေနှင့် အွန်လိုင်းမီဒီယာကို အခမဲ့အသုံးပြုနိုင်ခြင်းမှာလည်း အားသာချက်တစ်ခုပင်ဖြစ်သည်။ New media ခေါ် online media သည် သတင်းထုတ်လွှင့်သူနှင့် ဖတ်သူ ပိုမိုဆက်စပ်မှုရှိပြီး စာဖတ်သူ၏အကြိုက်ကို လိုက်ပြီး ထုတ်လွှင့်မှုပိုမိုမြန်ဆန်သည်ကို တွေ့ရသည်။ တစ်ဦးချင်း၏ အလိုဆန္ဒကိုလည်း အွန်လိုင်းမီဒီယာက ဝန်ဆောင်မှုပေးနိုင်သည်။ ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် မိုဘိုင်းဖုန်းများကို တွင်ကျယ်စွာ အသုံးပြုလာကြပြီး လူမှုမီဒီယာခေတ်ကို ရောက်ရှိနေပြီဖြစ်ကာ ကိုယ်ပိုင်မီဒီယာထုတ်လွှင့်နိုင်သော အခြေအနေကိုပိုင်ဆိုင်နေကြပြီ ဖြစ်သည်။ သို့သော် သတင်းထုတ်လွှင့်မှုပိုင်းတွင် လွတ်လပ်မှုပိုမိုရရှိလာကာ သတင်းရင်းမြစ်များ ပိုမိုများပြားလာမှုကြောင့် သတင်းတိကျခိုင်မာမှုကို ကိုယ်တိုင်စိစစ်သင့်သည်။ အွန်လိုင်းမီဒီယာသည် ပုံနှိပ်မီဒီယာကဲ့သို့ အပြည့်အဝယုံကြည်စိတ်ချရမှုမရှိသေးပေ။

မီဒီယာအပြောင်းအလဲတစ်ခုအဖြစ် လူမှုမီဒီယာတစ်ခုဖြစ်သော ဖေ့စ်ဘွတ်ခ်သည် ပုံနှိပ်မီဒီယာကို အဓိကစိန်ခေါ်နေမှု တစ်ခုဖြစ်ကြောင်း သုံးသပ်ပြောဆိုကြသည်။ New media တွင် ဗီဒီယို၊ ရုပ်ပုံနှင့်ကာတွန်းများကို ပေါင်းစပ်ထုတ်လွှင့်နိုင်ပြီး နိုင်ငံတကာ၌သတင်းရယူထုတ်လွှင့်ရာတွင် ကွန်ပျူတာထက်ဖုန်းအသုံးပြုသူပိုမိုများပြားလာလျက်ရှိသည်။ ထို့ကြောင့် နည်းပညာအသစ်အဆန်းများ ပြောင်းလဲပေါ်ပေါက်လာသဖြင့် ခေတ်နှင့် အမီလိုက်၍ မီဒီယာလောကကို ပြောင်းလဲရန် မစ္စတာချိုင်က အကြံပြုပြောဆိုသည်။ New media ပြောင်းလဲမှုအရှိန်သည် သွတ်လက်မြန်ဆန်ပြီး ၁၈ လလျှင် တစ်ကြိမ် တိုးတက်အသစ်အဆန်းပေါ်လျက်ရှိကြောင်း ၎င်းကပြောသည်။ တရုတ်နိုင်ငံတွင် နည်းပညာအသစ်အဆန်းတစ်ခုအဖြစ် စက်ရုပ်သတင်းထောက်များ စမ်းသပ်တီထွင်လျက်ရှိကြောင်း၊ drone ခေါ် မောင်းသူမဲ့ယာဉ်များကို အသုံးပြု၍ သတင်းထောက်လှမ်းလျက်ရှိကြောင်း သိရသည်။ (ဥပမာ အနေဖြင့် မကြာသေးမီကဖြစ်ပွားခဲ့သော တီရန်ကျန်း ပေါက်ကွဲမှုတွင် သတ်မှတ်ဇရိယာအတွင်း မောင်းသူမဲ့ယာဉ်များ စေလွှတ်အသုံးပြုကာ သတင်းရယူခဲ့ကြောင်း သိရသည်။)

ထို့ကြောင့် နည်းပညာများတိုးတက်ပြောင်းလဲလာသည်နှင့်အမျှ မီဒီယာကဏ္ဍသည်လည်း တစ်ပြိုင်တည်းလိုက်ပါပြောင်းလဲလျက်ရှိရာ မြန်မာနိုင်ငံတွင်လည်း အွန်လိုင်းမီဒီယာသည် ကွန်ပျူတာခေတ်ကို ဖြတ်သန်းကာ မိုဘိုင်းဖုန်းခေတ်သို့ စတင်ရောက်ရှိနေပြီဖြစ်သည်။ သတင်းမီဒီယာကဏ္ဍကို မိုဘိုင်းဖုန်းပေါ်၌ တွင်တွင်ကျယ်ကျယ်အသုံးပြုရန် လိုအပ်လာသည်။ သို့ဖြစ်ရာ မီဒီယာအချင်းချင်းပူးပေါင်းဆောင်ရွက်မှုအတွက် သတင်းအချက်အလက်များ ပူးပေါင်းစုဆောင်းရယူခြင်း၊ ဝန်ဆောင်မှုပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းထုတ်လွှင့်မှုစနစ်အချင်းချင်း (ဥပမာ-သတင်းစာ+ရုပ်မြင်သံကြား) ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်ရန်လိုအပ်လာပြီဖြစ်သည်။



**ပုံနှိပ်မီဒီယာကဏ္ဍ ပျောက်ကွယ်သွားမှာမဟုတ်ဘဲ အွန်လိုင်းမီဒီယာနှင့် ပုံနှိပ်မီဒီယာတွဲဖက်လုပ်ဆောင်ပြီး ကဏ္ဍသစ်တစ်ခုအဖြစ် ပြောင်းလဲသွားခြင်းသာဖြစ်**

**မာမာစိုး၊ သက်မွန်ဦး**

---

# စားအုန်းဆီ အရင်းဈေးနှုန်းထက်ရောင်းဈေးကျ
# ကြက်သွန်နီ၊ ကြူကုတ်ကြက်သွန်ဖြူဈေးမြင့်တက်၊ ထန်းလျက်ဈေးကျ

**ရန်ကုန် ဒီဇင်ဘာ ၆**

ရန်ကုန်ဈေးကွက်၏ ဒီဇင်ဘာ ၂ ရက်တွင် စားအုန်းဆီ D.O စာရွက် (ထုတ်ယူခွင့်) လက်ကား တစ်ပိဿာ ကျပ် ၁၃၂၀၊ လက်ကားအလှယ်တစ်ပိဿာ ၁၃၂၅ ကျပ်၊ ဆိပ်ဖြူကြက်သွန်နီ လက်ကား တစ်ပိဿာ ကျပ် ၂၇၅၀ - ၃၀၀၀-၃၂၅၀-၃၄၅၀၊ ကြူကုတ် ကြက်သွန်ဖြူ တစ်ပိဿာ ကျပ်၂၇၅၀-၂၈၅၀ နှုန်း အသီးသီးရှိလာသည်ဟု ရန်ကုန်ဒိုင်ဈေးနှုန်းစာရင်းနှင့်ဈေးကွက်တို့မှသိရသည်။

ဒီဇင်ဘာ ၂ ရက် စားအုန်းဆီဈေးမှာ ပြည်ပ FOB တစ်တန်လျှင် ၅၅၈ ဒေါ်လာ၊ ဗဟိုဘဏ်ငွေလဲနှုန်း၁၂၉၉ ကျပ်၊ ဆိပ်ကမ်းရောက်တစ်ပိဿာ အရင်းဈေးကျပ် ၁၃၈၃ ကျပ်ရှိပြီး နိုဝင်ဘာ တတိယပတ်ကုန်နှင့်နောက်ဆုံးပတ်အစပိုင်းရက်များတွင်လည်း ဆိပ်ကမ်းရောက် တစ်ပိဿာအရင်းဈေးမှာ ကျပ် ၁၃၈၀ ဝန်းကျင်ပျမ်းမျှဈေးနှုန်းရှိခဲ့သည်ဟု စားအုန်းဆီ နေ့စဉ် ဈေးနှုန်းစာရင်း ဖော်ပြချက်များအရ သိသည်။

ပြည်ပမှ စားအုန်းဆီတင်သွင်းလာလျှင်လမ်းခရီးတွင် ၁၀ ရက်ဝန်းကျင်ကြာမြင့်တက်သည်။ ဆိပ်ကမ်းရောက် အရင်းဈေးနှုန်းထက် ဒီဇင်ဘာလဆန်းတွင် တစ်ပိဿာလျှင် ၅၀ ကျပ်ဝန်းကျင် နည်းသောဈေးဖြင့် ဆီဈေးကွက်တွင် ရောင်းချရသဖြင့် ပြည်ပမှ တင်သွင်းသူများအရှုံးပေါ်နေသည်ဟုသိရသည်။ စားအုန်းဆီ ဈေးကွက်တွင်ကြိုရောင်း ကြိုဝယ်ပြုလုပ်ခဲ့သည့် ဈေးနှုန်းများမှာ တစ်ပိဿာလျှင် ကျပ်၁၄၀၀ ဝန်းကျင်ရှိနေရာ စာရင်းရှင်းလင်းသည့်အခါ ကြိုရောင်းဈေးထက် နည်းသဖြင့် ကြိုဝယ်သူများသည် ပြည်ပမှ စားအုန်းဆီတင်သွင်းသူများကဲ့သို့ ယခုရက်ပိုင်း အရှုံးနှင့်ရင်ဆိုင်နေရသည်ဟု စားအုန်းဆီ ဝယ်ယူရောင်းချနေသည့်ကိုစိုးက ဆိုသည်။

ပြည်တွင်းကြက်သွန်နီ အဟောင်းဈေးနှုန်းများမှာ နိုဝင်ဘာ ၂၃ ရက်မှ ၂၈ ရက်အထိ ဆိပ်ဖြူအမျိုးအစား တစ်ပိဿာ ၂၄၅၀-၂၈၀၀-၂၉၅၀-ကျပ် ၃၁၅၀ နှုန်းရှိခဲ့သည်။ နိုဝင်ဘာ ၃၀ ရက်မှ စတင်၍ဈေးနှုန်းများ ထပ်မံမြင့်တက်လာသည်။ ဒီဇင်ဘာ ၃ ရက်တွင် ဆိပ်ဖြူကြက်သွန်နီ လက်ကားဈေးနှုန်း(အဟောင်း) ကျပ် ၂၉၀၀-၃၂၀၀-၃၄၀၀-၃၆၀၀ နှုန်း၊ တရုတ်ကြက်သွန်နီ (အဟောင်း) ၃၁၀၀ ကျပ်နှုန်း၊ ရိုးရိုး ကြက်သွန်နီ (တရုတ်) ကျပ် ၂၇၀၀၊ လူကြိုက်နည်းသောကြက်သွန်နီ (တရုတ်) ကျပ် ၁၈၀၀- ၁၉၀၀ နှုန်း အသီးသီးရှိသည်ဟု မြစ်ဝကျွန်းပေါ် ဒေသသို့ ကုန်ဝယ်ပို့သူအဝယ်တော် ကိုဇော်က ဆိုသည်။

ပင်လယ်ရေကြောင်းခရီးဖြင့် တင်သွင်းလာသော အိန္ဒိယကြက်သွန်နီများသည်။ ရက်ပိုင်းအတွင်း ပြည်တွင်းသို့ ရောက်ရှိလာမည်။ ဈေးကွက်တွင် လက်ကား ဈေးနှုန်းတစ်ပိဿာ ကျပ် ၁၅၀၀ ဖြင့် ရောင်းချနိုင်သည်ဟု ဒီဇင်ဘာ ၂ ရက်တွင် ထုတ်လွှင့်သော ရုပ်မြင်သံကြားအစီအစဉ်၊ ဒီဇင်ဘာ ၃ ရက်တွင် အပတ်စဉ်ဂျာနယ်တို့တွင် မြင်တွေ့ဖတ်ရှုသိရှိလာရသည်။

ပြည်ပမှတင်သွင်းလာသော ကြူကုတ်ကြက်သွန်ဖြူလက်ကားဈေးနှုန်းမှာ နိုဝင် ဘာ ၂၃ ရက်တွင် ကျပ် ၂၅၀၀-၂၅၅၀ နှုန်းသာရှိသည်။ နိုဝင်ဘာ ၂၈ ရက်တွင် ညောင်ဦးဆေးခပ် ထန်းလျက်တစ်ပိဿာ ကျပ် ၁၆၅၀-၁၇၀၀ နှုန်းရှိခဲ့သော်လည်း ဒီဇင်ဘာ ၂ ရက်တွင် ညောင်ဦးဆေးခပ်ထန်းလျက်(စစ်စစ်)တစ်ပိဿာကျပ် ၁၅၅၀၊ ကြံရောညောင်ဦးဆေးခပ်ထန်း လျက်တစ်ပိဿာ ကျပ် ၁၃၅၀၊ သကြားရောညောင်ဦးဆေးခပ်ထန်း လျက်တစ်ပိဿာ ကျပ် ၁၄၀၀ နှုန်း သို့ ဈေးနှုန်းကျလာသည်ဟု ရန်ကုန်နေ့စဉ်ဈေးနှုန်းစာရင်းမှ သိရသည်။

ဈေးကွက်သဘောအရ မိုးစိုက်ပြည်တွင်းကြက်သွန်နီအသစ်များ ရန်ကုန်ဈေးကွက်သို့ နယ်စုံဝင်ရောက်မှုများပြားလာခြင်း၊ လက်ရှိဈေးနှုန်းထက် များစွာသက်သာနေသော အိန္ဒိယကြက်သွန်နီများ ပြည်တွင်းဈေးကွက်သို့ ဈေးနှုန်းလျှော့ချရောင်းချလာနိုင်ခြင်းတို့ကို ယခုလအတွင်း တွေ့ကြုံလာနိုင်သဖြင့် ယင်းကာလတွင် ပြောင်းလဲလာမည့် ပြည်တွင်းကြက်သွန်နီဈေးကွက်အပြောင်းအလဲကို အလေးထားစောင့်ကြည့်မှုများရှိနေသည်ဟု ကြက်သွန်နီ ပွဲရုံလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ဆိုသည်။

**(မောင်စေအောင်)**

# ရုပ်မြင်သံကြားအစီအစဉ်များ

[၇ - ၁၂ -၂၀၁၅ (တနင်္လာနေ့)]

## မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ ပြည်သူတို့ရဲ့စကားသံများ
၈း၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
၉း၃၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၀း၃၅ အနုပညာသတင်းအစီအစဉ်
၁၁း၃၅ မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၂း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု" (အပိုင်း-၄၀)
၁း၂၀ Tasty Trip (ကရင်ပြည်နယ်၊ ဇွဲကပင်တောင်ခရီးစဉ်)
၁း၅၀ ဂီတတံခါးလေးဖွင့်ပါဦး
၃း၃၅ ပြည်သူတို့ရဲ့ စကားသံများ
၅း၃၅ လူမှုစီးပွားမြင်ကွင်းများ
၆း၃၅ စွမ်းဆောင်ရည်ပြည့်ဝသော စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်လာရန်လိုအပ်ချက်များ (အပိုင်း-၄)
၉း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်စင်ခတဲ့နှလုံးသား" (အပိုင်း-၂၁) (ပထမပိုင်း)
၇း၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ
- ပြည်သူ့အတွက်ကြိုးပမ်းမှု ပုံရိပ်များ
-နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု" (အပိုင်း-၄၁)
-မြတ်မျိုးမြင့်မှန်

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့်
-အလင်္ကာဝတ်ရည် မြန်မာမှု တေးဂီတအဖွဲ့ဖျော်ဖြေခန်း (အပိုင်း-၅)
၆း၂၀ ပြည်သူ့နီတိ "ပင်အို"
၆း၄၀ ဝတ်စားဆင်ယင်မှုပြပွဲ
၆း၅၅ တေးဂီတအစီအစဉ်
၇း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၁၂)
၇း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဝင်ချီ" (အပိုင်း-၅၃)
၈း၃၅ ငယ်မူဟန်ပန် သူ့ဆိုဟန် (မာမာအေး)
၉း၀၀ မြန်မာဗီဒီယိုဇာတ်လမ်း "မင်းနဲ့အတူတူ" (ပထမပိုင်း)
(ကျော်ကျော်ဗို၊ ဘရိတ်ကီ၊ နော်လီဇာ၊ စိုးပြည့်သဇင်) [(ဒါရိုက်တာ-သီတာလင်း (ျကေမနူ ဗမအ ဗခနိောပ)]
၈း၂၀ ဝတ်စားဆင်ယင်မှုပြပွဲ(တေးဂီတ)
၁၀း၀၀ "လှပသောတမန်တော်" (တရုတ်မသန်စွမ်းအနုပညာရှင်အဖွဲ့ဖျော်ဖြေတင်ဆက်မှုအစီအစဉ်)
၁၀း၁၀ မြန်မာဗီဒီယိုဇာတ်လမ်း "ထက်ကောင်းကင်ရဲ့ နှင်းသက်ဝတ်မှုံ" (ထွန်းထွန်း၊ အိန္ဒြာကျော်ဇင်) ဒါရိုက်တာ-စိုးကျော်ဆန်း
၁၂း၀၀ အစီအစဉ်ပြီး၏

**တစ်နေ့ ၆ နာရီစာလေးကြိမ် ပြသပါမည်။**

## မြဝတီ

၆း၀၃ တရားတော်
၆း၁၆ မေတ္တာပို့
၆း၂၀ ဓမ္မပူဇာတေး
၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၆း၃၅ မျိုးချစ်တပ်မတော်
၆း၅၅ မြန်မာသံစဉ်ချိုနားဝင်
၈း၀၅ **VOA** အင်္ဂလိပ်စာသင်ခန်းစာ
၈း၁၀ အမျိုးသားရေးတေးကဗျာ
၈း၁၅ ရှေးဟောင်းသုတ
၈း၂၀ DVD Hits
၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၉း၁၀ သူနှင့်သူ၏သီချင်းများ
၄း၂၀ စိုက်ပျိုးသုတ
၄း၃၀ ရင်မှာစွဲလန်းတော်ဝင်ပန်း
၄း၃၅ ဇာတ်လမ်းတို
၅း၀၅ မြန်မာသံစဉ်ချိုနားဝင်
၅း၁၅ ရင်ခုန်စရာအမှောင်ကမ္ဘာ
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ဂန္ထဝင်မြောက်အမုန်း (အပိုင်း-၇၈)
၆း၂၀ သံစဉ်လမ်းကလင်းလက်ကြယ်
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ရွှေရောင်သက်တံများ (အပိုင်း-၅)
- ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်
- မေးမြန်းစူးစမ်း
- ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ဘဝသစ်ရဲ့အလင်းရောင် (အပိုင်း-၈)

## MRTV- 4

၅း၀၀ ပဌာန်းပါဠိတော်+ရတနသုတ်
၅း၄၀ "တံစဉ်တလှည့် တုတ်တလှည့်" တရားတော်(ဆရာတော် ဘဒ္ဒန္တ ဝဏ္ဏိတ)
၉း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားကမေတ္တာများ" (အပိုင်း-၅၇)
၁၁း၀၀ သွားမယ်စားမယ် (HATRICK INYA Sports Bar)
၁၁း၃၀ Forever Music Tribute Raggae (အပိုင်း-၄) (ပထမပိုင်း)
၁၁း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၉)
၂း၂၅မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝက်ပါစံအိမ်" (အပိုင်း-၁၀)
၃း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၃၃)
၃း၄၅ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပညာရေး ဝန်ကြီးဌာန ကြိုဆိုရေး အခမ်းအနား အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များ သင်္ဘောခရီးစဉ်
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၃၄)
၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝက်ပါစံအိမ်" (အပိုင်း-၁၁)
၈း၂၀ Drive It
၈း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားက မေတ္တာများ" (အပိုင်း-၅၈)
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၁၀)
၄း၁၀ World Of Knowledge (Crime Against Nature: Good Cop Bad Cop)



## ဒုတိယမြောက်ရင်သွေးလေးကိုမွေးဖွားခဲ့တဲ့ကင်မ်ကာဒါရှီရန်

ဟောလိဝုဒ်ရဲ့ကျော်ကြားတဲ့စုံတွဲတွေထဲမှာ ပါဝင်တဲ့ ရုပ်သံအစီအစဉ်တင်ဆက်သူ ကင်မ်ကာဒါရှီရန်နဲ့ ရက်ပ်အဆိုတော် ကိန်းရီဝက်စ်ထ်တို့ ဇနီးမောင်နှံနှစ်ဦးဟာ ဒုတိယမြောက် ရင်သွေးလေးဖြစ်တဲ့ သားလေးတစ်ဦးကို မွေးဖွားခဲ့တယ်လို့ အဆိုပါဇနီးမောင်နှံက ပြီးခဲ့တဲ့စနေနေ့မှာ ထုတ်ပြန်ကြေညာခဲ့ပါတယ်။

ကင်မ်က သူ့ရဲ့ သားလေးကိုလော့စ်အိန်ဂျယ်လိစ်ကဆေးရုံတစ်ခုမှာမွေးဖွားခဲ့ပြီး လတ်တလောမှာ မိခင်ရော ကလေးပါ ကျန်းကျန်းမာမာရှိကြောင်း သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာကနေတစ်ဆင့် ရေးသားဖော်ပြခဲ့တာပါ။ အခုထိ သားလေးအတွက်နာမည်ကိုတော့ မရွေးချယ်ရသေးပေမယ့် နာမည်ရဲ့အလယ်စာလုံးကိုတော့ ကင်မ်ရဲ့ဖခင်ကို အစွဲပြုလို့ "ရောဘတ်"လို့ ထည့်သွင်းပေးသွားမှာဖြစ်ကြောင်း ကင်မ်က ဆိုပါတယ်။ ကင်မ်ရဲ့ ကွယ်လွန်သွားပြီဖြစ်တဲ့ ဖခင်ကြီးရဲ့အမည်က ရောဘတ်ကာဒါရှီရန်ဖြစ်ပါတယ်။

ကင်မ်တို့ဇနီးမောင်နှံမှာ ယခုမွေးဖွားခဲ့တဲ့ သားလေးအပြင် နော့သ်ဝက်စ်ထ်လို့အမည်ရတဲ့ အသက်နှစ်နှစ်အရွယ်သမီးလေးတစ်ဦးလည်း ရှိပါတယ်။

## PSY၏ ခရစ္စမတ်ညဖျော်ဖြေပွဲကို တိုက်ရိုက်ထုတ်လွှင့်မည်

ကမ္ဘာကျော်တောင်ကိုရီးယား တေးသံရှင်တစ်ဦးဖြစ်သည့် PSY သည် ယခုနှစ်ခရစ္စမတ်ညတွင် ပြုလုပ်သွားမည့်သူ၏တေးဂီတဖျော်ဖြေပွဲကို တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း စွန်ပွဒေ့ါကွန်းက ဖော်ပြခဲ့သည်။

PSY က နှစ်စဉ်တေးဂီတဖျော်ဖြေပွဲ "All Night Stand" ကို ဒီဇင်ဘာ ၂၄ရက်မှ ၂၆ရက်အထိ ဆိုးလ်ရှိ အိုလံပစ်ပန်းခြံ၌ ကျင်းပသွားမည်ဖြစ်သည်။ ဖျော်ဖြေပွဲသို့ လာရောက်မကြည့်ရှုနိုင်သည့် ပရိသတ်များအတွက် ရည်ရွယ်၍ အဆိုပါ တေးဂီတဖျော်ဖြေပွဲမှ ဒီဇင်ဘာ ၂၅ရက် ခရစ္စမတ်ညတွင် ကျင်းပမည့် တေးဂီတ ဖျော်ဖြေပွဲကို ရုပ်သံလိုင်းများမှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သူ၏ဖျော်ဖြေရေးအေဂျင်စီဖြစ်သော ဝိုင်ဂျီအန်တာတိန်းမန့်စ်က ထုတ်ပြန်ပြောကြားခဲ့သည်။

လတ်တလောတွင် PSY သည် နှစ်နှစ်အတွင်း ပထမဆုံးအကြိမ်ပြန်လည်ထုတ်လုပ်ခဲ့သည့် သူ၏တေးအယ်လ်ဘမ်သစ်မှ တေးသီချင်းသစ်နှစ်ပုဒ်၏တေးဗွီဒီယိုကို အွန်လိုင်းမှတစ်ဆင့် ထုတ်လွှင့်ပြသခဲ့သည်။ ယင်းတေးသီချင်းများအနက် " Napal Baji "သည် အွန်လိုင်းမှ တစ်ဆင့်ကြည့်ရှုသူ ခြောက်သန်းကျော်ရှိသွားပြီဖြစ်ကာ " Daddy "တေးသီချင်းမှာလည်း ထုတ်လွှင့်ခဲ့ပြီး လေးရက်အကြာတွင် အွန်လိုင်းမှတစ်ဆင့် ကြည့်ရှုသူ ၂၅ သန်းခန့် ရှိသွားခဲ့ပြီဖြစ်သည်။

**အေးပြည့် – ရေးသားသည်**

## ဘစ်ဂ်စီရန်၏သီချင်းများနှင့်လက်ဝတ်ရတနာများ အခိုးခံရ



အမေရိကန်ဟစ်ဟော့ပ်အဆိုတော် ဘစ်ဂ်စီရန်ဟာ ဒူဘိုင်းသို့ ခရီးထွက်သွားစဉ်မှာ ဟောလိဝုဒ်မှာရှိတဲ့ သူ့ရဲ့အိမ်အဖောက်ခံခဲ့ရပြီး သူရဲ့သီချင်းစာသားတွေနဲ့ လက်ဝတ်ရတနာတွေ အခိုးခံလိုက်ရတယ်လို့ တီအမ်ဇက်သတင်းဌာနက ဖော်ပြခဲ့ပါတယ်။

ယင်းသို့ အိမ်ဖောက်ထွင်းခံခဲ့ရသောကြောင့် ဘစ်ဂ်စီရန်ရဲ့ ထုတ်လွှင့်ဖြန့်ချိရခြင်းမရှိသေးတဲ့ သီချင်းသစ်တွေရဲ့ စာသားမှတ်စုတွေနဲ့ ခန့်မှန်းခြေတန်ဖိုး အမေရိကန်ဒေါ်လာ တစ်သိန်းခွဲခန့်ရှိတဲ့ လက်ဝတ်ရတနာတွေ ပျောက်ဆုံးသွားခဲ့ရပါတယ်။

အဆိုပါဖောက်ထွင်းမှုနှင့်ပတ်သက်၍ ဒေသခံရဲများက စီရန်၏အိမ်အကြောင်း သိနေသည့် အတွင်းလူတစ်ဦးမှ ကျူးလွန်ခဲ့ဖွယ်ရှိကြောင်း၊ ထိုသို့မှတ်ချက်ချရခြင်းမှာ ဖောက်ထွင်းသည့်သူသည် ခိုးယူခဲ့သည့်ပစ္စည်းများ ထားရှိသည့်နေရာကို ကောင်းစွာသိနေပြီး စီရန် ဒူဘိုင်းသို့ ခရီးထွက်သွားသည်ကိုလည်း သိနေသောကြောင့်ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

ဘစ်ဂ်စီရန်ကတော့ အဆိုပါအမှုအပေါ် မှတ်ချက်တစ်စုံတစ်ရာပေးခြင်းမရှိဘဲ လတ်တလောသူ့ရဲ့ လူမှုကွန်ရက်မီဒီယာပေါ်မှာ ဒူဘိုင်းခရီးစဉ်အတွင်းက ရိုက်ကူးခဲ့တဲ့ သူ့ရဲ့ဓာတ်ပုံတွေကိုသာ ဖော်ပြခဲ့ပါတယ်။

အလားတူ ယခုရက်ပိုင်းမှာ ဟောလိဝုဒ်ကအခြားအဆိုတော်တစ်ဦးဖြစ်တဲ့ ဆိုင်မွန်ကော်ဝဲလ်ရဲ့ အိမ်လည်းဖောက်ထွင်းခံခဲ့ရပါတယ်။ ဒါပေမယ့် စီရန်ရဲ့ဖြစ်ရပ်နဲ့မတူတာကတော့ ဆိုင်မွန်ရဲ့အိမ်ကို ဖောက်ထွင်းခံရချိန်မှာ ဆိုင်မွန်ဟာ အိမ်အပေါ်ထပ်မှာ သူရဲ့မိသားစုနဲ့အတူ ရှိနေပါတယ်။ ဆိုင်မွန်ကတော့ လက်ဝတ်ရတနာတွေနဲ့ ပိုက်ဆံတွေအခိုးခံလိုက်ရတာပါ။

## ဘေကျင်းမှာ အောင်ပွဲဆင်ခဲ့တဲ့ တောင်ကိုရီးယားအနုပညာရှင်များ



တရုတ်နိုင်ငံ ဘေကျင်းမြို့မှာ ဒီဇင်ဘာ ၅ရက် ညပိုင်းက ကျင်းပခဲ့တဲ့ "2016 iQiyi Night" ဆုပေးပွဲမှာ တစ်နှစ်တာအတွက် အကောင်းဆုံးဆုရှစ်ဆုပေးအပ်ချီးမြှင့်ခဲ့သည့်အနက် တောင်ကိုရီးယား အနုပညာရှင်များက ဆုလေးဆုကို သိမ်းပိုက်နိုင်ခဲ့ပါတယ်။ ယင်းတေးဂီတဆုပေးပွဲဟာ တရုတ်နိုင်ငံရဲ့ ထင်ရှားတဲ့ တေးဂီတဝက်ဘ်ဆိုက်တစ်ခုဖြစ်တဲ့ "iQiyi"က ကျင်းပပေးတဲ့ ဆုပေးပွဲဖြစ်ပါတယ်။

ယင်းတေးဂီတဆုပေးပွဲမှာ တောင်ကိုရီးယားတေးဂီတအဖွဲ့တွေဖြစ်တဲ့ " Super Junior"၊ " Girls' Generation "၊ " f(x)"နဲ့"EXO" တို့က ဆုတံဆိပ်အသီးသီးရယူပေးခဲ့တာဖြစ်ပါတယ်။

အဖွဲ့ရဲ့ဆယ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် တေးအယ်လ်ဘမ်သစ် " Devil "ကို ထုတ်လွှင့်ခဲ့တဲ့ " Super Junior "နဲ့ ယခုနှစ် အတွင်းတေးအယ်လ်ဘမ်သစ် "Lion Heart"ကို ထုတ်လွှင့်ခဲ့တဲ့ "Girls' Generation" တို့ဟာ အာရှရဲ့အကောင်းဆုံးတေးဂီတအဖွဲ့ဆုများရရှိခဲ့ပါတယ်။ "Super Junior"အတွက် ဆုတံဆိပ်ကို အဖွဲ့ဝင် တစ်ဦးဖြစ်တဲ့ လီတက်ခ်က လက်ခံရယူခဲ့ပြီး " Girls' Generation" အတွက် ဆုကိုတော့ အဖွဲ့ဝင် ယွန်းနက တက်ရောက်လက်ခံခဲ့ပါတယ်။

" f(x)"တေးဂီတအဖွဲ့ကတော့ အာရှရဲ့ပရိသတ်အပေါ် အလွှမ်းမိုးဆုံးသော ဂီတပညာရှင်ဆုကို ရရှိခဲ့ပြီး " EXO "ကတော့ အာရှရဲ့ အကျော်ကြားဆုံး ဂီတပညာရှင်ဆုကို ရရှိခဲ့တာပါ။

အားကစား

## ဒီဇင်ဘာ ၈ ရက် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

**ပရီမီယာလိဂ် ပွဲစဉ် - ၁၅**

| | | |
|---|---|---|
| အဲဗာတန် - ခရစ္စတယ်ပဲ | | နံနက်-၂း၃၀ |

**လာလီဂါ ပွဲစဉ်-၁၄**

| | | |
|---|---|---|
| အက်စပန်ညို - လီဗန်တေး | | နံနက်-၂း၀၀ |

**ဘွန်ဒက်လီဂါ ပွဲစဉ်-၁၅**

| | | |
|---|---|---|
| ဝုဖ်ဘတ် - ဒေ့ါမွန် | | ည-၁၂း၀၀ |

## ဒီဇင်ဘာ ၆ ရက် အနိုင်/အရှုံးရလဒ်များ

**ပရီမီယာလိဂ် ပွဲစဉ် - ၁၅**

| | | | | |
|---|---|---|---|---|
| ဆောက်သမ်တန် | ၁ | - | ၁ | ဗီလာ |
| ဆွမ်ဆီး | ၀ | - | ၃ | လက်စတာ |
| ဝက်ဖို့ဒ် | ၂ | - | ၀ | နော့ဝှစ်ချ် |
| အာဆင်နယ် | ၃ | - | ၁ | ဆန်းဒါးလန်း |
| ဝက်စ်ဘရွန်း | ၁ | - | ၁ | စပါး |
| မန်ယူ | ၀ | - | ၀ | ဝက်စ်ဟမ်း |
| ချယ်လ်ဆီး | ၀ | - | ၁ | ဘုန်းမောက် |

**စီးရီးအေ ပွဲစဉ်-၁၅**

| | | | | |
|---|---|---|---|---|
| အင်တာမီလန် | ၁ | - | ၀ | ဂျီနိုအာ |
| ဘိုလော့နာ | ၃ | - | ၂ | နာပိုလီ |
| အတ္တလန္တာ | ၃ | - | ၀ | ပါလာမို |
| ဖီအိုရင်တီးနား | ၃ | - | ၀ | အူဒီးနီးစ် |
| ဖရိုစီနိုနီ | ၀ | - | ၂ | ချီယေဗို |
| ဗီရိုနာ | ၀ | - | ၁ | အမ်ပိုလီ |

**လာလီဂါ ပွဲစဉ်-၁၄**

| | | | | |
|---|---|---|---|---|
| ရီးယဲလ်မက်ဒရစ် | ၄ | - | ၁ | ဂီတာဖေး |
| ဂရန်နာဒါ | ၀ | - | ၂ | အက်သလက် |
| ဗလန်စီယာ | ၁ | - | ၁ | ဘာစီလိုနာ |
| ဒီပို့တီဗို | ၁ | - | ၁ | ဆီဗီလာ |
| ဘက်တစ် | ၁ | - | ၁ | ဆယ်တာဗီဂို |
| ဆိုစီဒက် | ၂ | - | ၁ | အီအာ |

**ဘွန်ဒက်လီဂါ ပွဲစဉ်-၁၅**

| | | | | |
|---|---|---|---|---|
| ဝုဖ်ဘတ် | ၁ | - | ၂ | ဒေ့ါမွန် |

**ပြင်သစ်လီဂူ ပွဲစဉ် - ၁၇**

| | | | | |
|---|---|---|---|---|
| **လိုင်ယွန်** | ၀ | - | ၂ | **အန်းဂါးစ်** |
| ဂါဇီလက် | ၁ | - | ၁ | နန့်တက်စ် |
| ဘက်စတီယာ | ၁ | - | ၂ | မိုနာကို |
| ကိန်း | ၁ | - | ၂ | လိုင်လီ |
| ရိမ်း | ၁ | - | ၁ | ထရွိုင်ယက်စ် |
| တူးလော့စ် | ၂ | - | ၃ | လိုရီယန့် |
| မာဆေး | ၀ | - | ၀ | မောင့်ပယ်လီယာ |

**မောင်မောင်ဇော်**

## ကောင်းမွန်သည့်ဘောလုံးရာသီတစ်ခုကို မရရှိခဲ့ဟု ဂါရတ်ဘေးလ်ဆို

ဒီဇင်ဘာ ၅ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဂီတာဖေးအသင်းတို့၏ စပိန်လာလီဂါပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်းအတွက် ဂိုးသွင်းပေးနိုင်ခဲ့သော်လည်း ကောင်းမွန်သည့်ဘောလုံးရာသီ တစ်ခုကို ရရှိခဲ့ခြင်းမရှိကြောင်း ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး ဂါရတ်ဘေးလ်က ထုတ်ဖော်ပြောကြားလိုက်သည်။

ရီးယဲလ်မက်ဒရစ်အသင်းက ဂီတာဖေးအသင်းအား အိမ်ကွင်းဘာနေဗျူး၌ လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ရာတွင် ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးများကို တိုက်စစ်မှူး ဘင်ဇီမာက နှစ်ဂိုး၊ တိုက်စစ်မှူး စီရိုနယ်လ်ဒိုက တစ်ဂိုးနှင့် တိုက်စစ်မှူး ဂါရတ်ဘေးလ်က တစ်ဂိုးသွင်းယူပေးခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဂါရတ်ဘေးလ်သည် ယခုနှစ်ဘောလုံးရာသီတွင် ဒဏ်ရာပြဿနာကြောင့် ရီးယဲလ်မက်ဒရစ်အသင်း၏ ပွဲစဉ်ငါးပွဲလွဲချော်ခဲ့ရပြီး ပုံမှန်ခြေစွမ်းပျောက်ဆုံးခဲ့ရသူဖြစ်သည်။“ကျွန်တော့်အတွက် အကောင်းဆုံးရာသီကို မရရှိခဲ့ပါဘူး။ ဒဏ်ရာပြဿနာတွေကလည်း ကျွန်တော့်ရဲ့ ပုံမှန်ခြေစွမ်းကို ပျောက်ဆုံးစေခဲ့တာပါ။ ဂိုးသွင်းတဲ့အလုပ်ကသာ တိုက်စစ်မှူးတစ်ယောက်ရဲ့ အလုပ်ပါ”ဟုလည်း ဂါရတ်ဘေးလ်က ပြောကြားခဲ့သည်။

လက်ရှိတွင် ရီးယဲလ်မက်ဒရစ်အသင်းသည် ရမှတ် ၃၀ ဖြင့် စပိန်လာလီဂါအမှတ်ပေးဇယား၏ အဆင့်(၃)နေရာတွင် ရပ်တည်လျက်ရှိသည်။ အက်သလက်တီကိုမက်ဒရစ်အသင်းမှာ ရမှတ် ၃၂ မှတ်ဖြင့် အဆင့်(၂)နေရာတွင် ရပ်တည်လျက်ရှိပြီး ဘာစီလိုနာအသင်းမှ ရမှတ် ၃၄ မှတ်ဖြင့် အမှတ်ပေးဇယား၏ ထိပ်ဆုံးတွင် ဦးဆောင်လျက်ရှိသည်။

**ငွေကြယ်**

## ဒီဇင်ဘာ အားကစားလစုပေါင်းလမ်းလျှောက်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၆**

ရန်ကုန် မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အားကစားနှင့်ကာယပညာကော်မတီမှ ဦးစီး၍ ၂၀၁၅ နှစ်ဒီဇင်ဘာ အားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာပထမအပတ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဦးနှင့် ဝန်ထမ်းများဌာနဆိုင်ရာများမှ ဦးစီးမှူးများနှင့်ဝန်ထမ်းများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများ (ထက်၊ လယ်၊ မူ)ကျောင်းသားကျောင်းသူများအင်အား ၁၂၀၀ ကျော်ဖြင့် နံနက် ၅ နာရီခွဲမှ စတင်လမ်းလျှောက်ကြောင်းသိရသည်။

(၃၂၉)

# မျိုးဆက်သစ်အားကစားသမားများပေါ်ထွန်းရေး အားကစားပြိုင်ပွဲများ ညောင်တုန်းမြို့၌ ကျင်းပ

**ညောင်တုန်း ဒီဇင်ဘာ ၆**

ကျန်းမာကြံ့ခိုင်သော ကျောင်းသား ကျောင်းသူများဖြစ်လာစေရန်နှင့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပသည့် အားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းက ညောင်တုန်းမြို့နယ် ကြောင်လှာကုန်း အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ)၌ ကျင်းပခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ ကျောင်းသား ကျောင်းသူ ၅၂ ဦးက အာလူးကောက်ပြိုင်ပွဲ၊ ဖားခုန်ပြိုင်ပွဲ၊ မုန့်စားပြိုင်ပွဲ၊ ပူဖောင်းဖောက်ပြိုင်ပွဲ၊ ဘောလုံး၊ လှံတံပစ်၊ သံလုံးပစ်၊ အမြင့်ခုန်၊ အပြေးပြိုင်ပွဲများစသည်ဖြင့် ကျောင်းသားကျောင်းသူများ ပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင်ကစားကြသည်။

ဆက်လက်၍ ကျောင်းအုပ်ဆရာကြီး ဦးအောင်သက်ထွန်းနှင့်ဆရာဆရာမများကတစ်ဦးချင်းနှင့်အသင်းလိုက်၊ အဖွဲ့လိုက် ဆုများ အားပေးအပ်နှီးမြှင့်ခဲ့ကြောင်းသိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

## ဒေးဗစ်ဖလားဆွတ်ခူးဂုဏ်နဲ့ အန်ဒီမာရေးကို ဂန္တဝင်ကစားသမားလို့ သတ်မှတ်ရမတဲ့လား




အန်ဒီမာရေးဟာ ပြီးခဲ့တဲ့ နိုဝင်ဘာ ၂၉ရက်က ယှဉ်ပြိုင်ကစားခဲ့တဲ့ ဒေးဗစ်ဖလားဗိုလ်လုပွဲမှာ ဘယ်လ်ဂျီယံမှ ဂေါ့ဖင်န်ကို အနိုင်ကစားပြီးနောက်မှာ ဂရိတ်ဗြိတိန်အတွက် ၇၉ နှစ်ကြာစောင့်စားခဲ့ရတဲ့ ဒေးဗစ်ဖလားချန်ပီယံဆုကို ဆွတ်ခူးပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဂရိတ်ဗြိတိန်အသင်း ဒေးဗစ်ဖလားမှာ ချန်ပီယံဖြစ်ပြီးနောက်မှာ မာရေးက “ဒီနိုင်ပွဲက ဂရင်းစလင်းအောင်မြင်မှုနဲ့လည်းမတူသလို၊ အိုလံပစ်ရွှေတံဆိပ်ဆုရတာနဲ့လည်း မတူပါဘူး။ကျွန်တော် ဂရိတ်ဗြိတိန်အတွက် ဒီထက်ကြီးမားတဲ့အောင်မြင်မှုရှိရင် ရယူပေးချင်ပါသေးတယ်” လို့ ပြောခဲ့ပါတယ်။

မာရေးက ဂရိတ်ဗြိတိန်အတွက် ၇၇ နှစ်အကြာစောင့်စားခဲ့ရတဲ့ ဝင်လ်ဘယ်ဒန်အိုးပင်းချန်ပီယံဆု၊ ၇၉နှစ်ကြာမှ ပြန်လည်ရရှိခဲ့တဲ့ ဒေးဗစ်ဖလား၊ ၁၀၄ နှစ်ကြာ မျှော်လင့်နေတဲ့ အိုလံပစ်ရွှေတံဆိပ်ဆုတွေကို ရယူပေးနိုင်ခဲ့တဲ့ ကစားသမားပါ။ဒီလိုအောင်မြင်မှုတွေ ရယူပေးနိုင်တဲ့ မာရေးကို ဗြိတိန်ရဲ့ အားကစားသူရဲကောင်းအဖြစ် မှတ်တမ်းတင်ရမှာဖြစ်ပါတယ်။ ဒါပေမယ့် မာရေးအနိုင်ကစားခဲ့တဲ့ ဂေါ့ဖင်န်က ဂျိုကိုဗစ်ချ်လို ကမ္ဘာ့အဆင့်(၁) ကစားသမားမဟုတ်တာကို သတိပြုရမှာဖြစ်ပါတယ်။ ဂေါ့ဖင်န်က လက်ရှိကမ္ဘာ့အဆင့် (၁၆)သာရှိပြီး ဒါတောင် ဂျန့်မှာကစားခဲ့တဲ့ ပွဲမှာ မာရေးအနေနဲ့ လက်စွမ်းပိုင်းရုန်းကန်ခဲ့ရတာကို ပရိသတ်တွေအနေနဲ့သတိပြုမိမှာပါ။

**ဒေးဗစ်ဖလားဆိုတာ တင်းနစ်ကမ္ဘာ့ဖလားပွဲ မဟုတ်ပါ**

အချို့ကပြောပါတယ်။ ဒေးဗစ်ဖလားဆိုတာ တင်းနစ်ကမ္ဘာ့ဖလားပြိုင်ပွဲပါတဲ့။ဒါက မဟုတ်ပါဘူး။ ဒေးဗစ်ဖလားက နှစ်စဉ်နှစ်တိုင်းလည်း ကျင်းပနေတဲ့ပြိုင်ပွဲဖြစ်ပြီး တင်းနစ်လောကရဲ့အဆင့်သတ်မှတ်ချက်အရ နံပါတ်(၅)နေရာမှာသာ ရှိနေသလို အိုလံပစ်ပြိုင်ပွဲကျင်းပတဲ့နှစ်တွေမှာဆို အဆင့်(၆)နေရာမှာသာရှိနေတဲ့ ပြိုင်ပွဲဖြစ်ပါတယ်။ ဂေါက်သီးရိုက်ကစားနည်းက စကားနဲ့ပြောရရင် ချန်ပီယံရှစ်ပြိုင်ပွဲအဆင့် ပြိုင်ပွဲမျိုးပါ။ ဒေးဗစ်ဖလားပြိုင်ပွဲမှာ ကမ္ဘာ့ထိပ်တန်း အသင်း(၁၆)သင်း ဝင်ရောက်ယှဉ်ပြိုင် ကြပါတယ်။ဒီထဲမှာ စပိန်အသင်းက ကမ္ဘာ့ထိပ်တန်းကစားသမား (၂၀)အတွင်းပါဝင်တဲ့ ကစားသမား သုံးယောက်တောင်ရှိပေမယ့် ဒီကစားသမားတွေက အုပ်စုအဆင့်ပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုခဲ့ဘူး။ ဒါက ဒေးဗစ်ဖလားပြိုင်ပွဲရဲ့ အားနည်းချက်ဖြစ်ပါတယ်။

ယခုနှစ်ပြိုင်ပွဲတွင် ၂၀၁၂နဲ့ ၂၀၁၃ချန်ပီယံ ချက်အသင်းက သြစတြေးလျကို ရှုံးနိမ့်ခဲ့တဲ့ပွဲမှာ ချက်အသင်းဟာ ကမ္ဘာ့အဆင့်(၆)ဘဒက်ချ်က ဝင်ရောက်ကစားခြင်းမရှိခဲ့ပါဘူး။ ဒီလိုပဲ ဘယ်လ်ဂျီယံကို သုံးပွဲ-နှစ်ပွဲနဲ့ ရှုံးနိမ့်ခဲ့တဲ့ ဆွစ်ဇာလန်အသင်းအတွက် ရိုဂျာဖက်ဒရာနဲ့ ဝေါ်ရင်ကာတို့ ဝင်ရောက်ကစားခဲ့ခြင်းမရှိပါဘူး။ အလားတူ ကမ္ဘာ့အဆင့်(၁)ဂျိုကိုဗစ်ချ်က ဆားဘီးယားအသင်းအတွက်ဝင်ရောက်ကစားပေးခဲ့ခြင်းမျိုးလည်းမရှိပါဘူး။ ဒါ့ကြောင့် ခြုံပြီးသုံးသပ်ရရင် ဒေးဗစ်ဖလားပြိုင်ပွဲက ကမ္ဘာ့ဖလားပြိုင်ပွဲမဟုတ်ပါဘူး။ တင်းနစ်လောကမှာ နိုင်ငံကိုယ်စားပြု အသင်းလိုက် ယှဉ်ပြိုင်တဲ့ ပြိုင်ပွဲမို့သာ ထူးခြားတဲ့ ပြိုင်ပွဲတစ်ခုအဖြစ်ရပ်တည်နေနိုင်တာပါ။

**ကမ္ဘာ့ထိပ်တန်းတင်းနစ်သမားတွေနဲ့ တိုက်ရိုက်အချိုးကျ**

ကမ္ဘာ့အဆင့် ထိပ်တန်းတင်းနစ်ကစားသမားတွေ ဝင်ပြိုင်တဲ့နှစ်မှသာ ဒေးဗစ်ဖလားပြိုင်ပွဲအဆင့်အတန်း ပိုမိုမြင့်မားလာမှာဖြစ်ပါတယ်။ဖက်ဒရာနဲ့ ဝေါ်ရင်ကာတို့ နှစ်ဦးလုံးဝင်ရောက်ယှဉ်ပြိုင်ကစားတဲ့ ၂၀၁၄မှာ ဆွစ်ဇာလန်က ချန်ပီယံဖြစ်ခဲ့သလို နာဒယ်လ်ဆိုသူ ဝင်ကစားတဲ့ပွဲတိုင်းအနိုင်ရအောင်ကစားပေးပြီး ၂၀၁၁မှာ စပိန်အသင်းကို ချန်ပီယံဖြစ်စေခဲ့ပါတယ်။ စပိန်က ၂၀၁၁ မှာ ချန်ပီယံဖြစ်ချင်တာကြောင့် ရာဖေးလ်နာဒယ်လ်၊ ဒေးဗစ်ဖာရာ၊ ဖာနန်ဒို ဘာဒက်စ္စကို၊ လိုပက်ဇ်တို့ ပါဝင်ယှဉ်ပြိုင်ပြီး ချန်ပီယံဆုကို ရယူနိုင်ခဲ့ပါတယ်။

ဒေးဗစ်ဖလားဆိုတာ တင်းနစ်လောကမှာ နှစ်တိုင်းကျင်းပတဲ့ ပြိုင်ပွဲဖြစ်တာကြောင့် အများအားဖြင့် ကမ္ဘာ့ထိပ်တန်းကစားသမားတွေက ပွဲဆက်များနေရင် ဝင်ရောက် ယှဉ်ပြိုင်ခြင်းမရှိပါဘူး။ဒါ့ကြောင့် ဒေးဗစ်ဖလားမှာ ချန်ပီယံဆုရယူပေးနိုင်ခြင်းက ကမ္ဘာ့ဖလားချန်ပီယံဆုလို ထိပ်တန်းကစားသမားတွေအပြိုင်ကြဲပြီးမှ ရတဲ့ ဆုဖလားမျိုးမဟုတ်ပါဘူး။ ဒေးဗစ်ဖလားပြိုင်ပွဲရဲ့ အဆင့်အတန်းကို ပိုမိုမြင့်မားစေချင်ရင် ကမ္ဘာ့ထိပ်တန်းအသင်းတွေက သူတို့ရဲ့ ထိပ်တန်းကစားသမားတွေကို မဖြစ်မနေဝင်ရောက် ယှဉ်ပြိုင်ဖို့ တွန်းအားပေးရမှာပါ။ ဒါမှသာ တင်းနစ်လောကရဲ့ အဆင့်အတန်းအမြင့်ဆုံး ပြိုင်ပွဲတွေထဲက တစ်ခုလို့ တင်းနစ်ပရိသတ်တွေကအသိအမှတ်ပြု လာမှာဖြစ်ပါတယ်။

**မာရေးက ဘယ်လိုကစားသမားလဲ**

အန်ဒီမာရေးက လက်ရှိ ကမ္ဘာ့အဆင့်(၂)နေရာမှာ ရပ်တည်နေနိုင်တဲ့ကစားသမားဖြစ်ပေမယ့် ဒီ ၂၀၁၅ အတွင်း ဂရင်းစလင်းဖလားအောင်မြင်မှုတစ်ခုမှ မရရှိသလို သြစတြေးလျအိုးပင်းနဲ့ ပြင်သစ်အိုးပင်းတွေမှာ ဆိုစောစောစီးစီးအောင်ဖျာလိပ်ခဲ့ရတဲ့ ကစားသမားဖြစ်ပါတယ်။ဒါ့အပြင် လက်ရှိမှာ တင်းနစ်ထိပ်တန်းကစားသမားတွေဖြစ်တဲ့ ရာဖေးလ်နာဒယ်လ်က ဒဏ်ရာပြဿနာမှ လွန်မြောက်ပြီး ပုံမှန်လက်စွမ်းရဖို့ ရုန်းကန်နေရဆဲအနေအထားမှာပဲရှိနေသေးသလို၊ ဖက်ဒရာကလည်း အသက်အရွယ်အရ ပြိုင်ပွဲတိုင်းကို ဝင်ရောက် မယှဉ်ပြိုင်တဲ့ မူဝါဒချမှတ်ထားတာကြောင့် သူဟာ လက်ရှိကမ္ဘာ့အဆင့် သတ်မှတ်ချက် မြင့်မားနေတာဖြစ်ပါတယ်။ ဒါပေမယ့် တကယ့်ပြိုင်ပွဲကြီးတွေမှာဆို အန်ဒီမာရေးက ဒီထိပ်တန်းကစားသမားတွေကို အနိုင်မကစားနိုင်တာကို ATP Tours Finals ပြိုင်ပွဲတွေလိုမျိုးမှာ အထင်အရှားမြင်တွေ့ရမှာ ဖြစ်ပါတယ်။

ဒါပေမယ့် ဗြိတိန်ရဲ့ နှစ်ပေါင်းများစွာ နိမ့်ကျခဲ့တဲ့ တင်းနစ်အားကစားအဆင့်အတန်းကို မြှင့်တင်ပေးနိုင်ခဲ့တဲ့ ကစားသမားထဲမှာ အန်ဒီမာရေးက ထိပ်ဆုံးကပါဝင်တယ် ဆိုတာကတော့အသေအချာပါပဲ။ ဒါ့ကြောင့် သူ့ကို ကမ္ဘာ့ဂန္ထဝင်တင်းနစ်ကစားသမားအဖြစ် မှတ်တမ်းရေးထိုးလို့ မရတောင် ဗြိတိန်ရဲ့ အားကစားသူရဲကောင်းထဲက တစ်ယောက်ဆိုတာတော့ ဘယ်သူမှ ငြင်းနိုင်မှာမဟုတ်ပါဘူး။

**မေလှဲ့သင်း**

# နှစ် (၁၃၀) ပြည့် ပါတော်မူနေ့ အောက်မေ့ဖွယ် ကောင်းမှုကုသိုလ်ပြုလှူဒါန်းပွဲကျင်းပ

**မန္တလေး ဒီဇင်ဘာ ၆**

နှစ် (၁၃၀) ပြည့် ပါတော်မူနေ့ အောက်မေ့ဖွယ် ကုသိုလ်ပြုလှူဒါန်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၄ ရက် နံနက် ၉ နာရီက စတင်ကာ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက်ရှိ ဝါခင်းကုန်း မာန်အောင်ရတနာ ဓာတုယရစေတီတော်ရင်ပြင် ဝင်းရတနာ ဓမ္မဗိမာန်တော်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

“၁၂၄၇ ခု၊ တန်ဆောင်မုန်း လဆုတ် ၈ ရက် ၁၈၈၅ခုနှစ် နိုဝင်ဘာလ ၂၉ရက်မှာ အသျှင်နှစ်ပါး သီပေါမင်းတြား၊ မိဖုရားခေါင်ကြီး စုဖုရားလတ်တို့အပါအဝင် တော်ဝင်မျိုးနွယ်အချို့အား နယ်ချဲ့အင်္ဂလိပ်တို့က ထီးနန်းစိုးစံရာ ရတနာပုံ နေပြည်တော်ကနေ အိန္ဒိယနိုင်ငံကို ခေါ်ဆောင်သွားခဲ့တာ ဒီနေ့ဆိုရင် နှစ်ပေါင်း (၁၃၀) ပြည့်ပြီဖြစ်ပါတယ်။ မြန်မာ့ထီးနန်း သူ့ကျွန်ဘဝ ကျရောက်ခဲ့ရပြီး ကိုယ့်အရှင်များ နိုင်ငံရပ်ခြားသို့ ခေါ်ဆောင်သွားတဲ့ နေ့ရက်ဖြစ်တာကြောင့် ပါတော်မူနေ့လို့ ခေါ်ဆိုကာ နှစ်စဉ် တန်ဆောင်မုန်းလဆုတ် ၈ ရက်မှာ အောက်မေ့ဖွယ် အခမ်းအနားကို ကျင်းပလေ့ ရှိကြပါတယ်” ဟု ကုန်းဘောင်မင်းဆက်မောင်နှမတစ်ဦးဖြစ်သူ ကိုထိပ်တင်အောင်က ပြောသည်။

ကုသိုလ်ပြု လှူဒါန်းပွဲအခမ်းအနားအား နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ကာ ဖွင့်လှစ်ပြီး မဟာဂန္ဓာရုံဆရာတော် ဦးဇနကာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ယင်းနောက် အရှင်နှစ်ပါး၏ မြစ်တော် မဟာစန္ဒကုမာရက သံတော်ဦးတင်လွှာဆက်သွင်းပြီး ဆရာတော်ကြီးများထံမှ ဩဝါဒခံယူရာ အနောက်ဝိသုဒ္ဓါရုံတိုက်သစ်၊ ရွှေကျင်တွဲဖက်သာသနာပိုင် အဂ္ဂမဟာပဏ္ဍိတ မတ္တရာသူဌေးတန်းကျောင်းဆရာတော် ဦးမာနိတဘိဝံသက ဩဝါဒချီးမြှင့်တော်မူခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး အရှင်နှစ်ပါး၏ မြေးတော်တော်ဘုရားကလေး၏ မြေးတော်အကြီးဆုံး ကိုကျော်သီဟက ရေစက်ချစာတမ်းဖတ်ကြားပြီး အမျှအတန်းပေးဝေကာ ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားပြီးဆုံးခဲ့သည်။

အခမ်းအနားသို့ မန္တလေးမြို့ သံဃဂိုဏ်းပေါင်းစုံမှ သံဃာတော် ၁၃၀ ပါး တို့အား ပင့်ဖိတ်ကာ ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် လှူဖွယ်ပစ္စည်းများကပ်လှူခြင်းတို့ကို ဆောင်ရွက်ကြသည်။ ညနေပိုင်းတွင် ဝါခင်းကုန်း စေတီတော်ရင်ပြင် ဆီမီး ၁၀၀၀၀ ပူဇော်ခဲ့ကြသည်။

ပါတော်မူနေ့ဟူသည် မင်းမျိုးမင်းနွယ်၊ ကုန်သည်၊ မင်းခစား၊ ပြည်သူ ဟူသော လူထု လူတန်းစားအားလုံးနှင့် ဆက်စပ်နေပြီး ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးများ ကျွန်သဘောက်ဘဝ ကျရောက်ခဲ့ရမှုအတွက် မိမိအမျိုး၊ ဘာသာ၊ သာသနာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ကိုယ့်လူမျိုးများအချင်းချင်း စည်းလုံးညီညွတ်ရေး စသော အတိတ်သမိုင်းမှ အကြောင်း တရားများကို ပြန်လည်ဆင်ခြင်ကာ အနာဂတ်ကာလတွင် ဇာတိမာန် ရှင်သန်ထက်မြက်စေရန် ဆောင်ရွက်ရသောနေ့ဖြစ်ကြောင်း ပညာရှင်များက အစဉ်အဆက် မိန့်ဆိုခဲ့ကြသည်။

၀၀၂

## အောင်လံမြို့နယ်တွင် တောင်သူ ပညာပေး ဆွေးနွေးပွဲပြုလုပ်

**အောင်လံ ဒီဇင်ဘာ ၆**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ပြလို့ကျေးရွာအုပ်စုတွင် ဒီဇင်ဘာ ၃ ရက် မွန်းလွဲ ၁ နာရီက မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူး၍ တောင်သူ ပညာပေး ဆွေးနွေးပွဲတစ်ရပ် ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းဆွေးနွေးပွဲသို့ ကျေးရွာအုပ်စု (၇) အုပ်စုမှ တောင်သူ ၇၆ ဦးနှင့် စိုက်ပျိုးရေး ဦးစီးဌာနမှ ဝန်ထမ်း ၂၈ ဦး တက်ရောက်ကြပြီး မျိုးကောင်းမျိုးသန့်များသုံးစွဲရေး၊ သီးနှံပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး၊ မြေဩဇာ စနစ်တကျသုံးစွဲရေးနှင့် သီးနှံများ၏ အဓိက လိုအပ်သော အာဟာရဓာတ်များအကြောင်း တို့ကို တိုင်းစိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲ၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ မြေအသုံးချရေးဌာနခွဲတို့မှ လက်ထောက်ညွှန်ကြားရေးမှူးများက ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

**သိန်းလွင်(ပြန်/ဆက်)**

## ကောလင်းမြို့မြို့ပေါ်တွင်ပြေးဆွဲနေသော သုံးဘီးဆိုင်ကယ်သမားများ ဝင်ငွေရရှိမှုနည်းပါးလာ

**ကောလင်း ဒီဇင်ဘာ ၆**

ကောလင်းမြို့မှ သုံးဘီးဆိုင်ကယ်သမားများမှာ နေ့စဉ်မျှော်မှန်းထားသည့်ဝင်ငွေထက် လျော့ပါးကာရရှိနေကြပြီး လုပ်ငန်းအဆင်မပြေကြကြောင်း သိရသည်။

“သုံးဘီးဆိုင်ကယ်တွေ စပြီးဆွဲတဲ့ ၁၉၉၅ ခုနှစ်လောက်က တစ်မြို့လုံးမှာ အစီးရေက ၁၅၀ လောက်နဲ့ မြင်းလှည်းကအစီးရေ ၁၀၀ လောက်ပဲရှိတာ အခုက တောရောမြို့ပါ အစီးရေ ၆၀၀ ကျော်သွားပြီ၊ စဝယ်တုန်းက ကုမ္ပဏီကနေလိုင်စင်ပါပြီး မြို့အရောက်လီဖန်းသုံးဘီးကောင်ရေ ၁၅၀ တစ်စီးကို ၃၅ သိန်းလောက်ပဲပေးရတယ်။ အစကတော့ တိုးပွားလာတဲ့ လူဦးရေနဲ့ ကောင်းလာတဲ့လမ်းတွေကိုကြည့်ပြီး ခရီးသည်တွေနဲ့ ကုန်ပစ္စည်း ကောင်းကောင်းတင်လို့ရမှာပဲလို့ မျှော်လင့်ခဲ့ကြတာ။ အခုတော့ကျေးရွာတွေက အိမ်တိုင်းအိမ်တိုင်းမှာ ဆိုင်ကယ်တစ်စီးဆိုတာ အနည်းဆုံးရှိတယ်။ တချို့ရွာတွေမှာဆိုရင်လည်း သုံးဘီးဆိုင်ကယ်ကို ကိုယ်တိုင်ဝယ်ထားကြပြီး မြို့ပေါ်ကို ကိုယ့်ကုန်နဲ့ကိုယ်မောင်းနှင်ကြတော့ မြို့ပေါ်က သုံးဘီးဆိုင်ကယ်သမားတွေ ဝင်ငွေမကောင်းဖြစ်ရတာပါပဲ” ဟု ဘူတာဝန်းကျင်အနီး သုံးဘီးဆိုင်ကယ်ပြေးဆွဲမောင်းသူတစ်ဦးက ပြောသည်။

“ဝင်ငွေကမကောင်းပါဘူးဆိုမှ မိုးရာသီ ဇူလိုင်လတစ်လလုံး ရာသီဥတုဖောက်ပြန်ပြီး တစ်နယ်လုံးရေကြီးနစ်မြုပ်မှုတွေဖြစ်လို့ အိမ်ကမရှိ ရှိတာလေးပေါင်နှံရောင်းချပြီး စားဝတ်နေရေးဖြေရှင်းရသေးတယ်။ ပြီးခဲ့တဲ့ကထိန်ပွဲတွေမှာ သုံးဘီးဆိုင်ကယ်တွေ ငှားရမ်းသုံးစွဲကြလို့ အသက်ရှူနည်းနည်းတော့ချောင်သွားတာပေါ့” ဟု ဈေးအနီးဝန်းကျင်၌ သုံးဘီးဆိုင်ကယ်မောင်းနှင်ပြေးဆွဲသူတစ်ဦးက ပြောသည်။

ယခုအခါကောလင်း၊ ဝန်းသို၊ ပင်လည်ဘူးနှင့် ကန့်ဘလူမြို့နယ် ကိုးတောင်ဘို့ကျေးရွာတို့မှ ရာသီပေါ် ဟင်းသီးဟင်းရွက်များ လှိုင်လှိုင်ထွက်ရှိပြီး ကောလင်းဈေးသို့တင်သွင်းရောင်းချမှု များပြားလာသဖြင့် ခရီးအကွာအဝေးပေါ် မူတည်၍ အနည်းဆုံးငွေ ကျပ် ၅၀၀၀ ကနေ ၁၀၀၀၀ ဝန်းကျင်ခန့်ရရှိကြောင်း သိရသည်။

**စိုင်းလှမင်း**




ရန်ကုန်စီးပွားရေး တက္ကသိုလ်(ဘောဂဗေဒ) ၁၉၈၄ခုနှစ်ဘွဲ့ရသူငယ်ချင်းများ

ဒုတိယအကြိမ်ဆရာကန်တော့ပွဲ နှင့် ဆဋ္ဌမအကြိမ်တွေ့ဆုံပွဲ

သူငယ်ချင်းတို့ရေ -

၂၆.၁၂.၂၀၁၅ (စနေနေ့) စိမ်းလန်းစိုပြေဉယျာဉ် အင်းလျားလမ်းမှာ

- တို့ စာသင်နစ်ကဆရာများကို ကန်တော့မယ် — ညနေ ၄း၃၀ နာရီမှ ညနေ ၆နာရီထိ
- သူငယ်ချင်းများ ပျော်ရွှင်စွာမိတ်ဆုံစားမယ် — ညနေ ၆ နာရီ စတင်မည်

၂၇.၁၂.၂၀၁၅ (တနင်္ဂနွေနေ့) မှာ

-၁၉၈၄ ဘောဂဗေဒအနေနဲ့ စီးပွားရေးတက္ကသိုလ်အာစရိယပူဇော်ပွဲမှာ စတုဒိသာကျွေးကြမယ်။
(လုပ်အားပိုင်းကူရမယ်နော်)
-ပြီးလျှင် နံနက်၉ း၀၀နာရီမှာ ပြုလုပ်မယ့်ဆရာကန်တော့ပွဲကို အတူတူဆင်နွဲကြတာပေါ့နော်။

| | | | |
|---|---|---|---|
| ကိုစိုင်းသက်နိုင်မိုး | ၀၉-၅၀၀၅၆၅၅ | မအေးမိစံ | ၀၉-၅၁၂၄၅၄၀ |
| ကိုသာဒင် | ၀၉-၇၃၀၅၄၉၉၁ | မခင်ခင်မြင့်(မလတ်) | ၀၉-၅၁၃၃၇၅၂ |
| ကိုကျော်သန်းစော | ၀၉-၅၀၃၅၃၉၁ | မဖြူဖြူအိ | ၀၉-၅၅၀၇၀၉၁ |
| ကိုထွန်းလင်းကြည် | ၀၉-၅၁၄၉၈၀၆ | မီးမီး(ခ)ယဉ်ယဉ်ထွေး | ၀၉-၇၃၀၉၄၂၄၀ |
| ကိုဝင်းမောင် | ၀၉-၄၀၀၄၆၆၇၇၀ | မအေးအေးလှိုင် | ၀၉-၅၀၄၀၈၂၃ |

✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ - ၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှု စွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ် - ၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ် - ၂၀၁၃) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး သရဖူစိန်ပွင့်ဆု (လန်ဒန် - ၂၀၁၄) နှင့် Certificate ရ

ဖျံ-၅-ကောင် အမှတ်တံဆိပ်
သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေးကို
တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
ဒေါက်တာစိုးမြင့်အောင်(ဓါးခယ်မ) Ph.D (Alternative Medicines)
ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း။ အမှတ်-၁၂၅၊ ၄၂ လမ်း။ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၃၇၀၁၇၅၊ ၃၉၂၉၄




# ဒီဇင်ဘာအားကစားလ လူထုလမ်းလျှောက်ပွဲများစတင်



**သထုံ**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ဒီဇင်ဘာ လူထုအားကစားလ၌ စုပေါင်းလူထု လမ်းလျှောက်ပွဲများနှင့်အတူ နေ့ချင်းပြီးအားကစားပြိုင်ပွဲများကို အပတ်စဉ်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"အပတ်စဉ် စနေနေ့တိုင်းမှာ ခုလိုလူထုလမ်းလျှောက်ပွဲနဲ့အတူ ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ ရိုးရာခြင်းနဲ့ ပြေးခုန်ပစ်ပြိုင်ပွဲတွေကို တစ်ပတ်တွင် အားကစားနည်းတစ်မျိုးစီ ထည့်သွင်းပြီး နေ့ချင်းပြီး ပြုလုပ်သွားမှာပါ" ဟု မြို့နယ်အား/ကာဦးစီးမှူး ဒေါ်မိုးမိုးက ဒီဇင်ဘာလ ၅ ရက် နံနက် ၅ နာရီခွဲက ကျင်းပသည့် (ပထမ)ပတ် စုပေါင်းလမ်းလျှောက်ပွဲတွင် ပြောကြားသည်။

**သက်ဦး(သထုံ)**

**တပ်ကုန်း**

၂၀၁၅ ခုနှစ် ဒီဇင်ဘာအားကစားလ ပထမပတ် စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၅ ရက် နံနက် ၅ နာရီက နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ မျိုးဆက်သစ်ကျောက်တုရုပ်အနီးစုရပ်၌ကျင်းပရာ ပါဝင်လမ်းလျှောက်သူများက စုရပ်ဖြစ်သော မျိုးဆက်သစ်ကျောက်တုရုပ်အနီးမှ စုပေါင်းပါဝင်လမ်းလျှောက်ကြပြီးနောက် မြို့နယ်အားကစားကွင်းအတွင်း၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးကို တပျော်တပါး ပါဝင်ဆင်နွှဲပြုလုပ်ကြသည်။

ယင်းနေ့က ပါဝင်ဆင်နွှဲစုပေါင်း လမ်းလျှောက်ကြသည့် ပြည်သူ ၂၇၀၂ ဦးအား မြို့နယ်အားကစားကော်မတီအဖွဲ့မှ ကောက်ညှင်းပေါင်းနှင့် အကြော်များ အာဟာရဒါနအဖြစ်ဝေငှပေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

**တာချီလိတ်**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ပြည်သူလူထုတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ဒီဇင်ဘာအားကစားလ ပထမပတ်အဖြစ် လူထုလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၅ ရက် နံနက် ၅ နာရီက ဆန်ဆိုင်း(ခ)ရပ်ကွက်ရှိ ရှမ်းရိုးမကုန်တိုက်ရှေ့စုရပ်မှစတင်ကာ ဗိုလ်ချုပ်လမ်းမကြီးအတိုင်း မြို့မအားကစားကွင်းအထိ တပျော်တပါး ပါဝင်လမ်းလျှောက်ခဲ့ကြသည်။

ယင်းစုပေါင်းလမ်းလျှောက်ပွဲတွင် စုစုပေါင်းအင်အား တစ်ထောင်ကျော်တို့က ရှမ်းရိုးမကုန်တိုက်ရှေ့စုရပ်မှ ဗိုလ်ချုပ်လမ်းမကြီးအတိုင်း မြို့မအားကစားကွင်းသို့ တပျော်တပါး စုပေါင်းလမ်းလျှောက်ကြပြီး အားကစားကွင်းအတွင်း၌ ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်း အတွဲ(၁) နှင့် (၂)တို့ကို စုပေါင်းလေ့ကျင့်ခဲ့ကြသည်။

**ဝေယံလင်း(ပြန်/ဆက်)**

**ဒီးမော့ဆို**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်တွင် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီနှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ ဒီဇင်ဘာ (ပထမပတ်) လူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၅ ရက် နံနက် ၅ နာရီခွဲက မြို့နယ်အားကစားကွင်းရှေ့မှစ၍ မြို့ပတ်လမ်းအတိုင်း တပျော်တပါးစုပေါင်းလမ်းလျှောက်ကာ မြို့နယ်အားကစားကွင်း၌ ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများကို စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

**မြို့နယ် ပြန်/ဆက်**

**ရေး**

ရေးမြို့နယ် အား/ကာကော်မတီ၏ကြီးကြပ်မှုဖြင့် ဒီဇင်ဘာလူထုအားကစား စုပေါင်းလမ်းလျှောက်ပွဲနှင့် အပျော်တမ်းအားကစားပြိုင်ပွဲကို ဒီဇင်ဘာ ၅ ရက် နံနက် ၅ နာရီတွင် သတ်မှတ်စုရပ်ဖြစ်သည့် တပွလင်နှစ်ဆူဘုရားရှေ့မှစတင်စုပေါင်းလမ်းလျှောက်ကြပြီး မြို့မအားကစားကွင်း၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများပြုလုပ်၍ အားကစားပြိုင်ပွဲများကျင်းပကာ ဆုရရှိသူများအားဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

**ကန်ကြီးထောင့်**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် ဒီဇင်ဘာလ (ပထမပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၅ ရက် နံနက် ၅ နာရီခွဲတွင် ကျင်းပခဲ့သည်။

ယင်းလမ်းလျှောက်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မြို့ပေါ်ရပ်ကွက်မှ ဒေသခံပြည်သူများ စုပေါင်း၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့စုရပ်မှ ကန်ကြီးထောင့်မြို့မဈေးအထိ စုပေါင်းလမ်းလျှောက်ကြပြီး မြို့မပြည်သူ့အားကစားကွင်းတွင် ကိုယ်ကာယလေ့ကျင့်ခန်းများကို ပြုလုပ်ကြသည်။ လမ်းလျှောက်ပွဲတွင် ပါဝင်သူများအား ကောက်ညှင်းပေါင်းဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**

**ဝါးခယ်မ**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလ ပထမပတ်လူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၅ ရက် နံနက် ၅ နာရီခွဲက ဝါးခယ်မမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့မှစကာ ဦးကြီးထော်ကျေးရွာအထိ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ပြည်သူများ စုပေါင်းပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**လွှမ်းသီဟ (ပြန်/ဆက်)**

**ချောင်းဦးမြို့**

ဒီဇင်ဘာအားကစားလစုပေါင်းလှုပ်ရှားမှုလူထုလမ်းလျှောက်ပွဲ(ပထမ) ပတ်ကို ဒီဇင်ဘာ ၅ ရက် နံနက် ၅ နာရီက ချောင်းဦးမြို့၌ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထောက်အကူပြု ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ ကျောင်းသား၊ ကျောင်းသူများ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

အဆိုပါ လူထုလမ်းလျှောက်အဖွဲ့သည် ချောင်းဦးမြို့ အ-ထ-က ကျောင်းရှေ့မှ 'စိုး' စက်သုံးဆီအရောင်းဆိုင်ရှေ့သို့ မုံရွာ-မန္တလေးကားလမ်းအတိုင်း စုပေါင်းလမ်းလျှောက်ကြပြီး ပြည်သူ့အားကစားကွင်းအတွင်း၌ သွေးပူလေ့ကျင့်ခန်းများ စုပေါင်းဆောင်ရွက်ခဲ့သည်။

**မြို့နယ်ပြန်/ဆက်**

**ပူတာအို**

ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနကကြီးမှူးကျင်းပသည့် ဒီဇင်ဘာ အားကစားလပထမပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၅ ရက်နံနက် ၅ နာရီခွဲက ပူတာအိုမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းစုပေါင်းလမ်းလျှောက်ပွဲတွင် စုစုပေါင်း ပြည်သူသုံးရာကျော်တို့ ပါဝင်ခဲ့ပြီး မြို့နယ် ပြည်သူ့အားကစားကွင်းမှ စတင်ထွက်ပြီး လုံးစွတ်ရပ်ကွက်အထိ(အသွား)- လုံးစွတ်ရပ်ကွက်မှ(အပြန်) အ-ထ-က (ပူတာအို) အားကစားကွင်းသို့ ပြန်လည်ဝင်ရောက်ကာ အ-ထ-က (ပူတာအို)အားကစားကွင်းတွင် ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း အတွဲ(၁)ကို စုပေါင်း တပျော်တပါးပြုလုပ်ခဲ့ကြသည်။

**ခရိုင်ပြန်/ဆက်**















## တစ်ပတ်အတွင်းအားကစားသုံးသပ်ချက်

ဒီဇင်ဘာ ၂ ရက်က ယှဉ်ပြိုင်ကစားခဲ့တဲ့ အသက်(၁၇)နှစ်အောက် ရီးယဲလ်အသင်းနဲ့ အက်သလက်တီကိုအသင်းတို့ရဲ့ ဒါဘီပွဲစဉ်မှာ ရီးယဲလ် လူငယ်ကိုးသမား လူကာဇီဒန်းက ပြိုင်ဘက်အက်သလက်ကစားသမားကို ခေါင်းနဲ့တိုက်ခဲ့တာကြောင့် အနီကတ်ပြသခံရပြီး ကွင်းထဲကနေ ထွက်ခွာခဲ့ရပါ တယ်။ ဒီဖြစ်ရပ်က ၂၀၀၆ ကမ္ဘာ့ဖလားဗိုလ်လုပွဲမှာ ပြင်သစ် အသင်း ခေါင်းဆောင်ဇီနက်ဒင်ဇီဒန်းက အီတလီနောက်ခံလူမာတာရာဇီကို အချိန်ပို မိနစ် ၃၀ ကစား နေချိန်အတွင်း ခေါင်းနဲ့ဆောင့်တိုက်ခဲ့တဲ့ဖြစ်ရပ်ကို ပြန်ပြောင်းအမှတ် ရစေခဲ့ပါတယ်။

# ပြန်လည်သက်ဝင်လာတဲ့ ၂၀၀၆ ကမ္ဘာ့ဖလား ဗိုလ်လုပွဲဖြစ်ရပ်

❑ မေလွဲသင်း






ဇီဒန်းက ကွင်းထဲမှာ ကစားနေချိန်မှာဆို ပြိုင်ဘက်ကစားသမားတွေ တားဆီးဖို့ခက်ခဲတဲ့ အံ့အားသင့်ဖွယ်အရည်အချင်းတွေနဲ့ ပြည့်နှက်နေသူ ဖြစ်တာကြောင့် ပြိုင်ဘက်နောက်တန်းကစားသမားတွေက သူ့ကိုတားဆီးဖို့ ပွဲချိန်ပြည့် ကြိုးပမ်းကြရပါတယ်။ ၂၀၀၆ ကမ္ဘာ့ဖလားဗိုလ်လုပွဲ အီတလီနဲ့ ပြင်သစ်အသင်းတို့ တစ်ဖက်တစ်ဂိုးစီ သရေကျနေချိန်မှာ ပြင်သစ်က ခြေစွမ်း ပိုင်းအသာရနေခဲ့ပြီး အီတလီဂိုးသမား ဘူဖွန်လက်စွမ်းပြနေတာကြောင့်သာ အီတလီသက်သာရာရနေခဲ့တာဖြစ်ပါတယ်။ ဒီအချိန်မှာ ဇီဒန်းက မာတာရာဇီ ရဲ့ရင်ဘတ်ကို ခေါင်းနဲ့ပြေးတိုက်ခဲ့တာကြောင့် ကမ္ဘာ့ဘောလုံးပရိသတ်တွေရော ကွင်းထဲမှာရှိနေတဲ့ နှစ်ဖက်ကစားသမားတွေပါ ပဟေဠိမေးခွန်းတွေ ပလူပျံ အောင်ထွက်ခဲ့ရပေမယ့် နောက်ပိုင်းမှာ မာတာရာဇီက သူပြောလိုက်တဲ့စကား တစ်ခွန်းကြောင့် ဒီဖြစ်ရပ်ဖြစ်လာရတာလို့ ဝန်ခံခဲ့ပါတယ်။ ဒီဖြစ်ရပ်က ၂၀၀၆ ခုနှစ် အတွက် မမေ့နိုင်စရာအကောင်းဆုံးဖြစ်ရပ် နံပါတ်(၁)နေရာမှာ ရပ်တည်နိုင်ခဲ့တဲ့အထိ ထင်ရှားတဲ့ဖြစ်ရပ် ဖြစ်ခဲ့ပါတယ်။

မာတာရာဇီက "ကျွန်တော် သူ့ဂျာစီကိုဆွဲမိတော့ ဇီဒန်းက အင်္ကျီလို ချင်ရင် ပွဲအပြီးမှာ လဲပေးမယ်လို့ ပြောတယ်။ ဒါ့ကြောင့် ကျွန်တော်က မင်း အင်္ကျီကို ငါကဘာလို့ လိုချင်ရမှာလဲ။ မင်းနှမဆိုရင်တော့ တစ်မျိုးပေါ့"လို့ ပြန်ပြောခဲ့တာကြောင့် ဇီဒန်းက သူ့ကိုဒေါသထွက်ပြီး ခေါင်းနဲ့ပြေးတိုက်ခဲ့တာလို့ ဆိုပါတယ်။ ဒီဖြစ်ရပ်နဲ့ ပတ်သက်ပြီး ကာယကံရှင် ဇီဒန်းက မာတာရာဇီကိုရော ပြင်သစ်အသင်းဖော်တွေကိုပါ တောင်းပန်ခဲ့ခြင်းမရှိသလို ၂၀၀၆ ကမ္ဘာ့ ဖလားအကောင်းဆုံးကစားသမားဆုဖြစ်တဲ့ ရွှေဘောလုံးဆုကို လက်ခံရယူခြင်း မရှိခဲ့ပါဘူး။ ဒါပေမယ့် တစ်ကမ္ဘာလုံးမှာရှိတဲ့ ကလေးပရိသတ်တွေအနေနဲ့ သူ့ ရဲ့လုပ်ရပ်နဲ့ ပတ်သက်ပြီး အတုယူမှားမှာ စိုးတဲ့အတွက်တော့ စိတ်မကောင်းဖြစ်မိကြောင်း ဆိုခဲ့ပါတယ်။ ဒီဖြစ်ရပ် ကြောင့်ပဲ ၂၀၀၆ကမ္ဘာ့ဖလားမှာ ဇီဒန်းရဲ့ ခြေစွမ်းက အထင်ပေါ်ဆုံးဖြစ်ခဲ့ပေမယ့် ၂၀၀၆ ကမ္ဘာ့အကောင်းဆုံးကစားသမားဆုကို အီတလီအသင်းခေါင်းဆောင် ကန်နာဗာရိုးကသာ သိမ်းပိုက်သွားတာ ဖြစ်ပါတယ်။

အခုလူကာဇီဒန်းရဲ့ ဖြစ်ရပ်ကို ပြန်ကြည့်ရင် မြို့ခံပြိုင်ဘက် အက်သလက် က ဂိုးတွေတစ်ရစပ်သွင်းယူချိန်မှာ လူကာရဲ့တည်ငြိမ်မှုတွေပျောက်သွားခဲ့ ပြီးနောက် ပြဿနာစတင်ဖြစ်လာတာဖြစ်ပါတယ်။ အဲဒီပွဲမှာ ရီးယဲလ်က အက်သလက်ကို လေးဂိုး-နှစ်ဂိုးနဲ့အရေးနိမ့်ခဲ့သလို နှစ်ဖက်အသင်းသားတွေ ပဋိပက္ခဖြစ်ခဲ့ကြပြီး ရီးယဲလ်ဂိုးသမားလူကာက ဒေါသကိုမထိန်းနိုင်ဘဲ တစ်ဖက် အသင်းက ကစားသမားကို ခေါင်းနဲ့ပစ်တိုက်ခဲ့တာကို ဗီဒီယိုမှတ်တမ်းတွေအရ တွေ့ရှိခဲ့ကြပါတယ်။ ဒါ့ကြောင့် လူကာဇီဒန်းက ဖခင်ဇီဒန်းရဲ့ခြေရာကို တစ်ထပ် တည်း နင်းသူ၊ ဖအေသွေးအပြည့်ပါသူလို့ အားကစားမီဒီယာတွေက အကျယ် တဝင့်ဝေဖန် ရေးသားလာကြပါတယ်။ နှစ်ဖက်အသင်းပဋိပက္ခဖြစ်ပွားချိန်မှာ အစိမ်းရောင်ဂျာစီဝတ်ဆင်ထားတဲ့ ဂိုးသမားလူကာဇီဒန်းက ထင်ရှားနေခဲ့ပြီး ခေါင်းနဲ့ဆောင့်တိုက်ခဲ့တဲ့ သူ့ရဲ့အပြုအမူက ၂၀၀၆ တုန်းက ဇီဒန်းရဲ့ပုံစံနဲ့ တစ်ထပ်တည်းတူညီနေခဲ့တာပါ။ အခုလို ၂၀၀၆ ကမ္ဘာ့ဖလားဖြစ်ရပ်ဖြစ်ပြီး ၁၀နှစ်နီးပါးကာလရောက်ရှိလာချိန်မှာ တိုက်တိုက်ဆိုင်ဆိုင် ဒီဖြစ်ရပ်မျိုးထပ်မံ ဖြစ်လာခဲ့တာဖြစ်ပါတယ်။ ဇီဒန်းမှာ သားလေးယောက်ရှိပြီး အကြီးဆုံးသား အန်ဇိုဇီဒန်းက ရီးယဲလ်(ခ) အသင်းရဲ့ အသင်းခေါင်းဆောင်ဖြစ်ကာ အခု ခေါင်းတိုက်ခဲ့တဲ့ လူကာက ဒုတိယမြောက်သား ဖြစ်ပါတယ်။

ကျန်တဲ့သားနှစ်ယောက် ဖြစ်တဲ့ သီယိုနဲ့ အယ်ယက်ဇ်တို့ကတော့ ရီးယဲလ် အကယ်ဒမီမှာ ဘောလုံးပညာသင်ကြားနေဆဲ ကာလပဲရှိပါသေးတယ်။ ဒီထဲမှာ အန်ဇိုနဲ့ သီယိုတို့နှစ်ဦးက ဖခင်ဇီဒန်းလိုပါရမီရှိသူဖြစ်ပါတယ်။ ဇီဒန်းက လက်ရှိမှာ ရီးယဲလ်(ခ)အသင်းကို တာဝန်ယူနေသူဖြစ်ပြီး ဘင်နီတက်ဇ်နေရာကို အစားထိုး ခန့်အပ်ခံရမယ်လို့ ရေပန်းစားနေသူဖြစ်တဲ့အတွက် လူကာဇီဒန်းရဲ့ အခုလိုလုပ်ရပ်က ဇီဒန်းအတွက်တော့ စိတ်အနှောင့်အယှက်ဖြစ်စေမှာပါ။ ဒါပေမယ့် ဇီဒန်းကတော့ ဒီဖြစ်ရပ်နဲ့ ပတ်သက်ပြီး မှတ်ချက်တစ်စုံတစ်ရာပေးခဲ့ခြင်းမရှိသလို သူဟာရီးယဲလ်အသင်းကြီးကို ကိုင်တွယ်ဖို့ အသင့်အနေအထားမရှိသေးဘူးလို့ပဲ တုံ့ပြန်ခဲ့ပါတယ်။

ဘာပဲဖြစ်ဖြစ် ဇီဒန်းက အားကစားလောကမှာ နာမည်ပျက်မရှိခဲ့တဲ့ ကစားသမားဖြစ်သလို အခုနည်းပြဘဝကိုလည်း အောင်မြင်အောင်တည်ဆောက် ရဆဲအနေအထားမှာပဲ ရှိပါသေးတယ်။ မာတာရာဇီက သူ့စိတ်ကိုဆွခဲ့လို့သာ ဒီလိုမလိုလားအပ်တဲ့ဖြစ်ရပ် ဖြစ်လာခဲ့တာဖြစ်ပါတယ်။ ဒါ့ကြောင့် အခုမှအသက် (၁၇)နှစ်သာရှိသေးတဲ့ လူကာဇီဒန်းရဲ့ ကစားသမားဘဝအစကို မလိုလားအပ်တဲ့ အစွန်းအထင်းတွေ၊ လိုအပ်တာထက်ပိုတဲ့ဝေဖန်မှုတွေနဲ့ လက်ညှိုးထိုးနေတာကို ရပ်တန်းက ရပ်သင့်ပါပြီ။ အသက်(၁၇)နှစ်အရွယ်ဆိုတာ လိုအပ်တဲ့လေ့လာ သင်ကြားမှုတွေကို ပြုလုပ်နေရဆဲအဆင့်မှာပဲ ရှိသေးတဲ့အတွက် လူငယ် တစ်ယောက်ရဲ့ စိတ်ပိုင်းဆိုင်ရာအပေါ် ဆိုးကျိုးသက်ရောက်မှုရှိတဲ့ ဝေဖန်မှု တွေနဲ့ အခုမှအစပြုတဲ့ ပရော်ဖက်ရှင်နယ်ဘဝကို ထိခိုက်နစ်နာစေတာမျိုးကို ဝေဖန်သုံးသပ်သူတွေအနေနဲ့ ရှောင်ရှားသင့်ပါတယ်။ လူတစ်ဦးတစ်ယောက်က မိမိရဲ့အမြင်ကို လွတ်လပ်စွာတင်ပြခွင့်၊ ထုတ်ဖော်ခွင့်ရှိပါတယ်။ ဒါပေမယ့် ဒီလိုထုတ်ဖော်တဲ့နေရာမှာ တစ်ဦးတစ်ယောက်ကိုသော်လည်းကောင်း၊ အဖွဲ့ အစည်းတစ်ခုကိုသော်လည်းကောင်း ထိခိုက်စေတယ်ဆိုရင်တော့. . .။

❑❑❑


**နည်းပညာတက္ကသိုလ်(မှော်ဘီ)၊ မြို့ပြအင်ဂျင်နီယာဘာသာရပ်**
**ကျောင်းသူ/သားဟောင်းများ၏ ပဥ္စမအကြိမ်မြောက် ဆရာကန်တော့ပွဲ ဖိတ်ကြားခြင်း**

နည်းပညာတက္ကသိုလ်(မှော်ဘီ)၊ မြို့ပြအင်ဂျင်နီယာဘာသာရပ် ကျောင်းသူ/သားဟောင်းများ၏ ပဥ္စမအကြိမ်မြောက် ဆရာကန်တော့ပွဲအား စည်ကားသိုက်မြိုက်စွာဖြင့် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်သောကြောင့် အောက်ဖော်ပြပါ သူငယ်ချင်းများထံတွင် အလှူငွေများ ဆက်သွယ်လှူဒါန်း ပါရန် လေးစားစွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

နေ့ရက်နှင့်အချိန် - ၂၀-၁၂-၂၀၁၅ ရက်(တနင်္ဂနွေနေ့) ညနေ ၅ နာရီမှ ၈ နာရီထိ
နေရာ - စိမ်းလန်းစိုပြေမြက်ခင်းပြင်

| | | | |
|---|---|---|---|
| မဝင်းမွန်မွန်လွင် | ၀၉-၅၀၆၂၂၃၀ | ကိုစည်သူ | ၀၉-၇၉၃၅၃၅၄၂၀ |
| ကိုဖြိုးဟေမာန် | ၀၉-၅၁၆၁၂၇၆ | မတင်သူဇာဝင်း | ၀၉-၅၁၂၃၀၅၆ |
| မဥမ္မာဝင်းစံ | ၀၉-၄၂၁၀၉၀၀၃၆ | ကိုအောင်မြတ်သိန်း | ၀၉-၅၁၅၈၈၄၃ |
| ကိုရဲဝင့်စိုး | ၀၉-၇၃၁၂၈၉၈၇ | ကိုအောင်ကိုမြင့် | ၀၉-၇၉၇၀၀၆၀၈၄ |

CONNECT institute
Study in Myanmar, Graduate in America.
International Studies Program(ISP) Seminar
DATE : 11 Dececember, 2015 (Friday)
TIME : 10 - 11:30AM
LOCATION : 3A Pansodan Business Tower ပန်းဆိုးတန်းလမ်းနှင့် အနော်ရထာလမ်းထောင့်၊ ကျောက်တံတားမြို့နယ်။
09 25595 9933 နှင့် 09 25595 9944 သို့ဆက်သွယ် စုံစမ်းနိုင်ပါသည်။

**ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ**

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆)၊ မြေကွက်အမှတ်-၉၆၇/ခ၊ မြေကွက်တည်နေရာအမှတ်-၉၆၇/ခ၊ အင်းဝ(၈) လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်(ဒေါ်တင်မြ)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် မိခင် (ဒေါ်တင်မြ)၊ ဖခင် (ဦးစံလှိုင်) တို့ ကွယ်လွန်သဖြင့် ဦးမင်းအောင်[၁၂/ဥကတ(နိုင်)၁၁၁၄၇၀]၊ ဦးချစ်တင်ဦး [၁၂/ဥကတ(နိုင်)၁၃၅၂၁၇]တို့က သားများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတို့ကိုတင်ပြပြီး ၎င်းတို့အားလုံး ကိုယ်စားအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၉၁၄၈/ ၂၀၁၄)ဖြင့် ကိုယ်စားလှယ်ရသူ G.P ဒေါ်ကြည်လှ [၁၂/ဥကတ(နိုင်)၀၁၂၉၄၅]က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်း သေးကြောင်း ကျမ်းကျိန်လွှာ (၂၄/ ၂၀၁၅)တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံ သော အထောက်အထားများဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ငှားရန်**
၁၅'x ၅၀' (၂ထပ် RC) လုံးချင်း
ပြည်လမ်းမကြီးအနီး၊ စမ်းချောင်းမြို့နယ်၊
မဟာမြိုင်လမ်းမ 4AC, လိုင်းဖုံးပါသည်၊
ph: 09 4210 94202, 09 26077 6363

**အမြန်အလိုရှိသည်**
Video Clip ၃မိနစ် (သို့) ၅မိနစ်စာ အတိုများကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆို၍ Subtitle ရေးထိုးနိုင်သူ (သို့) အဖွဲ့များကို အလိုရှိသည်။
ဆက်သွယ်ရန်-ဖုန်း-၀၉-၂၆၀၀၃၀၀၀၃၊ ၀၉-၇၃၁၆၇၈၁၁

# အောင်ချက်မြင့်မားရန် အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတပို့ချ

**ဝမ်းတွင်း ဒီဇင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းနယ်တွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေးအတွက် အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ပို့ချဆွေးနွေးမှုကို ဒီဇင်ဘာ ၁ ရက် နံနက် ၉ နာရီက ဝမ်းတွင်းမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် မန္တလေးတိုင်းဒေသကြီး အစိုးရဖွဲ့ဦးဆောင်မှု၊ တိုင်းဒေသကြီး ပညာရေးမှူးတို့၏ လမ်းညွှန်ချက်အရ ဗစ်တိုးရီးယား ကိုယ်ပိုင်အထက်တန်းကျောင်းမှ ဒေါက်တာနေဝင်းနိုင်က ဆွေးနွေးပို့ချခြင်းဖြစ်သည်။

အဆိုပါဆွေးနွေးပွဲသို့ ဆရာ၊ ဆရာမများအပါအဝင် ကျောင်းသားဦးရေ ၁၀၀၀ ခန့်နှင့် ဆရာ၊ ဆရာမ ၃၅ ဦးတို့တက်ရောက်ပြီး အောင်ချက်မြင့်မားရေးဆွေးနွေးပွဲကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၂၈ မြို့နယ်တို့၌ ပြုလုပ်သွားမည်ဖြစ်သည်။ **ဗွေးလှိုင်(ဝမ်းတွင်း)**

# (၉၅)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာပြိုင်ပွဲကျင်းပ

**ဒီးမော့ဆို ဒီဇင်ဘာ ၆**

ကယားပြည်နယ် ဒီးမော့ဆိုမြို့ အခြေခံပညာအထက်တန်းကျောင်း၌ (၉၅)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အလယ်တန်းဆင့်၊ အထက်တန်းဆင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲကို ဒီဇင်ဘာ ၅ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

အလယ်တန်းဆင့် စာစီစာကုံးပြိုင်ပွဲတွင် 'အမျိုးသားနေ့ဒို့မမေ့' ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ ၁၅ ဦး၊ အထက်တန်းဆင့် စာစီစာကုံးပြိုင်ပွဲတွင် 'အမျိုးသားနေ့နှင့် နိုင်ငံသားများတာဝန်' ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ ၁၈ ဦး၊ အလယ်တန်းဆင့် ကဗျာပြိုင်ပွဲတွင် 'အစဉ်မမေ့ အမျိုးသားနေ့' ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ ခြောက်ဦး၊ အထက်တန်းဆင့် ကဗျာပြိုင်ပွဲတွင် 'မျိုးချစ်စိတ်ထက်သန် အမျိုးသားနေ့အားမာန်' ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ ၁၁ ဦး စုစုပေါင်း ၅၀ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ဆုရရှိသူများကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် ကျရောက်သော အမျိုးသားနေ့အခမ်းအနား၌ ဆုများဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် ပြန်/ဆက်**

# ကျောင်းသား၊ ကျောင်းသူများသို့ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ သရုပ်ပြဇာတ်တိုက်လေ့ကျင့်ပညာပေး

**ကော့သောင်း ဒီဇင်ဘာ ၆**

ကော့သောင်းမြို့ အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများသို့ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးဆိုင်ရာ သရုပ်ပြဇာတ်တိုက်လေ့ကျင့် အသိပညာပေးလုပ်ငန်းအဖြစ် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒီဇင်ဘာ ၄ ရက် မွန်းလွဲပိုင်းက အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါအစီအစဉ်တွင် မြန်မာနိုင်ငံတောင်ပိုင်းဒေသ မြို့တစ်မြို့ဖြစ်သည့် ကော့သောင်းမြို့သည် ပင်လယ်ဝန်းရံလျက်မုတ်သုံရာသီမုန်တိုင်းများ၊ ဆူနာမီငလျင်သဘာဝဘေးအန္တရာယ်များ၊ နွေရာသီရေရှားပါးသဖြင့် မီးဘေးအန္တရာယ်များ အခါအားလျော်စွာကျရောက်ဖြစ်ပေါ်လေ့ရှိသည့် မြို့တစ်မြို့ဖြစ်ရာ ထိုသဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အသိသတိ အစဉ်ရှိရေး ကြိုတင်ကာကွယ်ရှောင်တိမ်းနိုင်မည့် နည်းလမ်းများ၊ ငယ်ရွယ်သူ ကျောင်းသူ၊ ကျောင်းသားများ လူငယ်များဘဝတွင် မလွဲမသွေရင်ဆိုင်ကြုံတွေ့လာရပါက သိရှိနိုင်ရန် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းကာ မီးဘေးအန္တရာယ် ကျရောက်ပါက စိတ်လှုပ်ရှားမှုကင်းစွာသတိဖြင့် ကြိုတင်ငြိမ်းသတ်နိုင်သည့်နည်းလမ်းများ၊ အရေးပေါ် အသက်ကယ်ဆယ်မှုနည်းလမ်းများ၊ စူနာမီငလျင်နှင့် မုန်တိုင်းဘေးအန္တရာယ်များ ကျရောက်လာပါက အသက်အန္တရာယ်ကင်းဝေးစေရန် ရှောင်တိမ်းနိုင်မည့် နည်းလမ်းများအား သရုပ်ပြဇာတ်တိုက်လေ့ကျင့် ပညာပေးလုပ်ငန်းအဖြစ်ဆောင်ရွက်ပေးခြင်းဖြစ်သည်။ **ကျော်စိုး (ကော့သောင်း)**



# တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်း

**ကနီ ဒီဇင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ဘုတလင်-ညောင်ကန်-ကနဲ-ကနီလမ်းပေါ်ရှိ ကနဲ-ကွန်းဖျားလမ်းအပိုင်းမှ ၇ ဖာလုံနှင့် ပေ ၂၆၀ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် လမ်းဦးစီးဌာန၏ တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ရွာ၏ မြောက်ဘက်မှာ ချင်းတွင်းမြစ်ရေကြီးချိန်တွင် ရေဝင်ရောက်သည့် အင်းရှိ၍ အင်းကရေများမှာကျွန်တော်တို့ ကနဲကျေးရွာနှင့် ကွန်းဖျားကျေးရွာ ယခုကွန်ကရစ်ခင်းနေသည့် နေရာများမှ ပြန်လည်ဖြတ်သန်းစီးဆင်းသဖြင့် ရေကြီးချိန်တွင်သွားလာရန် အလွန်ခက်ခဲရပါတယ်။ အခုကွန်ကရစ်လမ်းက ကိုးလက်မဒုခင်းတော့ တော်ရုံတန်ရုံရေဆိုရင် လမ်းပေါ်မကျော်နိုင်ဘူး သွားလာဖို့အဆင်ပြေမှာဖြစ်ပါတယ်" ဟု ကနဲကျေးရွာမှ ပြည်သူတစ်ဦးက ပြောသည်။

"ဒီ ကနဲ-ကွန်းဖျားလမ်းအပိုင်းတွင် အရှည် ၇ ဖာလုံ ပေ ၂၆၀၊ အကျယ် ၁၄ပေ၊ ထုထည် ၉ လက်မရှိ ကွန်ကရစ်လမ်းကို ဟသ်ာကျော်ကြားကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်၍ ယခု ဒီဇင်ဘာလထဲတွင် အပြီးဆောင်ရွက်မှာဖြစ်ပါတယ်" ဟု လမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။**သန်းဌွေးအောင်(ကနီ)**

# ကျား-မ အခြေပြုအကြမ်းဖက်မှုဆိုင်ရာ ပညာပေးဆွေးနွေးနှီးနှောဖလှယ်ပွဲကျင်းပ

**ဗန်းမော် ဒီဇင်ဘာ ၆**

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် မင်းကုန်းရပ်ကွက် Friendship Hotel တွင် ဒီဇင်ဘာ ၂ ရက် နံက် ၉ နာရီကျော်ခန့်မှ UNFPA International Media Corps က ကျင်းပသော ကျား-မ အခြေပြုအကြမ်းဖက်တိုက်ဖျက်ရေးဆိုင်ရာ ပညာပေးဆွေးနွေးနှီးနှောဖလှယ်သင်တန်းကို ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းတွင် ကချင်ပြည်နယ်လုံးဆိုင်ရာ သတင်းမီဒီယာများ၊ စစ်ကိုင်းတိုင်း ကသာခရိုင်မီဒီယာများ အသီးသီးတက်ရောက်ပြီး သင်တန်းဆရာများဖြစ်သည် Mr.Lionel Laforgue (UNFPA) Mrs.Pamela Di Camillo (IMC)Dr.Kyaw Wai Aung Dr.Ei Khaine Zin (IMC)တို့မှ သင်ကြားပို့ချခဲ့ရာ သင်တန်းသူ၊ သင်တန်းသား ၁၆ ဦးတို့က ကျား-မအခြေပြု အကြမ်းဖက်မှုဆိုင်ရာများကို အပြန်အလှန် ဆွေးနွေးသင်ကြားခဲ့သည်။ **ခင်မောင်ဆွေ (မော်လူး)**

## မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
## တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ အသုံးမပြုတော့သည့် အောက်ဖော်ပြပါပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်သဖြင့် တင်ဒါစာအိတ်များကို ၂၉-၁၂-၂၀၁၅ ရက်၊ ၁၂:၀၀နာရီ နောက်ဆုံးထား၍ ပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်-

| စဉ် | အမှတ်စဉ် | ပစ္စည်းအမျိုးအမည် | တည်နေရာ |
|---|---|---|---|
| ၁ | ၆/၂၀၁၅ | ၆လက်မ သံပိုက်အဟောင်း(၄၃၈၀. ၁)ပေ | Depot(1)မင်္ဂလာဒုံ |
| ၂ | ၇/၂၀၁၅ | ပွန်တွန်းအဟောင်း(၈၀'×၁၈'×၇')<br>ပွန်တွန်းအဟောင်း(၈၀'×၂၀'×၇') | ခနိတောပင်မဌာနကြီး |
| ၃ | ၈/၂၀၁၅ | အဆင့်ချပြီးပီပါခွံအဟောင်း (၇၀၂၇)လုံး | ခနိတောပင်မဌာနကြီး၊ မန္တလေးပင်မဌာနကြီး၊ ချောက်ပင်မဌာနကြီး၊ ပုသိမ်ဌာနခွဲ၊ ထားဝယ်လေယာဉ်ဆီဌာနစိတ်၊ စက်သုံးဆီအရောင်းဆိုင်အမှတ်(၀၁၆၀) ဟင်းငုတ်ပင်နှင့် (၀၁၉၂)ပဲခူးမြို့ |

၂။ တင်ဒါပုံစံစည်းကမ်းချက်များကို ၇-၁၂-၂၀၁၅ရက်မှစတင်၍ ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး(က)အဆင့်၊ ခနိတောနှင့် ဤရုံးဌာနတွင် ဝယ်ယူရရှိနိုင်ပြီး အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ဖုန်းနံပါတ် ၀၆၇-၄၁၁၄၉၂၊ ၀၆၇-၄၁၁၂၈၄၊ ၀၆၇-၄၁၁၄၈၃ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

စီမံရေးဌာန၊
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်

ဦးအောင်ဝင်း
(ရွှေတံဆိပ်ဆုရှင်-လန်ဒန်)
LCCI သင်တန်းများ ခုံနံပါတ်ယူထားနိုင်ပြီ။
December - 19 (Saturday) စမည်။
LCCI
အနှစ်(၂၀)အတွေ့အကြုံကြောင့်
သင်ကြားမှုပြီးပြည့်စုံစေသည်။
အမှတ်(၂၉၀)၊ တထပ်၊ ပန်းဆိုးတန်းလမ်း(အထက်ဘလောက်)။
☎-01-371741, 240824, 381350

ရက်ကောင်း၊ အချိန်ကောင်း၊ အခါကောင်းများကို
လျှပ်တစ်ပြက် သိနိုင်ဖို့ ကွက်ကွက်ကွင်းကွင်းဖော်ပြထားတဲ့
ဆရာဦးမင်းသိန်း၏
2016 ရွှေမန်း ဗေဒင်ဒိုင်ယာရီ
'လိှုင်' စာပေ(ရန်ကုန်) 'လိှုင်' စာပေ(မန္တလေး)
ထွက်ပြီ

တရုတ်
Sayar.Yang
စကားပြောရုံပဲဆိုရင်
(တရုတ်)စာမတတ်လည်းပြောလို့ရတယ်။
ENGLISH
Conversation Practice
ပြောလို့ပြီးပြောမတတ်သူ
ပြောတတ်ပြီးပြောမထွက်သူအတွက်
စကားပြောလေ့ကျင့်သင်တန်း
Great Wall
စကားပြော ၊ စကားပြန်
TAMWE - 540714, 09 5183636
09 49 285182

၂၀၁၆ ခုနှစ်
တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့်
ကျောင်းသားကျောင်းသူများအတွက်
ထူးချွန်အောင်မှတ်ရ လမ်းညွှန်
ထွက်ပြီ
ကျောင်းသားအများဆောင်
ရွှေလက်ဆောင်
အခန်းလိုက်အနှစ်ချုပ်မှတ်စုများ
မေးခွန်း(၇)စုံနှင့်အဖြေများ
တစ်ဘာသာ တစ်အုပ်ချင်း

အရည်အသွေးမြင့်မားသော
MGC (၈) ပေါက် စက်အုတ်များကို
ဆိုဒ်များသို့အရောက်ပို့စနစ်ဖြင့်
ရောင်းချပေးနေသည်။
Ph:09 30083333,09 420076726

## ကန့်ဘလူမြို့၌မီးသတ်စခန်းသစ်ဆောက်လုပ်မှု ၆၅ရာခိုင်နှုန်းကျော်ပြီးစီး

**ကန့်ဘလူ ဒီဇင်ဘာ ၆**

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့တွင် မီးသတ်စခန်းသစ် သုံးယူနစ် နှစ်ထပ် RC (၄၅×၅၀×၂၆) ပေရှိ အဆောက်အအုံကို စက်တင်ဘာ ၁၄ ရက်က စတင်ဆောက်လုပ်ခဲ့ရာ ယနေ့ထိ ၆၅ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ဒီဇင်ဘာ ၄ ရက် ညနေ ၄ နာရီ ကမြို့နယ် အရည်အသွေးစစ်ဆေးရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် မြို့နယ်စီမံကိန်းဦးစီးအရာရှိ ဦးမျိုးမြင့်အောင်နှင့် အဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ တာဝန်ယူတည်ဆောက်နေသည့်ကုမ္ပဏီမှ တာဝန်ရှိသူများကို လုပ်ငန်းများ အချိန်မီပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းများ ပြည့်မီရေးနှင့် ဆန်းရှိတ်များထည့်ရန်၊ အုတ်စီသဲများတွင် နုန်းမြေများမပါရှိစေရန်၊ ကွန်ကရစ်ကျောက်ထုတ်လေခိုပေါက်ဖာထေးရန်တို့ကို မှာကြားခဲ့သည်။

ယခုတည်ဆောက်နေသည့် မီးသတ်စခန်းကို ရွှေဂျိုးဖြူရတနာကုမ္ပဏီက ကျပ် ၈၉ သန်းဖြင့် တင်ဒါအောင်မြင်ခဲ့ကြောင်းနှင့် ၎င်းကုန်ကျငွေများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ဒီဇင်ဘာ၌ အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးဇော်မြင့်ဟန်ထံမှသိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## မုံရွာမြို့တွင် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားကျင်းပ

**မုံရွာ ဒီဇင်ဘာ ၆**

၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမတွင် ဒီဇင်ဘာ ၃ ရက် နံနက် ၈ နာရီက ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဥပဒေချုပ် စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ ကျောင်းသား၊ ကျောင်းသူများ၊ သူနာပြုသင်တန်းကျောင်းမှ သင်တန်းသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ထံမှ ပေးပို့သောသဝဏ်လွှာအားဖတ်ကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက ၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပသော အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရ ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် မုံရွာ၊ စစ်ကိုင်းမြို့ မျက်မမြင်ကျောင်းများမှ တေးသီချင်းများကို တီးခတ်ဖျော်ဖြေကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**



## ရပ်ရွာလူထုကို အခြေခံသော ခရီးသွားလုပ်ငန်းဖွင့်လှစ်

**မြိုင် ဒီဇင်ဘာ ၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် အင်းရောင်းကျေးရွာအုပ်စု ယင်းတိုင်းတောင်ဆည်၌ ကျင်းပသည့် (Action Aid Myanmar) ၏ ရပ်ရွာလူထုကို အခြေခံသော ခရီးသွားလုပ်ငန်း (Community Based Tourism Initiative) ဖွင့်ပွဲကို နိုဝင်ဘာ ၃၀ ရက် နံနက် ၁၀နာရီက ခရီးသွားဧည့်သည်နိုင်ငံခြားသားများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး Action Aid Myanmar Country Duiector Oshihab Udin Ahmad က အမှာစကားပြောကြားရာတွင် ရပ်ရွာလူထုမှ ဦးစီးလုပ်ကိုင်မည့် မြန်မာနိုင်ငံ၏ ပထမဆုံးသော ခရီးသွားအပန်းဖြေစခန်းတစ်ခုဖြစ်ပြီး ဒေသခံများအတွက် ရေရှည်တည်တံ့နိုင်သော စိုက်ပျိုးရေးပြင်ပ အသက်မွေးဝမ်းကျောင်းမှု ရရှိစေရန် ကျေးရွာ၏ ယဉ်ကျေးမှုဓလေ့စရိုက်တို့ကို မြှင့်တင်ရန်နှင့် ခရီးသွားလာရောက်လည်ပတ်ကြသူတို့အား သဘာဝအလှအပနှင့် ကျေးရွာဓလေ့ကို ကောင်းမွန်စွာခံစားရေးတို့ကို ရည်ရွယ်၍ ဖွင့်လှစ်ကြောင်းပြောကြားခဲ့သည်။

ဆက်လက်၍ ရပ်ရွာလူထုကို အခြေခံသော ခရီးသွားလုပ်ငန်းကော်မတီများကိုယ်စား စူလီပန်းကျေးရွာမှ ဦးဆန်းထွန်းနှင့် အင်းရောင်းကျေးရွာမှ ဒေါ်ကြည်မြင့်တို့က ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ယင်းကဲ့သို့ ရပ်ရွာလူထုကို အခြေခံသော ခရီးသွားလုပ်ငန်းများ မြိုင်မြို့နယ်အတွင်း ဖွင့်လှစ်ဆောင်ရွက်၍ ရရှိသောအကျိုးအမြတ်များမှ ဒေသခံဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိခြင်း၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများကိုပါ အထောက်အပံ့များပေးပြီး လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ကျော်မြင့် (မြို့နယ်သတင်းထောက်)**

## စဉ့်ကိုင်မြို့နယ်တွင်သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းတူးဖော်

**စဉ့်ကိုင် ဒီဇင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် အနောက်ဘက်ခြမ်းရှိ ထန်းတောကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သန့်ရှင်းသောသောက်သုံးရေဖူလုံစွာရရှိရေးအတွက် စက်ရေတွင်းတူးဖော်ပေးခဲ့ကြောင်းသိရသည်။

အဆိုပါထန်းတောကျေးရွာသည် စဉ့်ကိုင်မြို့နှင့် ၆ မိုင်ကျော်ကွာဝေးသောကျေးရွာလေးဖြစ်ပြီးအိမ်ခြေ ၂၉၅ လုံးရှိရာ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေကျပ် ၉ ဒသမ ၉၅ သန်း အကုန်အကျခံကာ စက်ရေတွင်းကို လေးလက်မပိုက်ဖြင့် အနက်ပေ ၄၀၀ အထိ တူးဖော်၍ ကုန်းဘောင်ကုမ္ပဏီကတာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ကျေးရွာပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိနေပြီဖြစ်ကြောင်းဦးတင်မောင်လွင်ကပြောသည်။ **တင်တင်ထွေး(စဉ့်ကိုင်)**

ဒါန ဘုရားဖူးအဖွဲ့၏ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်
သံဝေဇနီယ နှင့် အဝိဇဟိတ ဗုဒ္ဓဌာနများ၊ နယူးဒေလီ၊ အာဂရာ တပ်ချ်မဟာ နေရာများသို့ (၁၄ ည / ၁၅ ရက်) ခရီးစဉ် 800 USD + ၅၀၀၀၀ိ/-
သံဝေဇနီယ (၄) ဌာန နှင့် ဗုဒ္ဓဌာနများ (၇ည/ ၈ရက်) ခရီးစဉ် 700 USD + ၅၀၀၀၀ိ/-
(နယူးဒေလီတွင် ဟိုတယ် ၂- ည အိပ် တည်းခိုပြီး၊ အန္တရာယ်ရှိသော ညဘက်ကားမောင်းခရီးသွားခြင်း လုံးဝမရှိပါ။)
(၁၅)ရက်ခရီးစဉ်များ - ■ ဒီဇင်ဘာ ၂၀ ■ ဇန်နဝါရီ ၃၊ ၁၇ ■ ဖေဖော်ဝါရီ ၇၊ ၁၄၊ ၂၁၊ ၂၈
■ မတ် ၆၊ ၁၃၊ ၂၀၊ ၂၇ ■ ဧပြီ ၃၊ ၁၀ (၈)ရက်ခရီးစဉ်များ - ■ ဧပြီ ၁၀
ဒါနဘုရားဖူးအဖွဲ့ - အမှတ် (၂၅)၊ အခန်းအမှတ် (၃၀၃)၊ တတိယထပ်၊ ဓါတ်လှေကား အမှတ်(၂)၊ ယုဇနစီးပွားရေးဗဟို၊ မွေ့ဇော်လမ်း၊ စမ်းချောင်း။
ဖုန်း - 536348, 537707, 537708, 09 500 1763, 09 501 3727, 09 256174414, 09 516 4664
မဇ္ဈိမဒေသသာသနာပြုအဖွဲ့ - အမှတ် (၁၃/က)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်။ ဖုန်း - 545215, 545216, 555173
မန္တလေးရုံးခွဲ-(I-6)ရတနာမန္တလေးအိမ်ရာ၊ လမ်း၆၀၊ ၃၁×၃၂ကြား၊ ပြည်ကြီးမျက်ရှင်ရပ်၊ မန္တလေး။ ဖုန်း - 09 402 64 8989, 09 5300305

OD TOUR Since 1997
● တောင်ကြီး၊အင်းလေး၊ပင်းတယ၊မွေတော်ကက္ကူ၊ထမ်စန်းလိုဏ်ဂူ(၄ည/ ၅ရက်)
● မန္တလေး(ကျောက်စိမ်းဘုရား)၊စစ်ကိုင်း၊မင်းကွန်း၊ပြင်ဦးလွင်(၄ည/ ၅ရက်)
● ပုဂံ(ရွှယ်တော်လေးဆူ)၊ပုပ္ပါး၊ပခုက္ကူ(သီဟိုဠ်ရှင်)(၄ည/ ၅ရက်)
● ထားဝယ်(ရှင်ကိုးရှင်/ ကန်ချနပူရီ)၊မောင်းမကန်(၅ည/ ၆ရက်)
● ဘားအံ၊မော်လမြိုင်၊ကျိုက္ခမီ၊စက်စဲ(၃ည/ ၄ရက်)
ချမ်းမြေ့ပျော်ရွှင် ကြည်နူးဖို့ OD Tour နှင့် ခရီးသွားကြပါစို့။
ပြည်တွင်း၊ပြည်ပ ခရီးစဉ်များအားလုံး Dec 24,26 - Jan 1 နေ့ထွက်မည်။
● ဖန်ကောက်၊အယုဒ္ဓယ၊ပတ္တရား(၅ည/ ၆ရက်) ● စင်္ကာပူ(၃ည/ ၄ရက်)
● ဗီယက်နမ်(ဟနွိုင်း၊ဟလောင်း)(၄ည/ ၅ရက်) ● ဟောင်ကောင်+မကာအို(၄ည/ ၅ရက်)
အမှတ်(၅၂)၊ကျွန်းတောလမ်း၊စမ်းချောင်း။ 01-536855, 01-504808, 09-5108087, 09-5187045

၂၀၁၆-ခုနှစ်
တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့်
ကျောင်းသားကျောင်းသူများအတွက်
ကျောင်းသားအများဆောင်
ရွှေလက်ဆောင်
ထွက်ပြီ
အခန်းလိုက် အနှစ်ချုပ်မှတ်စုများ
မေးခွန်း (၅) စုံနှင့် အဖြေများ
တစ်ဘာသာ တစ်အုပ်ချင်း

ဒဂုံမြို့သစ်
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-500 5916
09-730 97123

SEVEN စံ
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊
တောင်ပိုင်းရှိ မြေကွက်များ
ရောင်းလိုပါသလား ?
ဆဲဗင်းလ်စံ နှင့်ဆက်သွယ်လိုက်ပါ။
အိမ်အရောက်ငွေပေးချေသည်။
"ပွဲခ လုံးဝ မယူပါ"
Ph: 09 - 33 333 511
09 - 33 333 514
09 - 33 333 644

ကားကောင်းဈေးမှန် | မန္တလေး
ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။
- Light Truck,2007, Mazda Bongo 1000kg -120Lakhs (Diesel)
- Light Truck,2005,Nissan Venette1000kg -105Lakhs (Gasoline)
- Hijet Minitruck,2010,AT,AC,PS,1900KM - 85 Lakhs
- AD Van, 2010, VE,AT,PW,PS, 1.3 cc - 90 Lakhs
- Mazda Scrum Mini 2009,MT,AC,PS - 55 Lakhs
Hot Line : 09-976 457 939, 09-400 551 558, 09-731 44 588

# သာပေါင်းတွင်ပိုလီယိုကာကွယ်ဆေး ထိုးဆေးအသစ် စတင်ထည့်သွင်းထိုးနှံပေး

**သာပေါင်း ဒီဇင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့ မြို့နယ်ပြည်သူ့ဆေးရုံကြီးတွင် ဒီဇင်ဘာ ၃ ရက် နံနက် ၉ နာရီက ပိုလီယိုကာကွယ်ဆေး ထိုးဆေး အသစ်စတင်ထည့်သွင်းထိုးနှံပေးခြင်း ဖွင့်ပွဲအခမ်းအနားပြုလုပ်ခဲ့ကြောင်းသိရသည်။

အခမ်းနားတွင် မြို့နယ်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်သိန်းဦးက ယခုအခါ မြန်မာနိုင်ငံတွင် ပိုလီယိုရောဂါလုံးဝပပျောက်စေရန် ရည်ရွယ်ချက်ဖြင့် ပိုလီယိုကာကွယ်ဆေးကို အစက်ချဆေးအပြင် ထိုးဆေးကို ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ဒီဇင်ဘာလမှစတင်ပြီး အသက်လေးလအရွယ် ကလေးငယ်များကို ထိုးနှံပေးမည်ဖြစ်ပြီး ပိုလီယိုကြောင့် အကြောသေခြင်းကိုကုသရန်နည်းလမ်းမရှိကြောင်း၊ ပိုလီယိုရောဂါ ကာကွယ်ဆေးကသာ ကာကွယ်မှုပေးနိုင်သောကြောင့် လူအများအား ထိုးနှံပေးသော ကာကွယ်ဆေးများတွင် အန္တရာယ်အကင်းရှင်းဆုံး ကာကွယ်ဆေးများအနက် တစ်မျိုးဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးပြီးနောက် နေရာတွင် အနည်းငယ်နီမြန်းခြင်း၊ နာကျင်ခြင်းများသာရှိနိုင်ပြီး ပြင်းထန်သော ဘေးထွက်ဆိုးကျိုးမရှိကြောင်းနှင့် ပိုလီယိုရောဂါကာကွယ်ထိုးဆေးတွင် ပိုလီယိုရောဂါ အမျိုးအစား ၁၊ ၂၊ ၃ သုံးမျိုးစလုံးပါဝင်၍ သုံးမျိုးစလုံးတို့မှ ကာကွယ်ပေးမည်ဖြစ်ကြောင်း ရှင်းလင်း ပြောကြားပြီး ကလေးအသက် လေးလတွင် ပိုလီယိုအစက်ချကာကွယ်ဆေး၊ ငါးမျိုးစပ်ကာကွယ်ဆေးတို့အတူတွဲ၍ တစ်ပြိုင်နက်တည်း ထိုးနှံပေးကြောင်း သိရသည်။

**မျိုးဇော်ဦး (ပြန်/ဆက်)**



# ပြည်ပဝယ်လိုအားကြောင့် ငရုတ်သီးစိမ်းဈေးနှုန်းမြင့်တက်လာ ငရုတ်စိုက်တောင်သူများ အကျိုးအမြတ်ရရှိ

**မုံရွာ ဒီဇင်ဘာ ၆**

မုံရွာခရိုင်အတွင်းရှိ မြို့နယ်များတွင် စိုက်ပျိုးထုတ်လုပ်သော ငရုတ်သီးစိမ်းဈေးများ ပြည်ပဝယ်လိုအား မြင့်တက်လာမှုကြောင့် ဒီဇင်ဘာလဆန်းပိုင်းတွင် ဈေးတက်ခဲ့ကြောင်း ဒေသခံ ငရုတ်သီးစိမ်းကုန်သည်များထံမှ သိရသည်။

မုံရွာခရိုင်အတွင်းရှိ ချောင်းဦးမြို့နယ်သည် ငရုတ်သီးစိမ်းကို အများဆုံးစိုက်ပြီး အရာတော်နှင့် ဘုတလင်မြို့နယ်တို့တွင် ယခုနှစ် ငရုတ်သီးစိမ်းစိုက်ရာသီတွင် ပုံမှန်နှစ်များထက် စိုက်ပျိုးသူပိုများလာကြပြီး ပြည်တွင်းဝယ်လိုအားသာမက တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်စသည့် နိုင်ငံများမှ ဝယ်လိုအား မြင့်တက်လာမှုကြောင့် တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ချောင်းဦးမြို့နယ်မှာ နိုင်ငံခြားပို့ကုန်အဖြစ် ဖရဲသီး၊ သခွားမွှေးတွေ အစိုက်များတယ်။ အဲဒီသီးနှံတွေက ငရုတ်သီးနှံတွေထက်စာရင် ပျက်စီးဆုံးရှုံးမှုများတယ်။ ငရုတ်သီးနှံက အစိမ်းသီးဈေးကွက် ရှိတယ်။ အစိမ်းဈေးကွက်မကောင်းရင်လည်း ငရုတ်သီးခြောက် ဈေးကွက်ရှိတဲ့အတွက် တစ်ခုခုမှာတော့ ဈေးကောင်းရတယ်။ တချို့တောင်သူတွေက သခွားမွှေးအစား ငရုတ်သီးနှံကို ဒီနှစ်မှာပြောင်းစိုက်လာကြတယ်။ ပုံမှန်ဆိုရင်တော့ မုံရွာမြို့ကနေ မန္တလေး၊ ရန်ကုန်ဈေးကွက်တွေကိုပဲရောင်းရတယ်။ ဒီနှစ်မှာ ထူးထူးခြားခြား တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားဈေးကွက်တွေပေါ်လာပြီး ဈေးနှုန်းတွေမြင့်တက်လာကြတဲ့အတွက် အဆင်ပြေကြတယ်။ ဈေးနှုန်းအနေနဲ့က ငရုတ်သီးစိမ်းစပေါ်တဲ့အချိန်မှာ ကျပ် ၁၀၀၀ ဈေးပေါက်တယ်။ အထွက်များလာတော့ ကျပ် ၈၀၀ ဈေးပဲပေါက်တော့တယ်။အခု ဒီဇင်ဘာလဆန်းပိုင်းမှာတော့ နိုင်ငံခြားဝယ်လိုအားတွေ ရှိလာတဲ့အတွက် ကျပ် ၁၅၀၀ ဈေးအထိတက်သွားတယ်" ဟု ချောင်းဦးမြို့နယ် မင်းတည်ကျေးရွာမှ ငရုတ်စိုက်တောင်သူတစ်ဦးက ပြောသည်။



မုံရွာခရိုင်အတွင်းရှိ ချောင်းဦးမြို့နယ်တွင် ယခင်နှစ်က ငရုတ်စိုက်ခင်း ဧက ၈၀၀ ခန့်ရှိရာမှ ယခုနှစ် ငရုတ်သီးစိုက်ရာသီတွင်ဧက ၂၀၀၀ ကျော်အထိ တိုးချဲ့စိုက်ပျိုးခဲ့ပြီး ထွက်ရှိသော ငရုတ်သီးစိမ်းများကို မုံရွာမြို့ ပွဲရုံများမှတစ်ဆင့် ကလေး-တမူး ဈေးကွက်မှ အိန္ဒိယသို့လည်းကောင်း၊ ပခုက္ကူမြို့-မင်းဘူး-တောင်ကုတ်လမ်းမှတစ်ဆင့် ရခိုင်ပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်ဈေးကွက်သို့လည်းကောင်း၊ မန္တလေး-မူဆယ်ဈေးကွက်မှ တစ်ဆင့် တရုတ်နိုင်ငံသို့လည်းကောင်း တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ကျွန်းလှမြို့နယ်တွင် ကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်းခြင်း

**ကျွန်းလှ ဒီဇင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နိုင်ငံတော်ခွင့်ပြု ရန်ပုံငွေဖြင့် ကျွန်းလှ-ကြာတကန်-ထန်းပင်ကုန်းလမ်းအား ကျောက်ချောလမ်းခင်းလျက်ရှိကြောင်းသိရသည်။

အဆိုပါကျောက်ချောလမ်းခင်းခြင်းကို ခွင့်ပြုရန်ပုံငွေကျပ် ၁၅၁ သန်းဖြင့် အရှည် ၃ မိုင် အကျယ် ၁၂ ပေအား AFC ကုမ္ပဏီက တာဝန်ယူခင်းလျက်ရှိရာ မြို့ နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးသောင်းဟိန်းနှင့်ကော်မတီဝင်များ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးပါတို့က ဒီဇင်ဘာ ၄ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုမှာကြား ဆွေးနွေးခဲ့ကြောင်း သိရသည်။

ယင်းကျေးရွာချင်းဆက်လမ်းမှာ ကျွန်းလှမြို့နှင့် ဆက်သွယ်ထားကြောင်း၊ ယခင်က မြေသားလမ်းသာရှိပြီး မိုးရာသီတွင် သွားလာရေး ခက်ခဲကြောင်း၊ ကျောက်ချောလမ်းခင်းပြီးပါက ရာသီမရွေးသွားလာရေး လွယ်ကူမည်ဖြစ်ကြောင်း ကျေးရွာနေပြည်သူတစ်ဦးက ပြောသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

ဒီဇင်ဘာခရီးစဉ်များ
ဖန်တောက်(၆ရက်) ကမ္ဘောဒီးယား(၆ရက်)
ခင်ကာပူ(၄ရက်) ဗီယက်နမ်(၅ရက်)
လာအို(၆ရက်) ဂျပန်(၈ရက်)
ချင်းမိုင်(၆ရက်) ကိုရီးယား(၈ရက်)
ဖူးခက်(၆ရက်)
ခင်ကာပူ မလေးရှား(၇ရက်)
ဟွန်ကောင်း ဆန်ချင်း ဘာဂျန်တာ ဘာယ်လီရာ(၈ရက်)
ရွှေ ဘုန်း ပြည့်
01.566101 ,09 73060048 , 09 30043101

ကိုဝင်းနိုင် ဒေါင်းဒွန်မင်း 09425355758, 09255913926
▲ကျိုက်ထီးရိုး(နေ့စဉ်)/ချောင်းသာ(နေ့စဉ်)▲ပြည်၊ ထုံးဘို၊ အကောက်တောင်(နေ့ချင်းပြန်)(စနေ)
▲ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ ကန်ချနာပူရီ၊ အယုဒ္ဓယ၊ ပတ္တရား၊ ဖန်ကောက်(၈)ရက်→ Dec 24, Jan1
▲တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ ကက္ကူ၊ ထမ်စမ်း(၄)ရက် ▲လွိုင်ကော်ပါ(၅)ရက်
▲မန္တလေးဘုရားစုံ၊ ကျောက်စိမ်းဘုရား၊ ပြင်ဦးလွင်(၃)ရက် ▲ပုဂံ(စွယ်တော်လေးဆူ)၊ ပုပ္ပါး၊ ပခုက္ကူ၊ သီဟိုဠ်ရှင် (၃)ရက်
အဆင့်မြင့်ဟိုတယ်တည်း စားသောက်ဆိုင်ကျွေး 65000 ကားစီးလုံးငှား စီစဉ်ပေးသည်

ချမ်းမိုင်းသစ္စာ 562829,09-73198239 569782,09-450006779
ကားမျိုးစုံ စီးလုံးငှား စီစဉ်ပေးသည်။
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ(နေ့စဉ်)
ငွေဆောင်(သောကြာ)

Bureau Veritas (Thailand) Ltd နှင့် Myanmar Bureau Veritas Ltd တို့ ပူးပေါင်းစီစဉ်သည့် Awareness and Gap Analysis Training for new version of the ISO 9001 (ISO 9001:2015)သင်တန်းကို 14th December 2015 ရက်နှင့်
Awareness and Gap Analysis Training for new version of the ISO 14001 (ISO 14001:2015)သင်တန်းကို 15th December 2015 ရက်တို့တွင် ရန်ကုန်မြို့ Asia Plaza Hotel ၌ ဖွင့်လှစ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။
အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ရုံးလိပ်စာနှင့် ဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။
Myanmar Bureau Veritas Ltd.
No.189-195/11B,ပန်းဆိုးတန်း Office Tower, ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်
ဖုန်း-၀၁-၃၉၁၀၁၅၊ ၀၉-၄၅၀၀၀၇၈၁၊ ၀၉-၇၉၉၆၃၇၇၂၅

GUSTO International College
UK အသိအမှတ်ပြု ကွန်ပျူတာသိပ္ပံဘွဲ့ကို ပြည်တွင်း၌ ရယူလိုသူများအတွက်



Min Kyaw Thu UWE, Bristol (UK)
Wai Lin Aung Huddersfield University (UK)
Wai Moe Lwin UWE, Bristol (UK)
Sun Maung Oo UWE, Bristol (UK)
May Myo UWE, Bristol (UK)

◆ GUSTO ၌ ဖွင့်လှစ်ထားသော HND Diploma in Computing (UK) ကို တက်ရောက်အောင်မြင်ပြီး UK ထိပ်တန်းတက္ကသိုလ်ကြီးများ၏ နောက်ဆုံးနှစ် [BSc (Hons) Computing] သို့ တိုက်ရိုက်တက်ရောက်ခွင့် ရရှိသော ကျောင်းသူ ကျောင်းသားများအတွက် အထူးပင် ဂုဏ်ယူမိပါသည်။
◆ နောက်ဆုံးနှစ်သို့ တိုက်ရိုက်ဝင်ခွင့် ရရှိသည့်အပြင် ပညာသင်ဆု (Scholarships) များလည်း ချီးမြှင့်ခြင်းခံရပါသည်။
Why We Chose GUSTO?
● Academic Quality ကောင်းမွန်ခြင်းကြောင့် ထူးချွန်ပြောင်မြောက်သည့် ကွန်ပျူတာပညာရှင်များ မွေးထုတ်နိုင်ခဲ့သော Proven Record ရှိခြင်း။
● UK ရှိထိပ်တန်းတက္ကသိုလ်ကြီးများနှင့် Collaboration Agreement ရယူထားသော International College ဖြစ်ခြင်း။
● ဆိတ်ငြိမ်ကျယ်ဝန်းသော ကျောင်း Campus အတွင်း အကောင်းဆုံးသင်ယူမှု အတွေ့အကြုံရရှိစေရန် သင်ကြားပေးနေခြင်း။
လျှောက်ထားလိုသူများသည် ပညာအရည်အချင်းမိတ္တူ၊ ဓါတ်ပုံ (၃) ပုံ၊ မှတ်ပုံတင်မိတ္တူ တို့နှင့် တကွလာရောက်လျှောက်ထားနိုင်ပါသည်။
09 789 888 222, 09 862 8806, 01 504632
အမှတ် ၂၈၉ (ဗေ)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတံတားအနီး၊ ရန်ကုန်မြို့။
December Intake


Vietjet နဲ့အတူ အံ့ဖွယ်နတ်သမီးပုံပြင် ထဲသို့ ပျံသန်းသွားလိုက်ပါ။
လိုက်ပါစီးနင်းမည့် ခရီးသည်များအတွက် ကံစမ်းမဲကာလမှာ - ဒီဇင်ဘာလ ၁ ရက်နေ့မှ ဖေဖော်ဝါရီ ၁၅ ရက်နေ့အထိ
နေ့စဉ် ကံစမ်းခွင့်များ မိုဘိုင်းဖုန်းများ၊ နိုင်ငံတကာ ခရီးစဉ် လက်မှတ်များ၊ အပန်းဖြေစခန်း လက်မှတ်များ
ပျော်ရွှင်ချစ်ကြည်စွာပျံသန်းကြပါစို့။
vietjetAir.com
ခင်ဒေါင် ခင်ဒေါင်! ခေါင်းလောင်းတွေက ပွဲတော်ရာသီအတွက် မကြာခင်မှာ ထိုးကြမှာဖြစ်ပေမယ့် Vietjet ကတော့ စောစီးစီး စတင်ကျင်းပနေပါပြီ။ Vietjet အနေနဲ့ ထောင်ပေါင်းများစွာသော လက်ဆောင်တွေနဲ့အတူ ဝမ်းမြောက်ဖွယ်အရောင်းမြှင့်တင်ရေးအစီအစဉ်ကို ဒီအချိန်ကနေစပြီးတော့ ၂၀၁၅ ဖေဖော်ဝါရီလ ၁၅ ရက်နေ့အထိ ကျင်းပနေပါတယ်။ အားလပ်ရက်ရာသီမှာ Vietjet နဲ့ ခရီးသွားမယ်ဆိုရင် ခရီးသည်တွေအနေနဲ့ မြောက်များလှစွာသော ဂန္ထဝင်နတ်သမီးပုံပြင်တွေထဲက ဇာတ်ကောင်တွေကို Check-in ကောင်တာတွေမှာ စိတ်လှုပ်ရှားကျေနပ်ဖွယ် တွေ့ရမှာဖြစ်သလို ခရီးသည်တွေအနေနဲ့ လိုက်ပါစီးနင်းတဲ့အခါမှာ ပျော်စရာ ခံစားချက်ပေးစွမ်းနိုင်တဲ့ ပတ်ဝန်းကျင်မှာ ကံစမ်းမဲအစီအစဉ်နဲ့ စိတ်ချမ်းမြေ့ရဦးမှာဖြစ်ပါတယ်။ လိုက်ပါသူရဲ့ ဆန္ဒအတိုင်း ရယူဖို့အတွက် လှပကောင်းမွန်သည့် မိုဘိုင်းဖုန်းများ၊ နိုင်ငံတကာ ခရီးစဉ်များအတွက် အခမဲ့လက်မှတ်များ၊ နှာထရန်၊ ဒါနန်းမြို့(ဗီယက်နမ်)ရှိ ကြယ်ငါးပွင့် အပန်းဖြေစခန်း လက်မှတ်များက စောင့်ကြိုနေပါတယ်။
လုံခြုံစိတ်ချရပြီးခေတ်အမီဆုံးလေယာဉ်မှာ အထက်တန်းကျတဲ့ လေယာဉ်ထိုင်ခုံတွေနဲ့ စတိုင်လ်ကျကျပျံသန်းကြပါစို့။ အံ့ဩဖွယ်ရာဖျော်ဖြေမှုများနဲ့အတူရင်းနှီးပျူငှာတဲ့ လေယာဉ်ဝန်ထမ်းများကျွေးမွေးဧည့်ခံမယ့် အရသာရှိတဲ့ အစားအသောက်တွေကို မှာယူစားသောက်နိုင်ပါတယ်။
ကျွန်ုပ်တို့၏နေ့စဉ်ထူးခြားသည့်ပရိုမိုးရှင်းများအား www.vietjetair.com တွင်နေ့စဉ် ၁၁း၃၀ မှ ၁၃း၃၀နာရီ အတွင်းရယူ၍ Vietjet ဖြင့်ပျော်ရွှင်စွာပျံသန်းလိုက်ပါ။
Vietjet ဖို့ အချိန်ကျရောက်ပြီနော်
လက်မှတ်အရောင်းဌာနများ
Website: www.vietjetair.com
-Mobile: http://m.vietjetair.com
-Facebook: www.facebook.com/vietjetglobal
Tab "Booking"
AVIAREPS Myanmar
အခန်း ၀၃-၀၃၊ တတိယထပ်၊ လပြည့်ဝန်းပလာဇာ၊
အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း - ၉၅-၀၁၁-၂၂၃၁၂၇
ဖက်(စ်) - ၉၅ ၁ ၃၇၁ ၃၈၃
Hotline: ၀၉၉ ၆၀၇၀ ၄၈၁၈
ငွေပေးချေနိုင်သည့် နည်းလမ်း: Visa/ Master/AMEX/JCB
ဟိုချီမင်းမြို့ → ကန်တို → ဒါလတ် → နှာတရန် → ဖူကျို → ဘွန်မသွတ် → ကွေနွံ့ → ဒါနန်း → ဗင် → ဗင် → ဟိုက်ဖွန်း → ဟန္နွိုင်း → ထိုင်းလန် → စင်ကာပူ → ထိုင်ဝမ် → ကိုရီးယား → ရန်ကုန်

## "ရန်ကုန်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့"

**(၁၁) ညအိပ် (၁၂) ရက်ခရီးစဉ်အထူးဈေးနှုန်းဖြင့်ကုသိုလ်ယူပို့ဆောင်ပေးပါမည်။**

သံဝေဇနိယလေးဌာန (အိန္ဒိယ၊ နီပေါ) ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် (၁၁) ညအိပ် (၁၂) ရက်ခရီးစဉ်ကို ဆရာတော်/သံဃာတော်များ၊ဆရာကြီး/ဆရာလေးများအားဦးစားပေး၍အထူးဈေးနှုန်းဖြင့် (၆ . ၁ . ၂၀၁၆) ရက်နေ့နှင့် (၂၅ . ၁ . ၂၀၁၆) ရက်နေ့တို့တွင်ကုသိုလ်ယူပို့ဆောင်ပေးရန်စီစဉ်ထားပါသဖြင့်ဘုရားဖူးသွားလိုသောရပ်နီးရပ်ဝေးမှမိတ်ဆွေများအနေဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါကြောင်းနှိုးဆော်အပ်ပါသည်။

(၁၄) ညအိပ် (၁၅) ရက်ခရီးစဉ်များနှင့် မိသားစုလိုက်၊ အသင်းအဖွဲ့လိုက်ဗုဒ္ဓဂယာဘုရားဖူးသွားလိုပါက စိတ်အေးချမ်းသာစွာ ဘုရားဖူးနိုင်ရန်စီစဉ်ထားပါသည်။

**ဆက်သွယ်ရန် - အမှတ် (၄၄)၊ လမ်းသစ်လမ်း(မော်တင်လမ်း)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**
**☎ - 211944, 211955, 225915, 225989, 222720, 229315, 227702, 227703.**

---

## NEW MOTION Travels & Tours

New Motion

အနားယူ အပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်။

**ခွေ့လျှားသစ်လွင် ခရီးစဉ်**

- ☆ တောင်ကြီးခရီးစဉ် (တောင်ကြီး (မွေတော်ဘုရား)၊ အင်းလေး၊ ပင်းတယ၊ ကလော) - Dec 24
- ☆ မန္တလေးခရီးစဉ် (မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မင်းကွန်း၊ ကျောက်စိမ်းဘုရား) - Dec 24
- ☆ ပုဂံခရီးစဉ် (ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ) - Dec 24

အမှတ်-16၊ ကျွန်းတောလမ်း၊ စမ်းချောင်း။ Ph; 527 922, 538 811, 09 492 529 11, 09 492 529 22, 09 731 489 22

---

## AMAZING DREAMS TRAVELS & TOURS

ခရီးစဉ်များကို 2+1 VIP ကားနှင့် 3* Hotel သာအသုံးပြုပါသည်

- ဂုတ်ထိပ်ထံတား - ဒီးဗုတ်ရေပြာဆိုင် - ကျောက်စိမ်းစေတီ Dec 11 , Jan 1
- လှိုင်ကော် - ဗီမောဆို Dec 11 , Jan 1
- ပုပ္ပါး - ပုဂံ (စွယ်တော်လေးဆူ) Dec 11 , Jan 1
- မှုဆယ် - ရွှေလီ Dec 24
- တောင်ကြီး - အင်းလေး - ပင်းတယ Dec 26
- ပုပ္ပါး - ပုဂံ - မန္တလေး - ပြင်ဦးလွင် Dec 25
- ထားဝယ် - မောင်းမကန် - ကန်ချေနာဘုရား Dec 24

အမှတ်(၈၈)၊ ဗဟိုလမ်း၊ စမ်းချောင်း၊ ရန်ကုန်၊ ဖုန်း - 01 534072 , 01 2302068 , 09 5113271

---

## မြေကွက်များဝယ်လိုပါသည်

ဒဂုံအရှေ့၊ ဒဂုံတောင်၊ ဒဂုံဆိပ်ကမ်းမြို့နယ်များရှိ မြေကွက်များ ဝယ်လိုပါသည်။

ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။

ဖုန်း-၀၉-၂၆၀၆၆၄၄၈၀၊
၀၉-၂၆၀၆၆၄၄၉၀

---

## မြောက်ဥက္ကလာပ အထက(၄)စံပြ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၄)စံပြအခြေခံပညာ အထက်တန်းကျောင်း၌ ၁၉၆၆ခုနှစ်မှ ၁၉၈၁ခုနှစ်အတွင်း သုံးနှစ် ဆက်တိုက် တာဝန်ထမ်းဆောင်ခဲ့ကြသော ကျောင်းအုပ်ဆရာ၊ ဆရာမကြီး နှင့် ဆရာ၊ ဆရာမများအား (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာလ ၂၀ရက်၊ (တနင်္ဂနွေနေ့) နံနက် ၈ နာရီ အဆိုပါကျောင်း ရတနာ ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ဂါရဝပြုနိုင်ပါသည်။

---

## ထွက်ပြီ




